# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ နယုန်လပြည့်ကျော် (၉)ရက် ၊ ကြာသပတေးနေ့ ၊ (19-6-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၀၅၀)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထား ဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏လူမှုစီးပွားဘဝမြင့်မားရေးဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကျောက်မီးသွေးအခြောက်ခံစက်တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးပါက လက်ရှိဓာတ်အားပေးစက် နှစ်လုံးမှ ဓာတ်အားမဂ္ဂါဝပ် ၉၀ ထုတ်လုပ်ပေးလျက်ရှိရာမှ မဂ္ဂါဝပ် ၁၂၀ သို့ တိုးမြှင့်၍ ဓာတ်အားထုတ်လုပ်သွားနိုင်မည်ဖြစ်



**နေပြည်တော် ဇွန် ၁၈**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်ရှိ တီကျစ်ကျောက်မီးသွေးသုံးရေနွေးငွေ့ဓာတ်အားပေးစက်ရုံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး စက်ရုံအစည်းအဝေးခန်းမတွင်

**စာမျက်နှာ ၁၆ ကော်လံ ၁**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရမည့် Grade 12 ကျောင်းသား၊ ကျောင်းသူများ သင်္ချာဘာသာရပ် ဆက်လက်ဖြေဆို



ပြန်လည်ကျင်းပသည့် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲကို လာရောက်ဖြေဆိုကြသည့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၁၈**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သော ပညာတတ်အရင်းအမြစ်များ ပေါ်ကြွယ်ဝရေးအတွက် မျိုးဆက်သစ်ကျောင်းသား လူငယ်များ၏ ပညာရေးကဏ္ဍတိုးတက်မြင့်မားရေးကို အဓိကထားအလေးပေးဆောင်ရွက်လျက် ရှိသည်နှင့်အညီ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရမည့် နေပြည်တော်ကောင်စီနယ်မြေ၊

**စာမျက်နှာ ၁၇ ကော်လံ ၁** ❑


**Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။**

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း

လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊

ဈေးဝယ်ခြင်း ၊Internet Bill ပေးဆောင်ခြင်း၊

Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊

ပြည်ပငွေလွှဲ( ထိုင်း )၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊

E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊

အငြိမ်းစားလစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို

ဘဏ်သို့ သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။


Myanmar MOBILE MONEY

anywhere anytime anyone

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆



ရတနာပုံ
၂၀၂၅ ခုနှစ် ဇွန် ၁၉ ရက်
အယ်ဒီတာ့အာဘော်

# ပညာရည်မြင့်မားရေး ဘက်ပေါင်းစုံက ဝိုင်းဝန်းဆောင်ရွက်ပေး

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည် ပညာတတ်အရင်းအမြစ်များ ပေါများခြင်းပင်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသည့် ပညာတတ်များဖြင့် သာယာဝပြောသည့် အနာဂတ်နိုင်ငံတော်ကြီးကို တည်ဆောက်ရန် ဦးတည်ဆောင်ရွက်လျက်ရှိနေပြီး အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ်တိုးတက်ဖြစ်ပေါ်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် မန္တလေးတက္ကသိုလ်ပင်မဆောင် ပြိုကျပျက်စီးခဲ့သည့်အပြင် နောက်ဆက်တွဲမီးလောင်မှုဖြစ်ပေါ်ခဲ့သဖြင့် ၂၀၂၄-၂၀၂၅ တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။ ထို့ကြောင့် စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအဆင်ပြေချောမွေ့စွာ စာမေးပွဲများဖြေဆိုနိုင်ရန် ဧပြီ ၂၈ ရက်မှစတင်ကာ သတ်မှတ်ထားသည့်မြို့နယ်များရှိ ကျောင်းများ၌ လေ့ကျင့်သင်ကြားရေးစခန်း(Camp)များဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးခဲ့ပြီး တက္ကသိုလ်ဝင်စာမေးပွဲများကို ဇွန် ၁၆ ရက်မှ ၂၁ ရက်ထိ ပြန်လည်ကျင်းပစစ်ဆေးသွားမည်ဖြစ်ကြောင်း ကြေညာထားပြီး လက်ရှိတွင် သချာင်္ဘာသာရပ်ထိပင် အေးချမ်းစွာဖြေဆိုလျက်ရှိကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပြင်ဦးလွင်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းစုံညီခန်းမ၌ ဆရာ၊ ဆရာမများကို တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် **"ကလေးငယ်များကို မိဘများအနေဖြင့်သွန်သင်ဆုံးမပေးမှုများရှိသကဲ့သို့ ဆရာ၊ ဆရာမများကလည်း သွန်သင်ပေးမှုများရှိကြောင်း၊ ငယ်စဉ်ကလေးဘဝတွင် ကျောင်းတက်ရသည့်အချိန်များသဖြင့် ဆရာ၊ ဆရာမများ၏ သွန်သင်ဆုံးမပေးမှုကိုပိုမိုရရှိကြကြောင်း၊ ကျောင်းလုံးဝ မနေဖူးသူများအနေဖြင့် ဆရာ၊ ဆရာမများ၏ သွန်သင်မှုအောက်တွင် နေခဲ့ရခြင်းမရှိခဲ့ကြောင်း၊ အတန်းပညာသင်ကြားပေးရမည်ဖြစ်သကဲ့သို့ စိတ်ဓာတ်၊စည်းကမ်းကောင်းမွန်ရေး၊ တိုင်းချစ်ပြည်ချစ်စိတ်နှင့် မျိုးချစ်စိတ်ဓာတ်များမြင့်မားစေရေးတို့အတွက်လည်း ဆရာ၊ ဆရာမများအနေဖြင့် စနစ်တကျလေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ စိတ်ဓာတ်စည်းကမ်းကောင်းမွန်ရေး၊ အမျိုးသားရေးစိတ်ဓာတ်မြင့်မားရေးသည် အဓိကအရေးကြီးကြောင်း"**ထည့်သွင်းပြောကြားခဲ့သည်။

သို့ရာတွင် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များသည် နိုင်ငံ့မျိုးဆက်သစ်ကလေးငယ်များ၏ ပညာရေးတိုးတက်မြင့်မားလာမည်ကို မနာလိုမရှုစိတ်ဖြင့် အခြေခံပညာစာသင်ကျောင်းများ ဖွင့်လှစ်သင်ကြားနေမှုကို နှောင့်ယှက်ဖျက်ဆီးခြင်း၊ ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် စာရေးကိရိယာများအား လုယက်ယူဆောင်ဖျက်ဆီးခြင်း၊ ပညာရေးဝန်ထမ်းများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများကို ခြိမ်းခြောက်စာများပေးပို့ခြင်း၊ ခြိမ်းခြောက်ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာအဆောက်အအုံများကို မိုင်းထောင်ဖောက်ခွဲခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်၍ မိုက်တွင်းနက်လျက်ရှိသည်။

မိမိတို့နိုင်ငံတွင် ဖြစ်ပွားလျက်ရှိသည့် မတည်မငြိမ်မှုများနှင့်အကြမ်းဖက်မှုဖြစ်စဉ်များကို ကြည့်မည်ဆိုပါက ပညာရေးအားနည်းသည့်ဒေသများ၌ပိုမိုဖြစ်ပွားသည်ကို တွေ့ရှိရမည်ဖြစ်သည်။ အတန်းပညာတတ်မြောက်မှုအားနည်းခြင်း၊ သိမြင်တွေးခေါ်နိုင်မှုအားနည်းခြင်းတို့ကြောင့် အကြမ်းဖက်မှုလုပ်ရပ်များကို လုပ်ဆောင်လာကြခြင်းဖြစ်ပြီး ဒေသနှင့်ဒေသခံများ၏ လူမှုစီးပွားဘဝများကိုပါ ထိခိုက်လာစေပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်အနေဖြင့်လည်း ပညာရေးကို ဘက်ပေါင်းစုံမှ အားပေးမြှင့်တင်လျက်ရှိသည့်အပြင် တစ်နိုင်ငံလုံး ပညာရည်မြင့်မားရေးအတွက် ဦးတည်ချက်များချမှတ်၍ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့ကြောင့် မိဘများသာမက ဆရာ၊ ဆရာမများအနေဖြင့်လည်း ကျောင်းသား၊ ကျောင်းသူများ ပညာရည်မြင့်မားရေးအတွက် ဘက်ပေါင်းစုံက တတ်အားသရွေ့ဝိုင်းဝန်းဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

# မင်းကင်းမြို့နယ်တွင် မိုးမြေပဲ ၂၁၅၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မင်းကင်း ဇွန် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၁၅၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မင်းကင်းမြို့နယ်တွင် မြေပဲ ၅၉၀၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၁၅၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မင်းကင်းမြို့နယ်အတွင်း မြေပဲ ဧက ၅၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းယူခြင်းလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ပုသိမ်ကြီးမြို့နယ်တွင် ၂၀၂၅ ခုနှစ် ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ



**မန္တလေး ဇွန် ၁၈**

၂၀၂၅ ခုနှစ် ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၁၇ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ရှိ အစိုးရနည်းပညာကောလိပ်ဝင်းအတွင်းကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်မှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုများ တက်ရောက်ကြကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဇွန် ၁၇ ရက်တွင် ကျရောက်သည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ်စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ကျင်းပခြင်းဖြစ်ပါကြောင်း၊ သဲကန္တာရဖြစ်ထွန်းနိုင်သည့်အခြေအနေများကိုကာကွယ်တားဆီးနိုင်ရေး၊ ဒေသတွင်း စိမ်းလန်းစိုပြည်ရေးနှင့် သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေးလုပ်ငန်းများကို တစ်ဦးချင်းမှစ၍ အစုအဖွဲ့အလိုက်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့ပြဒေသအလိုက် ဒေသခံပြည်သူလူထုအားလုံး တက်ကြွစွာစုပေါင်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဆောင်၍ သတ်မှတ်နေရာတွင် အရိပ်ရအပင်ကို စတင်စိုက်ပျိုးပေးပြီး တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တက်ရောက်လာကြသူများက သတ်မှတ်နေရာအသီးသီးတွင် အတူတကွသစ်ပင်စိုက်ပျိုးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် အရိပ်ရပင်များကို တပျော်တပါးစိုက်ပျိုးနေမှုများ၊ ၂၀၂၅ ခုနှစ် ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြသထားသည့် ပိုစတာများကို ကြည့်ရှုအားပေးခဲ့သည်။

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် တမာ၊ ခရေ၊ ငုရွှေဝါ၊ သပြေဘူတ၊ စန္ဒကူး၊ ပိတောက်၊ ရင်းမာ၊ မည်စည်၊ စိန်ပန်း၊ မဲဇလီ၊ မန်ကျည်း၊ အာဆီယံသပြေ၊ ဝါး၊ မဟော်ဂနီ စသည့်ပျိုးပင်ပေါင်း ၈၇၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငရုတ်သီးခြောက်ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဝါးခယ်မ ဇွန် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့မေလအတွင်း ငရုတ်သီးခြောက် ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဝါးခယ်မမြို့နယ်လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမိုးက ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ငရုတ်သီးခြောက် ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း ငရုတ်သီးခြောက်ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊အဆိုပါဒေသမှ တင်ပို့ရောင်းချခဲ့သည့် ငရုတ်သီးခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၈၉၀၀၀ ဈေးပေါက်ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ မေလအတွင်း ဝါးခယ်မမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ငရုတ်သီးခြောက် ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသလယ်ယာထွက်ကုန်တွေကို ဧရာဝတီတိုင်းဒေသကြီးထဲက မြို့နယ်တွေအပြင် ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ ဝါးခယ်မမြို့နယ်က ထွက်တဲ့ ဒေသထွက်ငရုတ်သီးတွေက အရည်အသွေးကောင်းပါတယ်။ ငရုတ်သီးက အရည်အသွေးကောင်းတော့ မှာယူတာတွေကလဲ များနေပါတယ်''ဟု ဝါးခယ်မမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမိုးက ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ငရုတ်သီးစိုက်ပျိုးသည့်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း၊ ထိုသို့ ငရုတ်သီးခြောက်များ တင်ပို့ရောင်းချအားတက်လာခြင်း၊ ငရုတ်အရည်အသွေးကောင်းခြင်းကြောင့် တောင်သူများ၊လုပ်သားများ၊ ကုန်သည်များ၊ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ အလုပ်အကိုင်အခွင့်အလမ်း ရရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင် ရတနာပုံရေကူးကန်ဝင်း၌ ဆောက်လုပ်ထားသည့် ယာယီအိမ်ရာအဆောက်အအုံများ လွှဲပြောင်းအပ်နှံခြင်းအခမ်းအနားသို့တက်ရောက်



**မန္တလေး ဇွန် ၁၈**

မန္တလေးမြို့ အောင်မြေသာစံခရိုင် အောင်မြေသာစံမြို့နယ်ရှိ ရတနာပုံရေကူးကန်ဝင်း၌ ဆောက်လုပ်ထားသည့် ယာယီအိမ်ရာ အဆောက်အအုံများ လှူဒါန်းလွှဲပြောင်းအပ်နှံခြင်းအခမ်းအနားကို ဇွန် ၁၇ ရက် နံနက်ပိုင်းက အဆိုပါနေရာ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ Mega Thirty Nine Development Co.,Ltd မှ တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အရာထမ်း၊ အမှုထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မန္တလေးလျှင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် တိုင်းဒေသကြီးအတွင်း မြို့နယ်များအလိုက် ပျက်စီးဆုံးရှုံးခဲ့သည့် အဆောက်အအုံများ၊ နေအိမ်များကို ပြည်တွင်း၊ ပြည်ပအလှူရှင်များ၊ ဌာနဆိုင်ရာများ ဝိုင်းဝန်းပူးပေါင်းကာ ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက်ဆောင်ရွက်နေကြောင်း၊ ယခုလို ဆောက်လုပ်လှူဒါန်း ထောက်ပံ့ပေးမှုအပေါ် အလှူရှင်များကို ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့နောက် Mega Thirty Nine Development Co.,Ltd မှ တာဝန်ရှိသူတစ်ဦးက ယာယီအိမ်ရာ အဆောက်အအုံများ ဆောက်လုပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့ စည်ပင်သာယာရေး ဝန်ကြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းထံသို့ ယာယီအိမ်ရာအဆောက်အအုံနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများကို Mega Thirty Nine Development Co.,Ltd မှ တာဝန်ရှိသူတစ်ဦးက လွှဲပြောင်းအပ်နှံပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အဆောက်အအုံများကို လိုက်လံကြည့်ရှုခဲ့သည်။

ယနေ့ စုစုပေါင်းငွေကျပ်သိန်း ၄၂၈၀ တန်ဖိုးရှိ ဆောက်လုပ်လှူဒါန်းပံ့ပိုးပေးအပ်မှုတွင် ၁၅ ပေနှင့် ၁၀ ပေရှိ အခန်းငါးခန်းပါ အဆောက်တစ်ဆောင်လျှင်ငွေကျပ်သိန်း ၁၂၀ နှုန်းဖြင့် အဆောင်အလုံး ၃၀၊ ယာယီအိမ်သာ တစ်လုံးလျှင် ငွေကျပ် ၂၄ သိန်းနှုန်းဖြင့် အလုံး ၂၀၊ ငွေကျပ် သိန်း ၂၀၀ တန်ဖိုးရှိ တစ်ရက်လျှင် လီတာ ၅၀ ကျရေသန့်စက် တစ်လုံးတို့အပြင် အခြား လူသုံးကုန်ပစ္စည်းများကိုလည်း ပံ့ပိုးပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၇၇၈၅ ဧကထိ စိုက်ပျိုးပြီးစီးဖြစ်

**ရွှေဘို ဇွန် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၇၇၈၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၇၁၅၂ ဧကနှင့် ဖူးစားပြောင်း ၁၀၁၆ ဧက စုစုပေါင်း ၈၁၆၈ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ်ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ဧက ၅၈၆၀ နှင့် ဖူးစားပြောင်း ၁၉၂၅ ဧက စုစုပေါင်း ၇၇၈၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်းဧက ၈၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၇၇၈၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့နဲ့ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်" ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း သီးနှံစိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်း တစ်ဧကလျှင် တင်း ၅၀ ကျော်ထွက်ရှိပြီး တစ်ဧက စိုက်ပျိုးပါက ငွေကျပ် ငါးသိန်း ကုန်ကျပြီး ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ခန့်ထွက်ရှိကာ တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းကျော်ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ပြောင်းသီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ပြောင်းသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျောက်ဆည်မြို့နယ် ဒွေးလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) လုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ကျောက်ဆည် ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒွေးလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ ) လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်မြတ်ဆုအောင်နှင့် တာဝန်ရှိသူများက ဒွေးလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေဖြင့် ဆီထွက်သီးနှံ နေကြာစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါ ဒွေးလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စီမံကိန်းရန်ပုံငွေကျပ် သိန်း ၂၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၄၉ ဦးကို ငွေကျပ် ၂၂၅ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ကျော်ဦး**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဇွန် ၁၈**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြင့်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်ရေ ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် မေလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင် အိတ်ရေ ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် ဆန်ကွဲများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှု အားကောင်းလျက်ရှိကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်ကနေ ဆန်ကွဲတွေကို ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချပါတယ်။ ဒီဘက်က ဆန်ကွဲအိတ်တွေကို ကုန်တင်ကားတွေနဲ့ တင်ပို့ရောင်းချတာများပါတယ်။ ဒီဒေသကထွက်ရှိတဲ့ ဆန်ကွဲတွေကို မေလပထမပတ်လောက်ကနေစတင်ပြီး ဝယ်လိုအား သိသိသာသာတက်ခဲ့တာဖြစ်ပါတယ်။ ဒီဒေသက ထွက်ရှိတဲ့ ဆန်ကွဲတွေအပါအဝင် လယ်ယာထွက်ကုန်တွေက အရည်အသွေးကောင်းမွန်တာကြောင့် ရန်ကုန်ဈေးကွက်က ကုန်အမှာတွေတက်နေတာ ဖြစ်ပါတယ်။ ဆန်ကွဲတွေကို ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တွေက အဆက်မပြတ်တင်ပို့ရောင်းချနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမြင့်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဆန်ကွဲ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဆန်ကွဲများ တင်ပို့ရောင်းချအားကောင်းလာခြင်းကြောင့် ဆန်စပါးရောင်းဝယ်ရေးကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဘားမဲ့ဆရာတော်ပြုစုသော အင်းဝမြို့တည်နန်းတည်စာတမ်း

ဗိုလ်ရှိတ်(ရတနာပူရ)

အင်းဝမြို့ကို မင်းလေးပါးက လေးကြိမ်လေးခါ တိတိ ပြန်၍တည်ခဲ့သည်။ ထိုမင်းလေးပါးမှာ သတိုးမင်းဖျား၊ ညောင်ရမ်းမင်း၊ ဆင်ဖြူရှင် မြေဒူးမင်း၊ ဘကြီးတော်စစ်ကိုင်းမင်းတို့ဖြစ်သည်။

**သတိုးမင်းဖျား**

အင်းဝမြို့ကို ပထမဆုံးတည်ခဲ့သူမှာ သတိုးမင်းဖျားဖြစ်သည်။ သက္ကရာဇ် ၇၂၆ ခုနှစ် တပေါင်းလဆန်း ၆ ရက် အင်္ဂါနေ့ (၁၃၆၅ ခုနှစ် ဇန်နဝါရီ ၂၆) တွင် အင်းဝမြို့ကို တည်ခဲ့သည်။ မြို့နန်းကို ခုနစ်လနှင့်အပြီးတည်၍ မြို့ကို ရတနာပူရမြို့၊ နန်းကို ရွှေဘုံသာနန်းဟု ကမ္ပည်းတင်ခဲ့သည်။ ရတနာပူရဟူသောအမည်သည်လောကီလောကုတ်နှစ်ဖြာသော ရတနာများဖြင့် ပြည့်စုံသောမြို့ဟု အဓိပ္ပာယ်ရ၏။

သတိုးမင်းဖျားတည်ခဲ့သောမြို့သည် စတည်ခဲ့သော ၇၂၆ ခုနှစ် (၁၃၆၅) မှစ၍ မင်းရဲကျော်စွာ စိုးစံခဲ့သော သက္ကရာဇ် ၉၅၅ ခုနှစ် (၁၅၉၃) ထိ နှစ်ပေါင်း ၂၂၉ နှစ်မျှ ကြာမြင့်ခဲ့သည်။ ထိုအတောအတွင်း မင်း ၁၇ ပါး၊ ဘုရင်ခံ သုံးပါး စုစုပေါင်းမင်းဆက် ၂၀ စိုးစံခဲ့သည်။ သတိုးမင်းဖျား တည်ထောင်ခဲ့သောခေတ်ကို ပထမအင်းဝခေတ်ဟူ၍ ခွဲခြားသတ်မှတ်ကြသည်။

**ညောင်ရမ်းမင်း**

အင်းဝမြို့ကို ဒုတိယအကြိမ် တည်ထောင်ခဲ့သောမင်းမှာ ဘုရင့်နောင်မင်းတရားကြီးနှင့် မိဖုရားခင်ပြည့်စုံတို့မှမွေးဖွားသော ညောင်ရမ်းမင်းတရားကြီးဖြစ်သည်။ ညောင်ရမ်းမင်းတရားကြီးသည် သက္ကရာဇ် ၉၅၉ ခုနှစ် (၁၅၉၇) နှစ်ကတည်းက လက်နက်လူသူအင်အားစုစည်းပြီး သက္ကရာဇ် ၉၆၀ ပြည့်နှစ် ဝါဆိုလပြည့်ကျော် ၉ ရက် ကြာသပတေးနေ့ (၁၅၉၈ ခုနှစ်၊ ဇန်နဝါရီ ၁၇) တွင် ရွှေနန်းတော်၊ နန်းမြို့၊ ရွှေစည်းခုံ၊ ဂူတော်သစ်၊ တံခါး စသည့်ငါးပါး ကို တစ်ချိန်တည်းစ၍ တည်ခဲ့သည်။ ရတနာပူရဟူသောအမည်ကိုသိမ်း၍ ရွှေဝမြို့ကြီးဟု ကမ္ပည်းတင်ခဲ့သည်။

ညောင်ရမ်းမင်းတည်ထောင်ခဲ့သော အင်းဝမြို့သည် မဟာဓမ္မရာဇာဓိပတိလက်ထက် အင်းဝပျက်သည့် သက္ကရာဇ် ၁၁၁၃ ခုနှစ် (၁၇၅၁) ထိ မြို့သက် ၁၅၃ နှစ်မျှကြာမြင့်ခဲ့သည်။ ညောင်ရမ်းခေတ်တွင် မင်း ၁၀ ဆက် စိုးစံခဲ့သည်။ ညောင်ရမ်းမင်းတရားကြီးသည် အင်းဝမြို့ကို ဒုတိယအကြိမ် ပြန်လည်တည်ထောင်ခဲ့သောကြောင့် ထိုခေတ်ကို ဒုတိယအင်းဝခေတ်ဟူ၍လည်းကောင်း၊ ညောင်ရမ်း မင်းတရားကြီး၏ ဆွေစဉ်၊ မျိုးဆက်များ စိုးစံခဲ့သောကြောင့် စတည်ထောင်သူ ညောင်ရမ်းမင်းတရားကြီးကိုအစွဲပြုပြီး ညောင်ရမ်းခေတ်ဟူ၍လည်းကောင်း သတ်မှတ်ခေါ်ဆိုကြသည်။

**ဆင်ဖြူရှင်မြေဒူးမင်း**

အင်းဝမြို့ကိုတတိယအကြိမ်တည်ထောင်ခဲ့သောမင်းမှာ အလောင်းမင်းတရားကြီး၏ ဒုတိယသားတော် ဆင်ဖြူရှင်မြေဒူးမင်းဖြစ်သည်။ ဆင်ဖြူရှင်မြေဒူးမင်းသည် အင်းဝမြို့ကို သက္ကရာဇ် ၁၁၂၅ ခုနှစ် တန်ခူးလဆန်း ၁၁ ရက်၊ ည ၂ ချက်တီးကျော်၊ အင်္ဂါနေ့အဝင် (၁၇၆၄ ခုနှစ်၊ မတ် ၁၄ ရက်) တွင် အင်းဝမြို့ကိုတည်ခဲ့သည်။ ၁၁၂၇ ခုနှစ် နှောင်းတန်ခူးလဆန်း ၁၁ ရက် ကြာသပတေးနေ့ (၁၇၆၆ ခုနှစ် မတ် ၂၁ ရက်) တွင် ရွှေဘိုမှ အင်းဝမြို့တော်သို့ ပြောင်းရွှေ့စံတော်မူသည်။ ၁၁၂၉ ခုနှစ် တပို့တွဲလပြည့်ကျော် ၈ ရက် (၁၇၆၈ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်) တွင် အပြင်မြို့ကြီးကို တိုးချဲ့၍တည်ခဲ့သည်။ ဆင်ဖြူရှင်မြေဒူးမင်းသည် အင်းဝမြို့ကို တတိယအကြိမ် ပြန်လည်တည်ထောင်ခဲ့သော မင်းဖြစ်သောကြောင့် ရတနာပူရတတိယမြို့တည်နန်းတည်မင်းတရားကြီးအဖြစ် မှတ်တမ်းတင်ကြသည်။ ဆင်ဖြူရှင်မြေဒူးမင်းတည်ခဲ့သော အင်းဝမြို့တွင် ဆင်ဖြူရှင်မြေဒူးမင်းနှင့် သားတော်စဉ့်ကူးမင်းတို့သာ စိုးစံခဲ့သည်။ ဘိုးတော်ဗဒုံမင်းလက်ထက်တွင် အင်းဝမှ အမရပူရမြို့သို့ ပြောင်းရွှေ့၍ သွားခဲ့သည်။

**ဘကြီးတော်စစ်ကိုင်းမင်း**

အင်းဝမြို့ကို စတုတ္ထအကြိမ် ပြန်၍တည်ခဲ့သောမင်းမှာ ဘိုးတော်ဗဒုံမင်း၏မြေးတော် ဘကြီးတော်စစ်ကိုင်းမင်းဖြစ်သည်။ ၁၁၈၃ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၃ ရက်၊ တနင်္ဂနွေနေ့ (၁၈၂၁ ခုနှစ် ဇွန် ၁၇ ရက်)တွင် အင်းဝမြို့ကိုတည်ခဲ့သည်။ မြို့၊ နန်း အလုံးစုံပြီးပြေသောအခါတွင် နန်းမြို့တော်အမည်ကို အောင်ချာပူရ၊ ရွှေနန်းတော်အမည်ကို မြတ်နန်းအောင်ချာဟူ၍ ကမ္ပည်းတင်ကာ ၁၁၈၅ ခုနှစ် တပေါင်းလပြည့်ကျော် ၁ ရက် အင်္ဂါနေ့ (၁၈၂၄ ခုနှစ် မတ် ၁၅ ရက်) တွင် မြို့နန်းကို တက်သိမ်းစိုးစံတော်မူခဲ့သည်။ ဘကြီးတော်စစ်ကိုင်းမင်းသည် အင်းဝမြို့ကို စတုတ္ထအကြိမ် ပြန်လည်တည်ထောင်ခဲ့သော မင်းဖြစ်သောကြောင့် ဘကြီးတော် စစ်ကိုင်းမင်းကို ရတနာပူရ စတုတ္ထမြို့တည် နန်းတည်မင်းအဖြစ် မှတ်တမ်းတင်ကြသည်။ ဘကြီးတော်စစ်ကိုင်းမင်း တည်ထောင်ခဲ့သော အင်းဝမြို့တွင် ဘကြီးတော်စစ်ကိုင်းမင်း တစ်ဦးတည်းသာ စိုးစံခဲ့သည်။ ညီတော် သာယာဝတီမင်းလက်ထက်တွင် အင်းဝမြို့မှ အမရပူရမြို့သို့ ပြောင်းရွှေ့စိုးစံခဲ့သည်။

**ရတနာပူရရွှေဝပြည်ကြီးသမိုင်းစာဟောင်းကျမ်း**

စာရေးသူသည် အင်းဝမြို့တည်၊ နန်းတည် အကြောင်းအရာများနှင့်စပ်လျဉ်း၍ ရှေးပေ၊ ပုရပိုက်မူဖြင့်ရှိနေသော ကျမ်းဟောင်းများကို ဘယ်နေရာရောက်ရောက် အမြဲရှာတစိုက်ရှာဖွေခဲ့သည်။ ရန်ကုန်တက္ကသိုလ်များဗဟိုစာကြည့်တိုက်(UCL)သို့ရောက်သောအခါတွင်လည်း အင်းဝမြို့တည် နန်းတည် အကြောင်းအရာနှင့်စပ်လျဉ်း၍ရှာဖွေရာ ရတနာပူရရွှေဝပြည်ကြီးသမိုင်းဟောင်းဟူသောကျမ်းတစ်စောင်ကို တွေ့ရသည်။ ကျမ်းမှ က အစ စားအဆုံး ခြောက်အင်္ဂါတိတိရှိသောပေမူမှ ကူးယူထားသည့် လက်ရေးမူဖြစ်သည်။ ကျမ်းအစကို "ဇေယျတုသည် အောင်ဆုပေးမှသာဟူသောစကားဖြင့် အစချီထားသည်။ ကျမ်းပြီး နိဂုံးတွင်လည်း "မဟာမြတ်မုဏိ ဒါယကာတော် ပဋ္ဌမရွှေနန်းရှင် မင်းတရားကြီးလက်ထက်တော်၌ ရတနာပူရရွှေဝပြည်ကြီး၏ အစည်သမိုင်းစာကိုဝ် ရွှေပြည်စိုးတွင်ရှိသည့်အတိုင်းကို ရေးကူး၍ ပြီးပြည့်စုမ်၏။ ရွှေပြည်သခင်အထွဋ်တင်သည် နောင်လျှင် သိစိမ့်ကြောင်းတည်း။ ရွှေပြည်ကြီးသို့မှိုင်းတော်"ဟူ၍ပါရှိသည်။ ကျမ်းပြုဆရာအမည်ကို မတွေ့ရသကဲ့သို့ ကျမ်းပြုစုပြီးသောနှစ်ကိုလည်း မသိရပေ။ သို့သော် ကျမ်းပြီးနိဂုံးအရ အင်းဝမြို့ကို ဒုတိယအကြိမ် ပြန်လည်တည်ထောင်ခဲ့သော မဟာမြတ်မုနိဘုရားဒါယကာ ညောင်ရမ်းမင်းတရားကြီးလက်ထက်တွင် ရွှေပြည်စိုး၌ထားရှိသော မှတ်တမ်းမှရေးကူးထားကြောင်း သိရပေသည်။ ကျမ်းပြီးကာလကို မသိရသော်လည်း ညောင်ရမ်းမင်းလက်ထက်တွင် ရွှေပြည်စိုးရှိမှတ်တမ်းမှ ရေးကူးထားသည်ဟုဆိုထားသဖြင့် ဤကျမ်းသည် ညောင်ရမ်းခေတ်ဦးကာလ ညောင်ရမ်းမင်းတရားကြီးလက်ထက်၌ ထင်ရှားရှိနေပြီဟု ယူဆသည်။ ထိုသို့ဆိုပါက "ရတနာပူရရွှေဝပြည်ကြီးသမိုင်းစာဟောင်းကျမ်း"သည် ဦးကုလား၏မဟာရာဇဝင်ကြီးထက်ပင် များစွာစောကြောင်း သိရသည်။

"ရတနာပူရရွှေဝပြည်ကြီးစာဟောင်းကျမ်း"ကို သေချာဖတ်ကြည့်ရာတွင် ထိုကျမ်းသည် ကျမ်းတစ်စောင်တည်းပါဝင်သော ကျမ်းမဟုတ်ပေ။ အင်းဝမြို့နှင့်သက်ဆိုင်သည့်သမိုင်းကြောင်းများကို ရေးထားသည့် ကျမ်းငါးစောင်စုပေါင်းထားသော ကျမ်းဖြစ်သည်။ အထက်ပါအချက်ကိုကြည့်ခြင်းအားဖြင့် ဤကျမ်းသည် ပညာရှင်များပြုစုခဲ့သောကျမ်းငါးစောင်ကို နောက်ပုဂ္ဂိုလ်တစ်ဦးဦးက စုစည်းပြုစုခဲ့ခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။

**အင်းဝမြို့တည်၊ နန်းတည်စာတမ်း**

ရတနာပူရရွှေဝပြည်ကြီး သမိုင်းစာဟောင်းကျမ်းတွင် ပါဝင်သောကျမ်းငါးစောင်တွင် အင်းဝမြို့တည်၊ နန်းတည်အကြောင်းအရာကို ဖော်ပြထားသော ကျမ်းတစ်ကျမ်းလည်းပါဝင်သည်။ အင်းဝမြို့တည်၊ နန်းတည်စာတမ်းသည် "ဇေယျတုဘုရားသခင် သာသနာမရှိနောက် သာသနာတော် နှစ်ဆယ်ရောက်သောသံသယပြည်ကို သတိုးတိုင်းရမင်းပြု၏" ဟူသောစကားဖြင့် အစချီထားသည်။

ကျမ်းပြီးနိဂုံးကို သေချာကြည့်သောအခါတွင် အင်းဝမြို့တည်၊ နန်းတည်စာတမ်းကို ညောင်ရမ်းမင်းတရားကြီး၏ဆရာ ဘားမဲ့ဆရာတော်နှင့်၊ အာစာရအကျော်၊ မြတ်မုဏိသဃ်ရာဇာအကျော်တို့က ပြုစုခဲ့ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။ ကျမ်းပြီးနိဂုံးကို မူရင်းအတိုင်း ကောက်နုတ်ပြရလျှင် ညောင်ရမ်းမင်းတရားကြီး အင်းဝကိုတည်ထောင်၍ နေတော်မူသောအခါ ဘားမဲ့ဆရာတော်အကျော်၊ အာစာရအကျော်၊ မြတ်မုဏိသဃ်ရာဇာအကျော်တို့ စီရင်တော်မူသော စာတမ်းပြီးပြီ"ဟူ၍တွေ့ရသည်။ ထို့ကြောင့် အင်းဝမြို့တည်နန်းတည်စာတမ်းသည် ညောင်ရမ်းမင်းတရားကြီး၏ မြို့တည်အခမ်းအနားကို ကိုယ်တိုင်မြင်တွေ့ခဲ့ရသည့် ဘားမဲ့ဆရာတော်တို့ ရေးသားသော ခေတ်ပြိုင်မှတ်တမ်းဟု ဆိုနိုင်သည်။

> **❖အင်းဝမြို့တည်၊ နန်းတည်စာတမ်းကို ညောင်ရမ်းမင်းတရားကြီး၏ဆရာ ဘားမဲ့ဆရာတော်နှင့်၊ အာစာရအကျော်၊ မြတ်မုဏိသဃ်ရာဇာအကျော်တို့က ပြုစုခဲ့ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။ ကျမ်းပြီးနိဂုံးကို မူရင်းအတိုင်း ကောက်နုတ်ပြရလျှင် ညောင်ရမ်းမင်းတရားကြီး အင်းဝကိုတည်ထောင်၍ နေတော်မူသောအခါ ဘားမဲ့ဆရာတော်အကျော်၊ အာစာရအကျော်၊ မြတ်မုဏိသဃ်ရာဇာအကျော်တို့ စီရင်တော်မူသော စာတမ်းပြီးပြီ"ဟူ၍တွေ့ရသည်။ ထို့ကြောင့် အင်းဝမြို့တည်နန်းတည်စာတမ်းသည် ညောင်ရမ်းမင်းတရားကြီး၏ မြို့တည်အခမ်းအနားကို ကိုယ်တိုင်မြင်တွေ့ခဲ့ရသည့် ဘားမဲ့ဆရာတော်တို့ရေးသားသော ခေတ်ပြိုင်မှတ်တမ်းဟုဆိုနိုင်သည်။ ❖**

အင်းဝမြို့တည်နန်းတည်စာတမ်းသည် တကောင်းပြည်ကို စိုးစံသော သတိုးတိုင်းရမင်းယောက်ဖတော်ဝက်ကြီးကို လိုက်လံရှင်းလင်းသောအကြောင်းမှစတင်၍ ရေးထားသည်။ အဓိကအားဖြင့် သတိုးမင်းဖျား၏ ပထမအင်းဝမြို့တည်ခန်းနှင့် ညောင်ရမ်းမင်းတရားကြီး၏ ဒုတိယအင်းဝမြို့တည်ခန်းကို ရေးသားထားခြင်းဖြစ်သည်။ သတိုးမင်းဖျား၏ ပထမအင်းဝမြို့တည်ခန်းကို အင်းဝမြို့တည်နန်းတည်စာတမ်း၌ "သတိုးမင်းဖျားလည်း သီဟသူစိုက်ခဲ့သော ပန္နက်ခုနစ်ချက်မှစ၍ အလုံးစုံကို ရွှေကနက်၊ ငွေကနက်စိုက်၍ သက္ကရာဇ် ၇၂၆ ခုနှစ် တပေါင်းလဆန်း ၆ ရက် ၃ နေ့ တချက်တီးကျော် အသာလိဿနက္ခတ်၊ မွန်းတည့်မေထုံနွှင်းတွင် မြို့တော်နန်းတော်တည်တော်မူသည်။ မြို့တော်အမည် ရတနာပူရ နန်းတော်အမည် ရွှေဘုန်သာနန်းသမုတ်တော်မူသည်"ဟူ၍ ဖော်ပြထားသည်။

ညောင်ရမ်းမင်းတရားကြီး၏ မြို့တည်ခန်းကို သတိုးမင်းဖျား၏ မြို့တည်ခန်းထက်ပို၍ပြည့်စုံစွာ မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။ ညောင်ရမ်းမင်းတရားကြီး အင်းဝမြို့ကိုတည်သောအခါတွင် မြို့တော်တံခါးများဆောက်လုပ်ရသည့် မြို့စားအမည်နှင့် တကွ ပြည့်စုံစွာဖော်ပြထားသည်။ ထူးခြားချက်မှာ မြို့တော်တံခါးကိုးခုတွင် ကျော်ဘုံတံခါးနှင့် ရန်အောင်တံခါးကို ညောင်ရမ်းမင်းတရားကြီးက ကိုယ်တိုင်ငွေထုတ်ပေးပြီး ရွှေပြည်စိုးတို့က လုပ်ရခြင်းဖြစ်သည်။ မြို့တံခါးများ တည်လုပ်ရသည့် မြို့စားမြို့များအကြောင်းကို "ကျော်ဘုံတံခါး၊ ရာန်အောင်တံခါး ၂ ရပ်ကို ကိုယ်တော်က စရိတ်ထုတ်၍ အဝရွှေပြည်စိုးတို့လုပ်ရသည်။ အောင်ထွမ်းတံခါးကို မိုးကောင်းမြို့၊ သာစည်တံခါးကို ညောင်ရမ်းမြို့၊ ဝင်မနားတံခါးကို မိုးမိတ်မြို့၊ စံရာတံခါးကို ဘန်းမော်မြို့၊ ကလေးတံခါးကို ကလေးမြို့၊ လေသာတံခါးကို သောင်သွပ်မြို့၊ မာန်အောင်တံခါးကို မိုးနဲမြို့" စသည်ဖြင့်ဖော်ပြထားသည်။

နန်းတော်မြို့တော် လုပ်ရသည့်အကြောင်းကိုလည်း "သက္ကရာဇ် ၉၆၁ ခု ဝါခေါင်လွှန်း ၇ ရက် ၅ တေးနေ့ မြို့တော်လုပ်ရသည်။ ပြ၊ တံဆောင်း၊ တံခါးတို့ကို ဆောက်စိုက်ရသည်။ အင်းနှံသည်၊ ဝါခေါင်လပြည့်ကျော် ၉ ရက် ၅ တေးနေ့ ရွှေနန်းတော်တိုင်သစ်ရပ်သည်။ သက္ကရာဇ် ၉၆၁ ခုနှစ် ဝါခေါင်လပြည့်ကျော် ၉ ရက်နေ့ ကရကပ်လက်ရွှေနန်းပြာသာဒ်တော်မှစ၍ ၂၅ ဆောင်တို့ကို နန်းတော်ဆောက်ခန့်ထားသည်။ မြို့များက ဆောက်ရသည်"ဟူ၍ ဖော်ပြထားသည်။

ယခုဖော်ပြခဲ့သည်မှာ အင်းဝမြို့တည်နန်းတည်စာတမ်းမှ အချက်အလက်အနည်းငယ်သာ ထုတ်ပြခဲ့ခြင်းဖြစ်သည်။ ဤကျမ်းတွင် ရာဇဝင်ကြီးများ၌မပါသော အင်းဝမြို့တည်ခန်းကို အသေးစိတ်တွေ့ရမည်ဖြစ်သည်။ ပုံနှိပ်မှုမရှိသေးသည့်အတွက် သိသူနည်းတိမ်မြုပ်သောကျမ်းဖြစ်သည်။ အများလေ့လာနိုင်အောင် ပုံနှိပ်မှုဖြင့် ရှိသင့်သောကျမ်းဖြစ်သည်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအစမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၄၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဇွန် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၄၃၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံဧက ၉၃၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၄၃၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၉၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပြီး ဒီနေ့ထိ ၁၄၃၅ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လဲ စိုက်ပျိုးနေပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့လဲ ဆောင်ရွက်ပေးနေပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက် အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

ယခုနှစ် မုံရွာမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာစေရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းစင်စေရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲတတ်စေရေး စသည့်စိုက်ပျိုးရေးဆိုင်ရာနည်းပညာ၊ အသိပညာများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်သီးနှံများကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဟင်းသီးဟင်းရွက်သီးနှံများကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

## လေးမျက်နှာမြို့နယ် ဇီးတောကျေးရွာတွင် ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**လေးမျက်နှာ ဇွန် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ခတ္တာကျေးရွာအုပ်စု ဇီးတောကျေးရွာတွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇွန် ၁၇ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်း၊ လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြတ်နှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ဇီးတောကျေးရွာ၌ အဝီစိတွင်း တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြတ်က ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့် ရပ်မိရပ်ဖများကို ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများ ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ဇီးတောကျေးရွာ၌ ရေရရှိရေးအတွက် အကျယ် ၄ ဒသမ ၅ လက်မ၊ အနက်ပေ ၄၀၀ ရှိ အဝီစိတွင်း တူးဖော်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၉ ဒသမ ၅ သန်းဖြင့် ယခုနှစ် မေလ ပထမပတ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သဖြင့် အဆိုပါကျေးရွာရှိ ပြည်သူများနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သန့်ရှင်းသော သောက်သုံးရေများဖူလုံစွာ သုံးစွဲနိုင်တော့မည် ဖြစ်ကြောင်း လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **တေဇာလင်း**

## ကိုဗစ်ဘေးမှ ကင်းဝေးရအောင်

- ယနေ့ချိန်ခါ ရာသီအပြောင်း
  တစ်ဖန်ခေါင်းထောင် မကောင်းမိစ္ဆာ
  ကိုဗစ်ဟာလဲ ရောက်လာခဲ့ပြန်
  တစ်ဖန်ဒုက္ခ မဖြစ်ကြရအောင်
  ကြံဆောင်သတိ အမြဲရှိလော့။

- ထိုကပ်ဘေးဆိုး ထပ်မတိုးအောင်
  လုပ်ဆောင်ရန်အရေး လက်ကိုဆေးကြ၊
  နှုတ်ကထွက်ခါ ချောင်းဆိုးပါလဲ
  သူငါအများ အပါးမှရှောင်
  ဝေးအောင်နေသွား သတိများဖြင့်
  ကွယ်ထားတံတောင် မပြန့်အောင်တည့်။

- တတ်နိုင်သမျှ ရှောင်ကြစုဝေး
  မသွားသေးနှင့် အဝေးကရှောင်
  လုံအောင်တပ်ထား မတ်စ်များကိုသုံး
  နားတုန်းအချိန် အိမ်မှာနေရင်း
  စားခြင်းကောင်းစွာ အိပ်ပါတဝ
  အိပ်ရေးရအောင် နေပါမောင်တို့။

- တစ်ကိုယ်ရေသန့်ရှင်း ခင်းပြန့်ခြင်းဖြင့်
  အလျှင်းလွတ်ဆေး ကိုဗစ်ဘေးမှ
  ဝေးလျက်ကျန်းမာ နေရပါလိမ့်
  ခုခါသတိ မပြတ်ရှိမှ
  သင်ကစ၍ အများတကာ
  ကင်းဝေးပါလိမ့်
  ဒုက္ခာလွန်ပေး ကိုဗစ်ဘေးမှ။ ။

**ဘိုမျိုး(ရွှေဘို)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# နိုင်ငံတကာ သတင်းများ

## ရုရှားအမျိုးသားလုံခြုံရေးကောင်စီအတွင်းရေးမှူး မြောက်ကိုရီးယားခေါင်းဆောင်နှင့် တွေ့ဆုံဆွေးနွေး



**ပြုံယမ်း ဇွန် ၁၈**

ရုရှားသမ္မတပူတင်၏ အထူးညွှန်ကြားချက်များဖြင့် မြောက်ကိုရီးယားနိုင်ငံသို့ရောက်ရှိနေသည့် ရုရှားအမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူး ဆာဂေးရှိုဂူးသည် ဇွန် ၁၇ ရက်တွင် ပြုံယမ်းမြို့၌ မြောက်ကိုရီးယားခေါင်းဆောင်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ဇွန် ၁၇ ရက် ဆွေးနွေးပွဲတွင် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်နှင့် ဆာဂေးရှိုဂူးတို့သည် ရုရှားအစိုးရ၏ခုံချဲဒေသ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်ရေးကို အဓိကထားဆွေးနွေးခဲ့ကြသည်။

ယင်းအပြင် ခုံချဲနယ်မြေ စစ်ဆင်ရေးများ၌ ကျဆုံးခဲ့သော မြောက်ကိုရီးယား တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုရေးအစီအစဉ်နှင့် ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ရုရှားနိုင်ငံအနောက်ပိုင်း ခုံချဲဒေသကိုယူကရိန်းတပ်များက ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် ကျူးကျော်တိုက်ခိုက်ခဲ့ရာ ယူကရိန်းတပ်များကို ပြန်လည်တိုက်ထုတ်ရာ၌ ရုရှားတပ်များနှင့်အတူ မြောက်ကိုရီးယားတပ်များလည်း ပါဝင်ခဲ့ကြသည်။

ခုံချဲဒေသ ပြန်လည်တည်ဆောက်ရေးအတွက် မြောက်ကိုရီးယားနိုင်ငံက စစ်အင်ဂျင်နီယာ တပ်ဖွဲ့ဝင် ၆၀၀၀ စေလွှတ်ရန်စီစဉ်ထားကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဇွန် ၁၇ ရက် မြောက်ကိုရီးယား ခရီးစဉ်သည် ရုရှားအမျိုးသားလုံခြုံရေးကောင်စီ အတွင်းရေးမှူး ဆာဂေးရှိုဂူးအတွက် သုံးလနီးပါး ကြာကာလအတွင်း တတိယမြောက် မြောက်ကိုရီးယားခရီးစဉ်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဗဟိုအာရှနိုင်ငံများနှင့် ဆက်ဆံရေးမြှင့်တင်မှုဆိုင်ရာစာချုပ် တရုတ်သမ္မတရှီကျင့်ဖျင် လက်မှတ်ရေးထိုး

**အက်စတာနာ ဇွန် ၁၈**



တရုတ်သမ္မတရှီကျင့်ဖျင်သည် ဗဟိုအာရှနိုင်ငံများနှင့် ဆက်ဆံရေးမြှင့်တင်မှုဆိုင်ရာ စာချုပ်တစ်ရပ်ကို ဇွန် ၁၇ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။

သဘာဝသယံဇာတ ကြွယ်ဝသည့် ဗဟိုအာရှဒေသနှင့်ကုန်သွယ်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ အခြေခံအဆောက်အအုံ ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် တရုတ်အစိုးရက ကြိုးပမ်းလျက်ရှိသည်။

တရုတ်သမ္မတရှီကျင့်ဖျင်သည် ဗဟိုအာရှနိုင်ငံ ငါးနိုင်ငံနှင့်ဆက်ဆံရေးမြှင့်တင်မှုဆိုင်ရာ စာချုပ်ကို ကာဇက်စတန်နိုင်ငံ အက်စတာနာမြို့၌ကျင်းပခဲ့သော ဒေသတွင်း ထိပ်သီး ညီလာခံတစ်ခုတွင် လက်မှတ်ရေးထိုး ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါ ထိပ်သီးညီလာခံတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ကာဇက်စတန်၊ ကာဂျစ်စတန်၊ တာဂျစ်ကစ္စတန်၊ တာ့ခ်မင်နစ္စတန်နှင့် ဥဇဘက်ကစ္စတန်နိုင်ငံတို့မှ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

အက်စတာနာ ထိပ်သီးညီလာခံတွင် တရုတ်သမ္မတရှီကျင့်ဖျင်က ယခုနှစ်အတွင်း ဗဟိုအာရှနိုင်ငံ ငါးနိုင်ငံအတွက် အမေရိကန်ဒေါ်လာသန်း ၂၀၀ ကျော် ကူညီမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။

ယူကရိန်းပဋိပက္ခ စတင်ခဲ့ပြီးနောက်ပိုင်း တရုတ်နိုင်ငံသည် ယခင်က ရုရှား၏ဩဇာရိပ်အောက်တွင်ရှိခဲ့ကြသော ဗဟိုအာရှနိုင်ငံများနှင့် ဆက်ဆံရေးမြှင့်တင်ရန် ကြိုးပမ်းလာခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## သံအမတ်ကြီးများ ပြန်လည်စေလွှတ်ရန် အိန္ဒိယနှင့် ကနေဒါခေါင်းဆောင်များသဘောတူ

**အော့တဝါ ဇွန် ၁၈**

အပြန်အလှန် နှင်ထုတ်ထားသည့် သက်ဆိုင်ရာသံအမတ်ကြီးများကို ပြန်လည်စေလွှတ်ကြရန် အိန္ဒိယနှင့် ကနေဒါနိုင်ငံတို့က ဇွန် ၁၇ ရက်တွင် သဘောတူခဲ့ကြကြောင်း သိရသည်။

ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေးနှင့် ဂျီ-၇ ထိပ်သီးညီလာခံတက်ရောက်ရန် ကနေဒါနိုင်ငံသို့ရောက်ရှိနေသော အိန္ဒိယဝန်ကြီးချုပ် မိုဒီတို့ ဇွန် ၁၇ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ဆစ်ခ်လူမျိုး ခွဲထွက်ရေးခေါင်းဆောင်တစ်ဦး လုပ်ကြံခံရမှုပြဿနာကို အကြောင်းပြု၍ နှစ်နိုင်ငံဆက်ဆံရေးတင်းမာနေစဉ် အပြန်အလှန် နှင်ထုတ်ထားသည့် သံအမတ်ကြီးများကို ပြန်လည်စေလွှတ်ရန် အိန္ဒိယနှင့် ကနေဒါခေါင်းဆောင်များက သဘောတူခဲ့ကြခြင်းဖြစ်သည်။




ကနေဒါနိုင်ငံ၌ ဆစ်ခ်လူမျိုး ခွဲထွက်ရေးဝါဒီခေါင်းဆောင်တစ်ဦး လုပ်ကြံခံရမှုတွင် အိန္ဒိယနိုင်ငံပါဝင်ပတ်သက်နေကြောင်း ကနေဒါအစိုးရက ၂၀၂၄ ခုနှစ်တွင် စွပ်စွဲခဲ့ပြီး ကနေဒါနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးကို နှင်ထုတ်ခဲ့သည်။

အိန္ဒိယနိုင်ငံက ကနေဒါအစိုးရ၏ အဆိုပါစွပ်စွဲချက်ကို ငြင်းပယ်ခဲ့ပြီး အိန္ဒိယနိုင်ငံဆိုင်ရာ ကနေဒါသံအမတ်ကြီးကို ပြန်လည်နှင်ထုတ်ခဲ့ရာ နှစ်နိုင်ငံဆက်ဆံရေး အကြီးအကျယ် တင်းမာခဲ့ရကြောင်း သိရသည်။

ဇွန် ၁၇ ရက် ဆွေးနွေးပွဲသည် အိန္ဒိယနှင့် ကနေဒါနိုင်ငံတို့ကြား ဆက်ဆံရေးကို ပြန်လည်တည်ဆောက်ရေးအတွက် အထောက်အကူပြုနိုင်မည်ဟု မျှော်လင့်ထားကြောင်း ကနေဒါဝန်ကြီးချုပ်ကပြောကြားထားသည်။

Ref : Xinhua

Trs : KKO

## အီရန်ရောက်နိုင်ငံသားများကို တရုတ်နိုင်ငံ စတင်ခေါ်ထုတ်

**ပေကျင်း ဇွန် ၁၈**

အီရန်နှင့် အစ္စရေးတို့ကြား စစ်ရေးပဋိပက္ခများ ပိုမိုပြင်းထန်လာချိန်တွင် အီရန်နိုင်ငံရောက် တရုတ်နိုင်ငံသားများကို တရုတ်အစိုးရက ဇွန် ၁၇ ရက်တွင် စတင်ခေါ်ထုတ်နေပြီဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် အီရန်နိုင်ငံရောက် တရုတ်နိုင်ငံသားများ အနက် ပထမဆုံးအသုတ်ကို ဇွန် ၁၇ ရက်တွင် တီဟီရန်မြို့မှ တာ့ခ်မင်နစ္စတန်နိုင်ငံသို့ ကုန်းလမ်းခရီးဖြင့် စတင်ခေါ်ထုတ်နေကြောင်း တရုတ်အစိုးရ မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

လက်ရှိအချိန်တွင် အီရန်နိုင်ငံရောက် တရုတ်နိုင်ငံသား ၇၉၁ ဦးကို တာ့ခ်မင်နစ္စတန်သို့ ရွှေ့ပြောင်းပေးထားပြီးဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားထားသည်။

ရေနံသယံဇာတကြွယ်ဝသည့် အီရန်နိုင်ငံ၌ တရုတ်နိုင်ငံသားများ အရေအတွက် ထောင်နှင့်ချီနေထိုင်နေကြောင်း သိရသည်။

အီရန်နိုင်ငံသို့ ရောက်ရှိနေသော တရုတ်နိုင်ငံသားအများစုမှာ အီရန်ရှိ တရုတ်ကုမ္ပဏီများ၌ အလုပ်လုပ်နေသည့် အင်ဂျင်နီယာများဖြစ်ကြသည်။

တရုတ်နိုင်ငံသည် ၂၀၀၇ ခုနှစ်မှစ၍ လက်ရှိအချိန်ထိ အီရန်နိုင်ငံ၌ အမေရိကန်ဒေါ်လာ ငါးဘီလီယံထိ ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အီရန်ကိုတိုက်ခိုက်ပါက ဆိုးရွားသည့်အကျိုးဆက်များ ရှိလာမည်ဟု အမေရိကန်ကို အီရန်ခေါင်းဆောင်သတိပေး

**တီဟီရန် ဇွန် ၁၈**

အမေရိကန်နိုင်ငံ အနေဖြင့် အီရန်ကို စစ်ရေးအရတိုက်ခိုက်ခဲ့ပါက ပြန်လည်ကုစား၍မရနိုင်သည့်အကျိုးဆက်များနှင့် ရင်ဆိုင်ရလိမ့်မည်ဖြစ်ကြောင်း အီရန်ခေါင်းဆောင်အယာတိုလာခါမေနီက ယနေ့တွင် သတိပေးခဲ့သည်။

ခြွင်းချက်မရှိ လက်နက်ချရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အီရန်နိုင်ငံကို ဇွန် ၁၇ ရက်တွင် တောင်းဆိုခဲ့ပြီးနောက် အီရန်ခေါင်းဆောင် အယာတိုလာခါမေနီ၏ သတိပေးချက်ပေါ်ထွက်လာခြင်းဖြစ်သည်။

အီရန်ပြည်သူများ အနေဖြင့် ခြိမ်းခြောက်မှုများအား အသာတကြည်လက်ခံမည်မဟုတ်သလို အတင်းဖန်တီးထားသော ငြိမ်းချမ်းရေးနှင့်စစ်ပွဲများကိုလည်း လက်ခံမည်မဟုတ်ကြောင်း အီရန်ခေါင်းဆောင် အယာတိုလာခါမေနီက ပြောကြားခဲ့သည်။

အစ္စရေးနှင့်အီရန်တို့ကြားငါးရက်မြောက်နေ့အဖြစ် စစ်ရေးပဋိပက္ခများဖြစ်ပွားနေချိန်တွင် အီရန်ကို ခြွင်းချက်မရှိလက်နက်ချရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က တောင်းဆိုခဲ့ခြင်းဖြစ်သည်။

ယင်းအပြင် အမေရိကန်အစိုးရသည် အီရန်နျူကလီးယားအဆောက်အအုံများကို တိုက်ခိုက်ရာတွင် အစ္စရေးနှင့်ပူးပေါင်းပါဝင်ရေးအတွက် စဉ်းစားနေကြောင်းလည်း သတင်းများထွက်ပေါ်လျက်ရှိသည်။

လက်ရှိဖြစ်ပွားနေသော အီရန်-အစ္စရေးစစ်ရေးပဋိပက္ခ၌ အမေရိကန်နိုင်ငံ တိုက်ရိုက်ကြားဝင်ခဲ့ပါက လက်တုံ့ပြန်မည်ဖြစ်ကြောင်း ကုလသမဂ္ဂဆိုင်ရာ အီရန်သံအမတ်ကြီးက သတိပေးထားသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## ဥရောပအာကာသအေဂျင်စီ၏ ဂြိုဟ်တုနှစ်စင်းက တိကျစွာနေရာယူ ယှဉ်တွဲပျံသန်းခြင်းဖြင့် ကမ္ဘာ့ပထမဆုံးနေကြတ်မှုဖြစ်စဉ်တုကို ဖန်တီးနိုင်ခဲ့



ပဲရစ် ဇွန် ၁၈

ဥရောပအာကာသအေဂျင်စီ၏ ဂြိုဟ်တုနှစ်စင်းသည် တိကျစွာနေရာယူ ယှဉ်တွဲပျံသန်းခြင်းဖြင့် ကမ္ဘာ့ပထမဆုံးနေကြတ်မှုဖြစ်စဉ်တုကို ဖန်တီးနိုင်ခဲ့ကြောင်း ဇွန် ၁၇ ရက် သတင်းများအရ သိရသည်။

ပရိုဘာ-၃ မစ်ရှင်ဂြိုဟ်တု နှစ်စင်းဖန်တီးထားသော နေကြတ်မှုဖြစ်စဉ်တုဓာတ်ပုံများကို ဥရောပအာကာသအေဂျင်စီက ဇွန် ၁၆ ရက်တွင် ထုတ်ဖော်ပြသခဲ့ကြောင်း သိရသည်။

ပရိုဘာ-၃ မစ်ရှင် ဂြိုဟ်တု နှစ်စင်းသည် တစ်စင်းနှင့် တစ်စင်း မီတာ ၁၅၀ ခွာ၍ နေရာယူပျံသန်းပြီး ကမ္ဘာ့ပထမဆုံး နေကြတ်မှုဖြစ်စဉ်တုကို ဖန်တီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပရိုဘာ-၃ မစ်ရှင် ဂြိုဟ်တု နှစ်စင်းသည် စမ်းသပ်ဆဲကာလများတွင်လည်း နေကြတ်မှုဖြစ်စဉ်တုများကို ၁၀ ကြိမ်ထိ ဖန်တီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပရိုဘာ-၃ မစ်ရှင် ဂြိုဟ်တု နှစ်စင်းသည် မစ်ရှင်သက်တမ်း နှစ်နှစ်အတွင်း နေကြတ်မှုဖြစ်စဉ်တု ၂၀၀ ခန့်ထိ ဖန်တီးမည်ဖြစ်သည်။

အမေရိကန်ဒေါ်လာသန်း ၂၁၀ တန်ဖိုးရှိ ပရိုဘာ-၃ မစ်ရှင်ကို ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဥရောပအာကာသ အေဂျင်စီက လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO


## ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က အအေးဓာတ်အပြင်းထန်ဆုံး၊ သက်တမ်းရှေးအကျဆုံးနှင့်အလင်းအားအနည်းဆုံးဂြိုဟ်တစ်စင်းကို ဓာတ်ပုံရိုက်ကူးနိုင်ခဲ့

ဝါရှင်တန် ဇွန် ၁၈

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) ၏ ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် အအေးဓာတ်အပြင်းထန်ဆုံး၊ သက်တမ်း ရှေးအကျဆုံးနှင့် အလင်းအားအနည်းဆုံး ဂြိုဟ်တစ်စင်းကို တိုက်ရိုက်ဓာတ်ပုံ ရိုက်ကူးနိုင်ခဲ့ကြောင်း ဇွန် ၁၇ ရက် သတင်းများအရ သိရသည်။

14 Her C အမည်ရှိ အဆိုပါဂြိုဟ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၆၀ ခန့်အကွာတွင်ရှိသည့် ကြယ်တစ်စင်းကို ဗဟိုပြုလှည့်ပတ်လျက်ရှိသည်။

ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယို တယ်လီစကုပ်ရိုက်ကူးထားသော ဓာတ်ပုံများထဲတွင် 14 Her C ဂြိုဟ်ကို လိမ္မော်ရောင်အစက်အပြောက်ငယ်တစ်ခုအဖြစ် တွေ့မြင်နိုင်သည်။



14 Her C ဂြိုဟ်သည် သက်တမ်းအားဖြင့် နှစ်ပေါင်း လေးဘီလီယံခန့်ရှိပြီး လေထုလွှာအပူချိန်မှာ အနုတ် သုံးဒီဂရီဆဲလ်စီယပ်စ်ထိသာရှိရာ အအေးဓာတ်အလွန်ပြင်းထန်သော ဂြိုဟ်တစ်စင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါဂြိုဟ်သည် မိခင်ကြယ်ဖြစ်သည့် 14 Her ကြယ်ကို မိုင်ပေါင်း ၁ ဒသမ ၄ ဘီလီယံအကွာမှတစ်ဆင့် လှည့်ပတ်နေကြောင်း သိရသည်။

အအေးဓာတ်ပြင်းထန်သော၊ သက်တမ်းရှေးကျသော 14 Her C ကဲ့သို့သော ဂြိုဟ်များမှာ တိုက်ရိုက်ဓာတ်ပုံရိုက်ကူးရန် အလွန်ခက်ခဲသည့် ဂြိုဟ်များဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## Axiom ကုမ္ပဏီ၏ Ax-4 ပုဂ္ဂလိက အာကာသမစ်ရှင်ကို လွှတ်တင်ရန် Space -X ကုမ္ပဏီနှင့် နာဆာတို့ စီစဉ်ထား

ဝါရှင်တန် ဇွန် ၁၈

Axiom ကုမ္ပဏီ၏ Ax-4 ပုဂ္ဂလိက အာကာသမစ်ရှင်ကို ဇွန် ၁၉ ရက်တွင် လွှတ်တင်ရန် Space -X ကုမ္ပဏီနှင့် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)တို့ စီစဉ်ထားကြောင်း ဇွန် ၁၇ ရက် သတင်းများအရ သိရသည်။

နိုင်ငံတကာအာကာသစခန်း ဓာတ်ငွေ့ယိုစိမ့်မှုပြဿနာကို ဖြေရှင်းခဲ့ပြီးနောက် Ax-4 မစ်ရှင်ကို ဇွန် ၁၉ ရက်တွင် လွှတ်တင်ရန် စီစဉ်ထားခြင်းဖြစ်သည်။

Ax-4 မစ်ရှင်အရ ပုဂ္ဂလိက အာကာသခရီးသည် လေးဦးလိုက်ပါမည့် Crew Dragon အာကာသလူသယ်ယာဉ်ကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် နိုင်ငံတကာအာကာသစခန်းသို့ လွှတ်တင်မည်ဖြစ်သည်။

Space-X ကုမ္ပဏီသည် Ax-4 မစ်ရှင်ကို ဇွန် ၁၁ ရက်က လွှတ်တင်ရန် စီစဉ်ထားသော်လည်း ဖယ်လ်ကွန်-၉ ဒုံးပျံသည် ဓာတ်ငွေ့ယိုစိမ့်မှုနှင့် နောက်ပိုင်းတွင် နိုင်ငံတကာ အာကာသစခန်း ဓာတ်ငွေ့ယိုစိမ့်မှု ပြဿနာတို့ကြောင့် လွှတ်တင်ရေးအစီအစဉ်ကို ဆိုင်းငံ့ထားခဲ့ခြင်းဖြစ်သည်။

နိုင်ငံတကာအာကာသစခန်း ဇက်ဒါပင်မကိုယ်ထည်၌ ဖြစ်ပွားနေသည့် ဓာတ်ငွေ့ယိုစိမ့်မှုပြဿနာကို ဖြေရှင်းထားပြီးဖြစ်ကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

Ax-4 မစ်ရှင် ပုဂ္ဂလိကအာကာသခရီးသည်လေးဦးတို့သည် နိုင်ငံတကာအာကာသစခန်း၌ သီတင်းနှစ်ပတ်ခန့်နေထိုင်၍ သိပ္ပံပညာစမ်းသပ်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## ကယ်လိုရီပါဝင်မှုကန့်သတ်ထားသောဓာတ်စာ စားသုံးသူများက မစားသူများနှင့်နှိုင်းယှဉ်ပါက စိတ်ကျဝေဒနာဝင်ရောက်နိုင်ခြေ မြင့်တက်နိုင်

နယူးယောက် ဇွန် ၁၈

ကယ်လိုရီပါဝင်မှု ကန့်သတ်ထားသောဓာတ်စာ စားသုံးသူများသည် မစားသူများနှင့် နှိုင်းယှဉ်ပါက စိတ်ကျဝေဒနာဝင်ရောက်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ဇွန် ၁၇ ရက်တွင် ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏အဆိုအရ ကယ်လိုရီနှင့် အာဟာရဓာတ်များပါဝင်မှု ကန့်သတ်ထားသော အစားအစာများကြောင့် အဝလွန်သူများ၌ စိတ်ကျဝေဒနာဝင်နိုင်ခြေ ပုံမှန်ထက်မြင့်မားလာတတ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် လူပေါင်း ၂၈၅၂၅ ဦးတို့၏ အစားအစာ စားသောက်မှုပုံစံများကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ကယ်လိုရီလျှော့ချထားသော အစားအစာများ၊ အာဟာရဓာတ်ကန့်သတ်ထားသောအစားအစာများကြောင့် အဝလွန်သူများတွင် စိတ်ကျဝေဒနာ ဝင်ရောက်နိုင်ခြေ သိသိသာသာ မြင့်တက်လာသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ကယ်လိုရီလျှော့ချထားသော ဓာတ်စာများ၊ အာဟာရကန့်သတ်ထားသော အစားအစာများစားသုံးမှုနှင့် စိတ်ကျဝေဒနာဝင်ရောက်နိုင်ခြေတို့ကြား မည်သို့မည်ပုံဆက်စပ်နေသည်ကို သုတေသနပညာရှင်များက ရှင်းပြနိုင်မှု မရှိသေးကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## စမ်းသပ်ဆဲဆေးတစ်မျိုးက သွေးအတွင်း ကိုလက်စထရောပါဝင်မှုအဆင့်ကို လျှော့ချနိုင်

ကင်ဘာရာ ဇွန် ၁၈

စမ်းသပ်ဆဲသောက်ဆေးတစ်မျိုးသည် သွေးအတွင်း ကိုလက်စထရောပါဝင်မှုအဆင့်ကို ထိရောက်စွာလျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များက ဇွန် ၁၇ ရက်တွင် ပြောကြားသည်။

လက်ရှိအချိန်တွင် Obicetrapib အမည်ရှိ အဆိုပါဆေးကို ဩစတြေးလျနိုင်ငံ မိုးနက်ရှ်တက္ကသိုလ်မှ သုတေသနပညာရှင်များက တတိယအဆင့်စမ်းသပ်မှုများ ပြုလုပ်ထားပြီးဖြစ်ကြောင်း သိရသည်။

လက်တွေ့စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့် ရလဒ်များအရ Obicetrapib ဆေးသည် စမ်းသပ်မှုတွင် ပါဝင်သူများ၏ သွေးအတွင်း ကိုလက်စထရောပါဝင်မှု အဆင့်ကို ၃၂ ဒသမ ၆ ရာခိုင်နှုန်းထိ လျှော့ချပေးနိုင်ပြီး နှလုံးရောဂါဖြစ်ပွားနိုင်ခြေနှင့် လေဖြတ်နိုင်ခြေကိုလည်း လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း သိရသည်။

ထို့ပြင် Obicetrapib ဆေးသည် သွေးအတွင်း ကစ်ပိုပရိုတင်း(အေ)ပါဝင်မှုအဆင့်ကိုလည်း ၃၃ ဒသမ ၅ ရာခိုင်နှုန်းလျှော့ချပေးနိုင်ပြီး သွေးအတွင်း ကိုလက်စထရောစုစည်းမှုနှင့် ကစ်ပိုပရိုတင်း(အေ) စုစည်းမှုအဆင့်တို့ မြင့်မားမှုသည် နှလုံးသွေးကြောနှင့် နှလုံးကျန်းမာရေးပြဿနာများနှင့် ဆက်စပ်နေကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO






# MNL League Cup ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ ဆီမီးဖိုင်နယ်အဆင့် တက်ရောက်




ရန်ကုန် ဇွန် ၁၈

MNL League Cup ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ နိုင်ပွဲရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ကြကြောင်း သိရသည်။

MNL League Cup ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များကို ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ မြဝတီအက်ဖ်စီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ကိုးမိနစ်တွင် မြတ်ကောင်းခန့်နှင့် ပွဲချိန် ၄၅ မိနစ်တွင် သက်ဟိန်းစိုးတို့က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ဒဂုံပေါ့အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ ကစားခဲ့ရာ ပွဲချိန်အတွင်း ဂိုးမရှိသရေရလဒ်ကြောင့် ပင်နယ်တီကန်သွင်းခဲ့ရာ ရတနာပုံအက်ဖ်စီအသင်းက ခုနစ်ဂိုး ခြောက်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

MNL League Cup ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များကို ဇွန် ၁၉ ရက်တွင် ရခိုင်ယူနိုက်တက်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်း၊ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

## ဘာစီလိုနာအသင်းက နစ်ကိုးဝီလျံကို ခြောက်နှစ်စာချုပ်ဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိ

ဘာစီလိုနာ ဇွန် ၁၈

ဘာစီလိုနာအသင်းသည် ဘီလ်ဘာအိုအသင်းမှ တောင်ပံတိုက်စစ်ကစားသမား နစ်ကိုးဝီလျံကို ကာလရှည်ခေါ်ယူရန် ကြိုးပမ်းလျက်ရှိရာ ယခုအခါ လာမည့် ၂၀၃၁ ခုနှစ်ထိ ခြောက်နှစ်စာချုပ်ဖြင့်ခေါ်ယူရန် ကစားသမားနှင့် သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

နစ်ကိုးဝီလျံသည် စပိန်လက်ရွေးစင်အသင်းတွင် ဘာစီလိုနာအသင်း ကစားသမား ယာမယ်နှင့် တွဲဖက်ကစားနေသူဖြစ်ကာ ရင်းနှီးသည့် ဆက်ဆံရေးကောင်းများ ရှိနေသောကြောင့် နည်းပြဖလစ်၏ တိုက်စစ်ပိုင်းတွင် ယာမယ်နှင့်အတူ ပါဝင်ကစားလိုသဖြင့် ပြောင်းရွှေ့ရန်ဆုံးဖြတ်ခဲ့ပြီး တစ်နှစ်လုပ်ခ ယူရို ၁၂ သန်းဖြင့် ခြောက်နှစ်စာချုပ် ချုပ်ဆိုသွားရန် သဘောတူညီခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာ အသင်းသည် နစ်ကိုးဝီလျံကိုခေါ်ယူရန် ဘီလ်ဘာအိုအသင်းနှင့် အကြိမ်ကြိမ်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ရပြီး ဘီလ်ဘာအိုအသင်းက ကစားသမားအတွက် ပြောင်းရွှေ့ကြေး ယူရို သန်း ၆၀ အလိုရှိနေသောကြောင့် ပေးချေရန် ဆုံးဖြတ်ခဲ့သဖြင့် တောင်ပံကစားသမားကို ခေါ်ယူနိုင်ရန် သေချာခဲ့သကဲ့သို့ အသင်းဥက္ကဋ္ဌ လာပေါ်တာကလည်း မကြာမီ နစ်ကိုးဝီလျံအနေဖြင့် ဘာစီလိုနာအသင်းအင်္ကျီကို ဝတ်ဆင်သွားမည် ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

နစ်ကိုးဝီလျံသည် ပြီးခဲ့သည့် ဘောလုံးရာသီ နှစ်ရာသီဆက်တိုက် ခြေစွမ်းပိုင်းတိုးတက်လာခဲ့သည့် ကစားသမားဖြစ်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ဘောလုံးရာသီကလည်း လာလီဂါပြိုင်ပွဲ ၂၉ ပွဲတွင် အသင်းအတွက် သွင်းဂိုး ငါးဂိုးနှင့် ဂိုးဖန်တီးမှု ငါးကြိမ် ပြုလုပ်နိုင်ခဲ့သည့်အပြင် ယူရိုပါလိဂ်ပြိုင်ပွဲတွင်လည်း အသင်းအတွက် သွင်းဂိုး ငါးဂိုးနှင့် ဂိုးဖန်တီးမှု သုံးကြိမ်ထိ ပြုလုပ်ခဲ့ကာ အသင်းကို ဆီမီးဖိုင်နယ်အဆင့်သို့ရောက်ရှိအောင် ပို့ဆောင်နိုင်ခဲ့သောကြောင့် ယူရိုပါလိဂ်တစ်နှစ်တာအကောင်းဆုံး အသင်းတွင် ပါဝင်ခဲ့ကြောင်း သိရသည်။

Ref : Goal.com

Trs : ML




## ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် လက်မှတ်အစောင်ရေ ၁ ဒသမ ၅ သန်းနီးပါးရောင်းချခဲ့ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ထုတ်ပြန်

ဇူးရစ် ဇွန် ၁၈

အမေရိကန်နိုင်ငံတွင် ကျင်းပလျက်ရှိသည့် ပထမဆုံးအကြိမ် အသင်းတိုးမြှင့်ကျင်းပခဲ့သည့် ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် နိုင်ငံပေါင်း ၁၃၀ ကျော်မှ အားကစားပရိသတ်များကို လက်မှတ်အစောင်ရေ ၁ ဒသမ ၅ သန်းနီးပါးအထိ ရောင်းချခဲ့ရကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည်။

ထို့ပြင် အဖွင့်ပွဲစဉ်အဖြစ်ကျင်းပခဲ့သည့် တိုက်စစ်မှူးမက်ဆီပါဝင်သည့် အင်တာမီယာမီအသင်းနှင့် အယ်အာလီအသင်းတို့ ပွဲစဉ်တွင် ပွဲကြည့်ပရိသတ် ၆၀၀၀၀ ကျော်ရှိခဲ့ပြီး ဒုတိယပွဲစဉ်ဖြစ်သည့် ချန်ပီယံလိဂ်ဖလားရရှိထားသည့် ပီအက်စ်ဂျီအသင်းနှင့် အေတီကိုအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ပွဲကြည့်ပရိသတ် ၈၀၀၀၀ ခန့်ထိရှိခဲ့သဖြင့် ကြည့်ရှုမှုများပြားသည့် ပွဲစဉ်များ ဖြစ်ခဲ့ကြောင်း ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်က ပြောကြားခဲ့သည်။

သို့သော် ချဲလ်ဆီးအသင်းနှင့် လော့စ်အိန်ဂျလိစ်အသင်းတို့ ကစားခဲ့သည့်ပွဲစဉ်ကို ပရိသတ် ၇၁၀၀၀ ဝင်ဆံ့သည့် မာစီးဒီးဘန့်ဇ် အားကစားကွင်းတွင် ကျင်းပခဲ့သော်လည်း ဝင်ရောက်ကြည့်ရှုသူ ၂၂၀၀၀ ကျော်သာရှိခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ် ဥက္ကဋ္ဌ အင်ဖန်တီနိုက “ဖီဖာ ကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲကို အခုလိုဖန်တီးခဲ့တဲ့အတွက် ကမ္ဘာ့အဆင့်မှာ မှတ်တမ်းသစ်တွေ ရေးထိုးမဲ့အကြောင်း ပြောမှာဖြစ်သလို ကစားသမားကောင်းတွေလဲ ထပ်မံပေါ်ထွက်လာမှာပါ။ ဒါ့ပြင် ဘောလုံးပရိသတ်တွေအတွက်လဲ ပိုကောင်းတဲ့ ခံစားမှုရသကို ပေးစွမ်းနိုင်မှာပါ”ဟု ပြောကြားခဲ့သည်။

ဖီဖာကလပ် ကမ္ဘာ့ဖလား ပြိုင်ပွဲသည် ၂၀၂၆ ခုနှစ်တွင် အမေရိကန်၊ မက္ကဆီကို၊ ကနေဒါ နိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲကို အထောက်အကူ ဖြစ်စေရန် ပုံစံတူပြုလုပ်ခဲ့သည့် ပြိုင်ပွဲဖြစ်ကြောင်း သိရသည်။

Ref : Espn

Trs : ML

## ပါးမားအသင်းက အာဆင်နယ်လက်ထောက်နည်းပြ ကွက်စတာကို နည်းပြသစ်ခန့်အပ်

ရောမ ဇွန် ၁၈

အီတလီစီးရီးအေ ကလပ် ပါးမားအသင်းသည် အာဆင်နယ်အသင်း လက်ထောက်နည်းပြ ကွက်စတာကိုခန့်အပ်ရန် အသင်းတာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့ရာ သဘောတူညီမှုရရှိခဲ့သောကြောင့် ကွက်စတာကို နည်းပြသစ်ခန့်အပ်နိုင်ခဲ့ကြောင်း သိရသည်။

ပါးမားအသင်းသည် ၂၀၂၂ ခုနှစ်မှစတင်ကာ နည်းပြပက်ချီယာကို ခန့်အပ်ခဲ့ပြီးနောက် ပြီးခဲ့သည့်ဘောလုံးရာသီက စီးရီးအေ ပြိုင်ပွဲသို့ ပြန်လည်တန်းတက်နိုင်ခဲ့သော်လည်း နည်းပြပက်ချီယာအနေဖြင့် ရလဒ်ကောင်းရရှိရန် ရုန်းကန်ခဲ့ရသဖြင့် ဖေဖော်ဝါရီလတွင် အင်တာမီလန်အသင်း လူငယ်အသင်းနည်းပြ ချီဗူးကို ခန့်အပ်ခဲ့သော်လည်း ချီဗူးအနေဖြင့် အင်တာမီလန်အသင်း နည်းပြတာဝန် ထမ်းဆောင်ရန် အသင်းမှ ထွက်ခွာခဲ့သောကြောင့် ပါးမားအသင်းက အာဆင်နယ်အသင်း လက်ထောက်နည်းပြ ကွက်စတာကို ခန့်အပ်ရန်ကြိုးပမ်းခဲ့သည်။

နည်းပြအာတီတာ အနေဖြင့် ရာသီအကြို ခြေစမ်းပွဲများကစားရန် ပြင်ဆင်နေသည့်အချိန်တွင် အသက် ၂၉ နှစ်ရှိ လက်ထောက်နည်းပြကွက်စတာကို လက်လွှတ်ရန် ဆန္ဒမရှိသော်လည်း ၎င်း၏ နည်းပြဘဝ တိုးတက်မှုအတွက် ခွင့်ပြုပေးခဲ့ရပြီး ၂၀၂၄ ခုနှစ်ကလည်း ချန်ပီယံရှစ်ကလပ် နော့ဝှစ်အသင်းက ၎င်းကိုခေါ်ယူရန် ကမ်းလှမ်းမှုများရှိခဲ့ကာ ကွက်စတာက ၎င်းအနေဖြင့် နည်းပြချုပ်တာဝန်ထမ်းဆောင်ရန် မဖြစ်နိုင်သေးကြောင်း ငြင်းပယ်ခဲ့သည်။

လက်ရှိအချိန်တွင် လက်ထောက်နည်းပြ ကွက်စတာက ပါးမားအသင်းက ကမ်းလှမ်းလာချိန်တွင် နည်းပြတာဝန်ထမ်းဆောင်ရန် အာဆင်နယ်အသင်းမှ ထွက်ခွာခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။




နည်းပြအာတီတာက “ကွက်စတာက သူ့အနေနဲ့ မဖြစ်နိုင်ဘူးလို့ပြောပေမဲ့ ကျွန်တော်ကတော့ နည်းပြတစ်ယောက်ဖြစ်ဖို့ အခွင့်အရေးရလာလို့ အကြံပေးခဲ့ပါတယ်။ လူတစ်ယောက်အနေနဲ့ နေရာတစ်ခုမှာ အများဆုံး လေးနှစ်၊ ငါးနှစ်လောက်ပဲ အလုပ်လုပ်နိုင်မှာပါ။ ဘာကြောင့်လဲဆိုတော့ လူတိုင်းက တိုးတက်မှုကိုရှာဖွေဖို့ ဆန္ဒရှိနေကြလို့ ဖြစ်ပါတယ်။ ဒါ့ပြင် လူတစ်ယောက်အနေနဲ့ ဘယ်လောက်ထိ လုပ်နိုင်လဲဆိုတဲ့ ကန့်သတ်ချက်ကိုလဲ မသိနိုင်ပါဘူး။ ဒါကြောင့် ကွက်စတာကို လိုအပ်နေပေမဲ့ သူ့အတွက် အခွင့်အရေးကောင်းဖို့လို့ လက်လွှတ်ပေးခဲ့တာပါ”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : The Mirror

Trs : ML

## အားကစားသတင်းအတိုအထွာများ

- စပါးအသင်းက အသင်းခေါင်းဆောင် ဆွန်ဟောင်မင်ကို ယူရို သန်း ၄၀ ဖြင့် ရောင်းချမည်ဖြစ်သောကြောင့် ဆော်ဒီပရိုလိဂ်အသင်းသုံးသင်းဖြစ်သည့် အယ်အာလီ၊ အယ်ကွာစီယာ၊ အယ်နာဆာအသင်းတို့က ခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိသည်။
- ပရီးမီးယားလိဂ် ဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည့် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီပွဲစဉ်များတွင် အဖွင့်ပွဲစဉ်(၁)၌ လက်ရှိချန်ပီယံ လီဗာပူးအသင်းက ဘုန်းမောက်အသင်းနှင့် ကစားရမည်ဖြစ်ပြီး မန်ယူအသင်းက အိမ်ကွင်းတွင် အာဆင်နယ်အသင်းကို ဧည့်ခံကစားရမည်ဖြစ်ကြောင်း သိရသည်။
- မန်ယူအသင်းက ဘာစီလိုနာအသင်း တောင်ပံကစားသမား ရာဖင်ဟာကို ယူရို သန်း ၁၅၀ ဖြင့် ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း ဘာစီလိုနာအသင်းက ရောင်းချမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ML

# နေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၉)တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲရရှိ




**ရန်ကုန် ဇွန် ၁၈**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၉)ပွဲစဉ်များကို ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့၌ ဆက်လက်ကျင်းပခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲရရှိခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၉) ပွဲစဉ်များအဖြစ် ညနေ ၃ နာရီခွဲတွင် တက္ကသိုလ်အားကစားကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက် အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရန်ကုန်ယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၅၇ မိနစ်တွင် Arr Yhwe က လည်းကောင်း၊ ပွဲချိန် ၆၂မိနစ်တွင် လမင်းပြည့်စုံက လည်းကောင်း၊ ပွဲချိန် ၈၈ မိနစ်တွင် ခွန်ချိုထူးက လည်းကောင်း သွင်းယူပေးနိုင်ခဲ့ပြီး ရခိုင်ယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၈၄ မိနစ်တွင် ရဲထက်အောင်က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲတွင် ပဒုမ္မာအားကစားကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ ဆက်လက်ကစားခဲ့ရာ ISPE အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ISPE အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၂၂ မိနစ်တွင် စောအောင်မျိုးထူးနှင့် ပွဲချိန် ၃၂ မိနစ်တွင် မာတီးနိုက သွင်းယူပေးနိုင်ခဲ့ပြီး မဟာယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ရှစ်မိနစ်တွင် ရဲလင်းဦးက သွင်းယူပေးနိုင်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ ပြိုင်ပွဲ ပွဲစဉ်(၉)ပွဲစဉ်များအဖြစ် ဇွန် ၁၉ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ လေ့ကျင့်ရေးကွင်း-၁ တွင် ဒဂုံစတားအသင်းနှင့် ဒဂုံပေါ့အသင်း၊ ညနေ ၃ နာရီခွဲတွင် ပဒုမ္မာအားကစားကွင်း၌ ရာမညယူနိုက်တက်အသင်းနှင့် Falcon အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# မန်ယူအသင်းက ဂိုးသမား တွမ်ဟီးလ်တန်ကို ၂၀၂၆ ခုနှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆို

**မန်ချက်စတာ ဇွန် ၁၈**

မန်ယူအသင်းက ဝါရင့်ဂိုးသမား တွမ်ဟီးလ်တန်ကို ၂၀၂၆ ခုနှစ် ဇွန်လထိ နောက်ထပ်တစ်နှစ် သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၃၉ နှစ်ရှိနေပြီဖြစ်သည့် ဂိုးသမားတွမ်ဟီးလ်တန်သည် မန်ယူအသင်းအကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ပြီးခဲ့သည့် ၂၀၀၅ ခုနှစ်က အသင်းနှင့် ပရော်ဖက်ရှင်နယ်စာချုပ် ချုပ်ဆိုကာ စတင်ပါဝင်ကစားခဲ့သူဖြစ်သည်။

သို့သော် တွမ်ဟီးလ်တန်သည် မန်ယူအသင်းတွင် ပွဲစဉ်အနည်းငယ်သာ ပါဝင်ကစားခဲ့ပြီး ဆွစ်ဒေါင်းအသင်း၊ ကာဒစ်အသင်း၊ ကျူပီအာအသင်း၊ ရှော့ဒါလေအသင်း၊ ဝိုင်ကွမ်ဘီအသင်း၊ ဘန်လေအသင်းစသည့် အသင်းများတွင် အငှားစာချုပ်များဖြင့် အဆင့်ဆင့် ပြောင်းရွှေ့ ကစားခဲ့ပြီးနောက် ၂၀၁၉ ခုနှစ်က အေဗီလာအသင်းထံ အပြီးသတ်စာချုပ်ဖြင့် ပြောင်းရွှေ့ ကစားခဲ့သူဖြစ်သည်။

အေဗီလာအသင်းတွင်လည်း တွမ်ဟီးလ်တန်သည် ပွဲစဉ်အနည်းငယ်သာ ပါဝင်ကစားခဲ့ရပြီးနောက် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်က အေဗီလာအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီးနောက် အလွတ်ပြောင်းရွှေ့ကြေးဖြင့် မန်ယူအသင်းထံ ပြန်လည်ပြောင်းရွှေ့ ကစားခဲ့သူဖြစ်သည်။

မန်ယူအသင်းနှင့် တွမ်ဟီးလ်တန်တို့စာချုပ်သက်တမ်းမှာ ယခုလအကုန်တွင် ကုန်ဆုံးမည်ဖြစ်ပြီး မန်ယူအသင်းက အစောပိုင်းက သက်တမ်းတိုးစာချုပ်ချုပ်ဆိုတော့မည်မဟုတ်ဘဲ လက်လွှတ်ရန် ဆုံးဖြတ်ထားသော်လည်း ယခုအခါ နောက်ထပ်တစ်နှစ် သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန်အတွက် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA



# German Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ ဆမ်ဆိုနိုဗာတက်ရောက်

**ဘာလင် ဇွန် ၁၈**

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ကျင်းပနေသည့် German Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဂျပန်တင်းနစ်မယ် အိုဆာကာသည် ရုရှားတင်းနစ်မယ် ဆမ်ဆိုနိုဗာနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး ဆမ်ဆိုနိုဗာက (၃-၆၊ ၇-၆၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အိုဆာကာသည် ၂၀၂၅ ခုနှစ်အတွင်း ပုံစံကောင်းပျောက်ဆုံးနေပြီး ရှုံးပွဲဆက်နေခဲ့ကာ ဆမ်ဆိုနိုဗာနှင့်ပွဲစဉ်၌ ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် အနိုင်ရလဒ်ကို ရရှိနိုင်သည့် အခွင့်အရေးကောင်းကို ပိုင်ဆိုင်ခဲ့သော်လည်း tie-break တွင် ရှုံးနိမ့်ကာ ဆမ်ဆိုနိုဗာက ပြတ်သားသည့် ရလဒ်ဖြင့် အနိုင်ရရှိပြီး ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ဆမ်ဆိုနိုဗာက "ပထမပွဲငယ်မှာ ပြတ်သားတဲ့ရလဒ်နဲ့ ရှုံးနိမ့်ခဲ့တယ်ဆိုပေမဲ့လဲ နောက်ဆုံးထိ တိုက်ပွဲဝင်သွားဖို့ ဆုံးဖြတ်ခဲ့တယ်။ ဒုတိယပွဲငယ်မှာက ပွဲရလဒ်ကို အပြောင်းအလဲ ဖြစ်စေခဲ့တယ်။ ဒုတိယပွဲငယ်ဟာ တကယ့်ကို ခက်ခဲတဲ့ ပွဲငယ်ဖြစ်ပါတယ်။ ဒုတိယပွဲငယ်က အရေးကြီးတဲ့ပွဲဖြစ်တဲ့အတွက်ကြောင့် နောက်ဆုံးအခြေအနေအထိကို ကြိုးစားကစားခဲ့တယ်။ ကံကောင်းစွာနဲ့ ကျွန်မနိုင်ခဲ့တယ်။ အဆုံးအဖြတ်ပွဲစဉ်ကစားနိုင်အောင်လို့ ဒုတိယပွဲငယ်ရဲ့ကြိုးစားမှုက တစ်ကယ်ကို ထိရောက်ခဲ့ပါတယ်"ဟု ပြောကြားခဲ့သည်။

ဆမ်ဆိုနိုဗာသည် ဒုတိယအဆင့်တွင် အမေရိကန်တင်းနစ်မယ် ပီဂူလာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : AZL

# PGA Tour ကော်မရှင်နာရာထူးကို မိုနာဟန် စွန့်လွှတ်မည်ဖြစ်ကြောင်း ထုတ်ပြန်

**ဝါရှင်တန် ဇွန် ၁၈**

ဂေါက်သီးရိုက် လောက၏ အဓိက အဖွဲ့အစည်းဖြစ်သည့် PGA Tour အဖွဲ့ချုပ်၏ စတုတ္ထမြောက် ကော်မရှင်နာဖြစ်သူ အမေရိကန်နိုင်ငံသား မိုနာဟန်သည် ကော်မရှင်နာရာထူးကို စွန့်လွှတ်တော့မည်ဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

မိုနာဟန်သည် ကော်မရှင်နာရာထူးအား ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ လွှဲပြောင်းလက်ခံခဲ့ကာ တာဝန်ထမ်းဆောင်နေသူဖြစ်သည်။

မိုနာဟန်သည် ကော်မရှင်နာအဖြစ် တာဝန်ယူခဲ့သည့်ကာလအတွင်း တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့သူ တစ်ဦးဖြစ်သလို မိုနာဟန်သည် အမှုဆောင်ချုပ်အဖြစ် တာဝန်ပေးခန့်အပ်ထားသည့် ဘရိုင်ယန်ရိုလပ်အား ၎င်း၏ တာဝန်များအား နေ့စဉ်နှင့်အမျှ တစ်ဆင့်ချင်းစီ လွှဲပြောင်းပေးလျက်ရှိနေကြောင်းလည်း သိရသည်။

ဘရိုင်ယန်ရိုလပ်သည် PGA Tour ၏ စီးပွားရေးကဏ္ဍနှင့် မီဒီယာကဏ္ဍတို့တွင် ဦးဆောင်သူအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိနေသည်။

မိုနာဟန်က "ကျွန်တော့်အနေနဲ့ ကော်မရှင်နာတာဝန်ကို ထမ်းဆောင်လာခဲ့တာ ၂၀၁၇ ခုနှစ်ကတည်းကပါ။ တာဝန်ထမ်းဆောင်ခဲ့တဲ့ကာလအတွင်း ပြုပြင်ပြောင်းလဲမှုတွေပြုလုပ်နိုင်ခဲ့သလို ပုံစံသစ်တွေနဲ့လဲ ဘုတ်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းနိုင်ခဲ့တယ်။ PGA Tour ရဲ့အရှိန်အဝါကို ကောင်းအောင် တည်ဆောက်နိုင်ခဲ့သလို တိုးတက်လာတဲ့ ကဏ္ဍတွေလဲ အများကြီးရှိပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မရှင်နာအဖြစ် စာချုပ်ချုပ်ဆိုထားတာ ၂၀၂၆ ခုနှစ်ထိပါ။ သက်တမ်း ကုန်ဆုံးတဲ့အထိ တာဝန် ထမ်းဆောင်သွားမှာလဲ ဖြစ်ပါတယ်။ ကျွန်တော့်နေရာကို အစားထိုးဖို့အတွက် PGA Tour ကို အကောင်းဆုံး ဦးဆောင်နိုင်မဲ့ ခေါင်းဆောင် တစ်ယောက်ကို ကျွန်တော်တို့ ရှာတွေ့ထားပါပြီ။ သူကတော့ ဘရိုင်ယန်ရိုလပ်ပဲဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# WBC Silver စူပါမစ်ဒယ်ဝိတ်တန်းချန်ပီယံ မန်ဂွီယာ တားမြစ်ဆေးဝါးသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိ

**မက္ကဆီကိုစီးတီး ဇွန် ၁၈**

WBC Silver စူပါမစ်ဒယ်ဝိတ်တန်းချန်ပီယံ မက္ကဆီကိုလက်ဝှေ့သမား မန်ဂွီယာသည် တားမြစ်ဆေးဝါး သုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ရပြီးနောက် ဥပဒေအတိုင်း အရေးယူခံရတော့မည်ဖြစ်ကြောင်း British Boxing Board of Control (BBBofC) က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ပြီးခဲ့သည့် မေ ၄ ရက်က ပြင်သစ်လက်ဝှေ့သမား ဘရူနိုအား အနိုင်ထိုးသတ်နိုင်ခဲ့သည့် ပွဲစဉ်အပြီးတွင် တားမြစ်ဆေးဝါးသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ရခြင်းဖြစ်သည်။




စည်းမျဉ်းအရ Sample-B အား ထပ်မံစစ်ဆေးမှုပြုလုပ်ကာ ပထမအကြိမ်ရလဒ်အား အတည်ပြုနိုင်ရန် ဆောင်ရွက်ခဲ့ရာတွင် တားမြစ်ဆေးဝါး သုံးစွဲထားကြောင်း သေချာသွားပြီ ဖြစ်သည့်အတွက် အရေးယူခံရတော့မည်ဖြစ်သည်။

British Boxing Board of Control (BBBofC) က မန်ဂွီယာ၏ ဖြစ်စဉ်ကို ဘုတ်အဖွဲ့ဖြင့် စစ်ဆေးသွားမည်ဖြစ်ပြီး ဥပဒေအတိုင်း အရေးယူသွားမည်ဟုလည်း ထုတ်ပြန်ကြေညာခဲ့သည်။

မန်ဂွီယာ၏ နည်းပြအဖွဲ့က မန်ဂွီယာသည် တားမြစ်ဆေးဝါးအား ရည်ရွယ်ချက်ရှိရှိ အသုံးပြုခဲ့ခြင်းမဟုတ်သလို ၎င်းကိုယ်တိုင်ပင် အသုံးပြုခဲ့သောဆေးဝါးသည် တားမြစ်ဆေးဝါးဖြစ်သည်ကို မသိရကြောင်းလည်း ထုတ်ပြန်ခဲ့သည်။

မန်ဂွီယာ၏ နည်းပြအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက "Sample-B ကလဲ တားမြစ်ဆေးဝါးသုံးစွဲထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ရတယ်လို့ အသိပေးလာပါတယ်။ ဘယ်လိုရလဒ်ပဲထွက်ထွက် ကျွန်တော်တို့ ပထမအကြိမ် ဆေးစစ်ချက်ထွက်ကတည်းက ပြောခဲ့တဲ့အတိုင်းပဲ ဘာမှပြောင်းလဲမှာ မဟုတ်ပါဘူး။ မန်ဂွီယာဟာ တားမြစ်ဆေးဝါးကို ရည်ရွယ်ချက်ရှိရှိ သုံးစွဲခဲ့တာ မဟုတ်ပါဘူး။ သူသုံးစွဲလိုက်တဲ့ဆေးကလဲ တားမြစ်ဆေးဝါးမှန်းဆိုတာတောင် သူမသိပါဘူး။ ဆေးအဖွဲ့ရဲ့ ညွှန်ကြားချက်အရ အသုံးပြုခဲ့တာ ဖြစ်ပါတယ်။ ဖြစ်စဉ်နဲ့ပတ်သက်ပြီး အသေးစိတ်သိရှိအောင် ကျွန်တော်တို့အဖွဲ့က ဖော်ထုတ်သွားမှာပါ။ ဒါမှလဲ မန်ဂွီယာဟာ ရည်ရွယ်ချက်ရှိရှိအသုံးပြုခဲ့တာမဟုတ်ဘူးဆိုတာ သက်သေပြနိုင်မှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# ဆေးမသောက်ဘဲ ကိုလက်စထရောလျှော့ချမည်

ဒေါက်တာကျော်စွာထွန်း(ဆေးဝါးဗေဒ)

သွေးတွင်း ကိုလက်စထရောပမာဏမြင့်တက်နေခြင်းသည် အလွန်အဖြစ်များလျက်ရှိသည်။ စစ်တမ်းများအရ အင်္ဂလန်နိုင်ငံရှိ အရွယ်ရောက်ပြီးသူများ၏ ထက်ဝက်ခန့်မှာ သွေးတွင်း ကိုလက်စထရောပမာဏ ပုံမှန်ထက်မြင့်တက်လျက်ရှိပြီး အမေရိကန်နိုင်ငံရှိ လူ ၁၀ ဦးတွင် တစ်ဦးမှာ ကိုလက်စထရောပမာဏ ရှိသင့်သည့် အမြင့်ဆုံးပမာဏဖြစ်သော ၂၄၀ mg/dL ထက် များပြားနေကြောင်းခန့်မှန်းထားကြသည်။ ထိုသို့ သွေးတွင်းကိုလက်စထရောပမာဏမြင့်တက်လေ့ရှိနေသူများတွင် နှလုံးရောဂါဖြစ်ပွားနိုင်ခြေလွန်စွာများပြားနိုင်ကြောင်းကို ထိုသူများပင် မသိရှိကြပေ။ သွေးတွင်း ကိုလက်စထရောပမာဏမြင့်တက်နေခြင်းကလည်း မည်သည့်လက္ခဏာကိုမျှ ပြသခြင်းမရှိဘဲ ဆေးစစ်ခြင်းများပြုလုပ်သည့်အခါမှသာ သိရှိနိုင်သည့်အခြေအနေမျိုးဖြစ်သည့်အတွက် ပုံမှန် အတိုင်းသွားလားစားသောက်ရင်း သတိမမူမိဖြစ်နေတတ်သည်။

သင်၏ သွေးတွင်းရှိကိုလက်စထရောပမာဏမြင့်တက်နေသည်ဟုသံသယရှိပါက ဆရာဝန်နှင့်တိုင်ပင်ကာသွေးစစ်ခြင်းပြုလုပ်ရပါမည်။ သွေးစစ်၍ ကိုလက်စထရောပမာဏမြင့်တက်နေသူကို ဆရာဝန်က ကိုလက်စထရောလျှော့ချနိုင်မည့် ဆေးများဖြစ်သည့် Statins ဆေးဝါးများ သောက်သုံးရန်ညွှန်ကြားလိမ့်မည်ဖြစ်သည်။ ယူကေရှိ လူ ရှစ်သန်းခန့်နှင့် အမေရိကန်ရှိလူပေါင်း သန်း ၄၀ ခန့်မှာ Statin ဆေးများကို နေ့စဉ်သောက်နေကြရသည်။ သို့သော်လည်း ခန္ဓာကိုယ်၌ သွေးတွင်းကိုလက်စထရောပမာဏက အများကြီးမဟုတ်လျှင် သို့တည်းမဟုတ် ၎င်းဆေးဝါးများကိုမဖြစ်မနေသောက်ပေးရမည့် ရောဂါကြီးကြီးမားမားမရှိလျှင် ဆေးမသောက်ဘဲ သဘာဝအတိုင်း ကိုလက်စထရောကိုလျှော့ချနိုင်မည့် နည်းလမ်းများရှိပါသည်။

ပထမနည်းလမ်းတစ်ခုမှာ အားလုံးကြားဖူးကြမည်ဖြစ်သည့်အတိုင်း လေ့ကျင့်ခန်း လုပ်ခြင်းပင်ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်က ပေါ်ထွက်ခဲ့သော သုတေသနတစ်ခုအရ ပြေးခြင်း သို့မဟုတ် စက်ဘီးစီးခြင်း အစရှိသည့်လေ့ကျင့်ခန်းများသည် သွေးတွင်းရှိမကောင်းသော ကိုလက်စထရောပမာဏကို လျှော့ချပေးကာ ကောင်းသောကိုလက်စထရောများကို ငါးရာခိုင်နှုန်းထိမြင့်တက်စေကြောင်းကိုလည်း ၎င်းသုတေသနပြုမှုတွင် ဖော်ပြခဲ့သည်။ ဆေးလိပ်ဖြတ်ခြင်းသည်လည်း မကောင်းသော ကိုလက်စထရောများကို လျှော့ကျစေနိုင်သည့် နည်းလမ်းကောင်းတစ်ရပ်ပင်ဖြစ်ကာ ၂၀၁၉ ခုနှစ်က သုတေသနများအရ အီးစီးကရက်များသောက်သုံးမှုကိုရှောင်ကြဉ်ခြင်းသည်လည်း မကောင်းသော ကိုလက်စထရောကို လျှော့ကျစေနိုင်ကြောင်း တွေ့ရှိရပြန်သည်။

သို့သော်လည်း သွေးတွင်းကိုလက်စထရောပမာဏကိုထိန်းချုပ်ပေးနိုင်သည့် အကောင်းဆုံးနည်းလမ်းမှာ စားသောက်ပုံပြောင်းလဲခြင်းဖြစ်ကြောင်း နှလုံးရောဂါအထူးကုဆရာဝန်ရီရပ်စ်ပတေးကပြောပြသည်။ ရှောင်ကြဉ်ရမည့် အချို့သောအစားအသောက်များအကြောင်းကို မကြာခဏဆိုသလို ကျွန်ုပ်တို့ကြားသိနေကြရပြီးဖြစ်သည်။ ထိုအစားအသောက်များမှာ ပြည့်ဝဆီများ၊ ပြန်ကြော်ဆီများ၊ ပြုပြင်ဖန်တီးထားသော အစားအသောက်များစသည်တို့ဖြစ်ကြသည်။ သို့သော်လည်း အချို့သော အစားအသောက်များကို နာမည်ကြားသည်နှင့် သင့်အနေဖြင့် အံ့အားသင့်သွားလောက်သည်များလည်း ပါဝင်နေသည်။

**ကောင်းသောကိုလက်စထရောနှင့် မကောင်းသော ကိုလက်စထရော**

ကျွန်ုပ်တို့၏ စားသောက်နေထိုင်မှုအလေ့အထကိုပြောင်းလဲခြင်းမပြုမီ ရှင်းရှင်းလင်းလင်းသိထားသင့်သည့် အကြောင်းအရာတစ်ခုရှိနေသည်။ ကိုလက်စထရောဆိုသည်မှာ မကောင်းသောအရာသက်သက်မဟုတ်ဘဲ ကျွန်ုပ်တို့ ရှင်သန်ရပ်တည်ရန် မရှိမဖြစ်လိုအပ်သည့် အရာတစ်မျိုးဖြစ်သည်။ ကိုလက်စထရောသည် ခန္ဓာကိုယ်အနှံ့တွင် တည်ရှိပြီး ဆဲလ်အမြှေးပါးများတည်ဆောက်ရာတွင် မရှိမဖြစ်လိုအပ်သည့် ပစ္စည်းတစ်မျိုးဖြစ်သလို တက်စတိုစတီရုန်းနှင့် အီစထရိုဂျင်တို့ကဲ့သို့ ဟော်မုန်းများထုတ်လုပ်ရာတွင်လည်း ကူညီဆောင်ရွက်ပေးသည်။ ခန္ဓာကိုယ်အတွက် ဗီတာမင်ဒီနှင့် သည်းခြေရည်တို့၏ လုပ်ငန်းဆောင်တာများတွင်လည်းပါဝင်ဆောင်ရွက်ပေးရသည်။

> ❖မကောင်းသော ကိုလက်စထရောများကိုလျှော့ကျစေရန် မည်သို့သော အစားအသောက်များကိုစားသုံးသင့်ကြောင်း သိရှိရန် လိုအပ်ပေသည်။ အမျှင်ဓာတ်များစွာပါသည့် အစားအသောက်များ ဖြစ်ကြသော မုယောစပါး၊ ဆန်လုံးညို၊ ပဲတောင့်ရှည်၊ ပဲအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်များ၊ သစ်သီးများ၊ အခွံမာအစေ့အဆန်များတို့သည် အူသိမ်အတွင်းတွင် အစာထဲပါလာသည့် ကိုလက်စထရောများကိုပေါင်းစပ်ကာ ကိုလက်စထရောများ အူနံရံမှတစ်ဆင့် သွေးတွင်းသို့ရောက်ရှိခြင်းကို တားဆီးပေးသည်။ ❖

ပြဿနာက LDL (low density lipoprotein) ဟုခေါ်သည့် မကောင်းသောကိုလက်စထရောတစ်မျိုး သွေးတွင်းများပြားလာခြင်းမှ အစပြုသည်။ ထို့ကြောင့် သွေးတွင်းတွင်မည်သည့်ကိုလက်စထရောအမျိုးအစား မြင့်တက်နေသည်ဆိုခြင်းက အရေးကြီးသည်။ ကိုလက်စထရောများသည် သွေးထဲတွင် ပုံမှန်အတိုင်းလှည့်ပတ်သွားလာနေကြခြင်းမဟုတ်ပါ။ ၎င်းတို့ကိုလိုင်ပိုပရိုတိန်းဟုခေါ်သည့် ပစ္စည်းပို့ သောကားများနှင့်တူသည့်အရာများဖြင့် ထုပ်ပိုးကာ ပို့ဆောင်ပေးရသည်။ ထိုသို့ ပစ္စည်းပို့သည့်ကားများနှင့်တူသော လိုင်ပိုပရိုတိန်များက ကိုလက်စထရောများကို အသည်းမှသွေးကြောတွင်းသို့ ပို့ဆောင်ပေးပြီး HDL (high density lipoproteins) ဆိုသည့် ကောင်းသောကိုလက်စထရောများကသွေးတွင်းမှ ကိုလက်စထရောများကို အသည်းရှိရာသို့ပြန်လည်ပို့ဆောင်ပေးသည်။

မကောင်းသော ကိုလက်စထရောများသည် အလွန်ညံ့သော ယာဉ်မောင်းများဖြစ်ကြပေသည်။ သွေးကြောထဲတွင် မြွေလိမ်မြွေကောက်မောင်းနှင ရင်းသွေး ကြောအတွင်းနံရံများနှင့် တိုးတိုက်မိတတ်ကြသည်။ ဤဖြစ်ရပ်များသည် သွေးကြောများတွင် ပုံမှန်ဖြစ်ပွားပါက ပြဿနာမဖြစ်သော်လည်းသွေးတိုးရောဂါရှိခြင်း၊ ဆေးလိပ်သောက်ခြင်း၊ အသက်ကြီးလာခြင်းနှင့် ရောင်ရမ်းခြင်းကဲ့သို့ အခြားသော အကြောင်းရင်းများကြောင့် သွေးကြောကပေါက်ပြဲနေပါက LDL ကိုလက်စထရောသည် သွေးကြောနံရံအတွင်းပိတ်မိသွားနိုင်သည်။ ထိုသို့ဖြစ်ပါက မကောင်းသောကိုလက်စထရောအပေါ်တွင် အကာတစ်ခု ဖြစ်ပေါ်လာလေ့ရှိသည်။ ၎င်းအကာ ပေါက်ပြဲသွားချိန်တွင် သွေးခဲတစ်ခုဖြစ်ပေါ်ကာ သွေးလွှတ်ကြောကို ပိတ်ဆို့သွားစေပါက နှလုံးသွေးကြောပိတ်ဆို့ခြင်းလက္ခဏာများ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

**ဘာတွေထပ်တိုးစားသုံးပေးရမလဲ**

ကိုလက်စထရောများအကြောင်းကို သိသင့်သလောက် သိပြီးသွားချိန်တွင် မကောင်းသော ကိုလက်စထရောများကိုလျှော့ကျစေရန် မည်သို့သော အစားအသောက်များကိုစားသုံးသင့်ကြောင်း သိရှိရန် လိုအပ်ပေသည်။ အမျှင်ဓာတ်များစွာပါသည့် အစားအသောက်များဖြစ်ကြသော မုယောစပါး၊ ဆန်လုံးညို၊ ပဲတောင့်ရှည်၊ ပဲအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်များ၊ သစ်သီးများ၊ အခွံမာအစေ့အဆန်များတို့သည် အူသိမ်အတွင်းတွင်အစာထဲပါလာသည့် ကိုလက်စထရောများကိုပေါင်းစပ်ကာ ကိုလက်စထရောများအူနံရံမှတစ်ဆင့် သွေးတွင်းသို့ရောက်ရှိခြင်းကို တားဆီးပေးသည်။

စားသုံးပေးသင့်သော အခြားဒြပ်ပေါင်းများမှာ စတီရောများ (Sterols) နှင့် စတာနောများ (Stanols) ဖြစ်ကြပြီး ၎င်းတို့သည်လည်း အပင်မှရရှိသော ဒြပ်ပေါင်းများဖြစ်ကြသည်။ ၎င်းတို့ကိုပြုပြင် ဖန်တီးထားသောဒိန်ချဉ်များနှင့် ဖြည့်စွက်အားဆေးများတို့တွင် ထည့်သွင်းပြုလုပ်လေ့ရှိကြသည်။ ကိုလက်စထရောပါဝင်သည့် အစားအစာကိုစားသုံးလိုက်ပါက အူလမ်းကြောင်းရှိ ကိုလက်စထရောလက်ခံရာဌာနများကစုပ်ယူရန် အဆင်သင့်ဖြစ်နေတတ်သည်။ စတီရောနှင့်စတာနောများက ထိုလက်ခံရာဌာနများကို အမြင်မှောက်မှားအောင်လုပ်လိုက်ပြီး ကိုလက်စထရောများအစား ၎င်းတို့ကိုစုပ်ယူစေသည်။ ထိုအခါ အစားအစာထဲတွင် ပါလာသည့် ကိုလက်စထရောများသည် သွေးတွင်းသို့ရောက်ရှိမှုနည်းပါးပြီး ဝမ်းနှင့်အတူခန္ဓာကိုယ်ပြင်ပသို့ စွန့်ထုတ်ခြင်းခံရသည်။ အထက်ပါ အစားအသောက်များသည် ဆေးဝါးအကူအညီမပါဘဲ သွေးတွင်းရှိ မကောင်းသောကိုလက်စထရောပမာဏကို လျှော့ချနိုင်သည့် အကောင်းဆုံးနည်းလမ်းဖြစ်ပြီး ကိုလက်စထရော ၁၀ ရာခိုင်နှုန်းခန့်လျှော့ကျစေနိုင်သည့် နည်းလမ်းဖြစ်သည်။

**ဘာတွေကိုဖြတ်တောက်ရမလဲ**

စားသုံးရမည့် အစားအသောက်များရှိကြသကဲ့သို့ ရှောင်ကြဉ်သင့်သောအစားအသောက်များလည်းရှိနေသည်။ ကိုလက်စထရောများပြားစွာပါဝင်သည့် အစားအစာများကိုလုံးဝစားသောက်ခြင်းမပြုဘဲ နေကြရတော့မလားဟုမေးစရာရှိလာသည်။ ကြက်ဥအနှစ်ကဲ့သို့ ကိုလက်စထရောပါဝင်သည့် အစားအစာများကို အလွန်ကြောက်စရာကောင်းသည်ဟုပြောဆိုခဲ့ကြသည့် အချိန်တစ်ခုရှိခဲ့ဖူးသည်။ တကယ်တန်းအစားအစာထဲတွင်ပါဝင်သည့် ကိုလက်စထရောနှင့် သွေးတွင်းကကိုလက်စထရောများက တူညီခြင်းမရှိလှပါ။ ခန္ဓာကိုယ်တွင်းလှည့်ပတ်သွားလာနေသည့် ကိုလက်စထရောများ၏ ၈၀ ရာခိုင်နှုန်းခန့်မှာ အသည်းကထုတ်လုပ်ပေးခြင်းဖြစ်ပြီးအစားအစာများမှ တိုက်ရိုက်ရရှိခြင်းမဟုတ်ပါ။

သို့သော် အစားအစာများကသွေးတွင်းကိုလက်စထရောပမာဏနှင့် လုံးဝသက်ဆိုင်ခြင်းမရှိခြင်းမဟုတ်ပါ။ အစားအစာများကအသည်း၏ ကိုလက်စထရောထုတ်လုပ်မှုကို လွှမ်းမိုးမှုရှိသည်။ ဥပမာအားဖြင့် လွန်ကဲစွာပြုပြင်ဖန်တီးထားသော အစားအသောက်များ၊ အမဲဆီများ၊ ပြုပြင်ထားသော ဒိန်ခဲနှင့် ထောပတ်များ၊ ပြန်ကြော်ဆီဖြင့်ပြုလုပ်ထားသောအစားအစာများ၊ စားအုန်းဆီစသည့် ပြည့်ဝဆီပါဝင်မှုများပြားသောအစားအစာများတွင် သွေးတွင်းရှိ မကောင်းသောကိုလက်စထရောပမာဏကို မြင့်တက်စေနိုင်သည်။ ထို့အတူ သကြားစားသုံးမှုများပြားခြင်းကလည်း အသည်းမှမကောင်းသော ကိုလက်စထရောထုတ်လုပ်မှုကို မြင့်တက်စေပြီး ကောင်းသည့် ကိုလက်စထရောထုတ်လုပ်မှုပမာဏကိုလျှော့ကျစေသည်။

ထိုအခါ အစာစားတိုင်းမုယောစပါးများကို ပါဝင်အောင်စားပြီးပြည့်ဝဆီပါဝင်သည့် မုန့်နှင့် အစားအစာများ၊ သကြားတို့ကို ထာဝရရှောင်ကြဉ်ရမည်မဟုတ်ပါ။ အစွန်းနှစ်ဖက်ကိုရှောင်ပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် သင့်တင့်မျှတပြီးအာဟာရမျိုးစုံပါဝင်သည့်အစားအသောက်များကိုစားသုံးပေးခြင်းကသာအကောင်းဆုံးဖြစ်သည်။ ဆန်၊ ဂျုံ စသည့် ကစီဓာတ်များလည်းမများလွန်း၊ ပြည့်ဝဆီကလည်း နည်းနည်းပါပြီး ပြုပြင်ဖန်တီးထားသည့် အစားအသောက်များကိုလည်း တတ်နိုင်သမျှလျှော့ချကာ သမမျှတစွာစားသုံးသင့်သည်။ ပြည့်ဝဆီနှင့် သကြားများစွာပါဝင်သည့် လွန်ကဲစွာပြုပြင်ဖန်တီးထားသောအစားအသောက်များကိုစားသုံးပါကသွေးကြောများအတွင်း ရောင်ရမ်းမှုများဖြစ်ပေါ်ကာ သွေးချိုဆီးချိုရောဂါနှင့် နှလုံးရောဂါများကိုပိုမိုဖြစ်စေနိုင်သည်။

ထို့ကြောင့် သင့်တင့်မျှတစွာစားသုံးပြီး လေ့ကျင့်ခန်းမှန်မှန်လုပ်ပေးခြင်း၊ ဆေးလိပ်ဖြတ်ခြင်း၊ အရက်နှင့်ဘီယာလျှော့သောက်ခြင်းတို့က သင်၏ သွေးတွင်းရှိမကောင်းသောကိုလက်စထရောများကိုဆေးဝါးမလိုဘဲ လျှော့ချပေးနိုင်သည့် နည်းလမ်းကောင်းများဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

– How can I reduce cholesterol without statins? Science Focus, June 2025

# သုခမရုပ်သံလိုင်းမှ ကျူးပစ်ရဲ့ ကျေးကျွန်များ ရုပ်ရှင်ဇာတ်ကားကို ဇွန် ၂၂ ရက်တွင် ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည်ဖြစ်




**ရန်ကုန် ဇွန် ၁၈**

CANAL+ အခပေး ရုပ်သံလိုင်း သုခမ ရုပ်သံလိုင်းမှ ကျူးပစ်ရဲ့ ကျေးကျွန်များ ရုပ်ရှင်ဇာတ်ကားကို ဇွန် ၂၂ ရက်တွင် ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျူးပစ်ရဲ့ ကျေးကျွန်များ ရုပ်ရှင်ဇာတ်ကားသည် ခူးခူး၏ ဝတ္ထုဇာတ်လမ်းကို အင်ကြင်းဟန်က ဇာတ်ညွှန်းရေးသားထားခြင်း ဖြစ်ပြီး ဒါရိုက်တာ ဝိုင်းက လူစွမ်းကောင်း ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူဖန်တီးထားခြင်းဖြစ်ကြောင်း သိရသည်။

" ဒီရုပ်ရှင်ဇာတ်ကားကြီးက ၂၀၁၅ ခုနှစ် ဩဂုတ်လလောက်က ရုံတင်ခဲ့တဲ့ ရုပ်ရှင်ကားဖြစ်သလို လူငယ်တွေကြားထဲမှာ အောင်မြင်မှုရခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားလဲ ဖြစ်ပါတယ်။ ပြန်လည်ကြည့်ရှုလိုတဲ့ ပရိသတ်တွေအတွက် CANAL+ ရဲ့ သုခမ ရုပ်သံလိုင်းကနေ ပြန်လည်လွှင့်ပေးမှာဖြစ်ပါတယ်"ဟု အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ စိုးနန္ဒာကျော်က ပြောပြသည်။

အဆိုပါ ကျူးပစ်ရဲ့ ကျေးကျွန်များ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် နေတိုး၊ စိုင်းစိုင်းခမ်းလှိုင်၊ ဖွေးဖွေး၊ စိုးနန္ဒာကျော်နှင့် ဝါရင့်သရုပ်ဆောင်များစွာ ပါဝင်ထားကြကြောင်း သိရပြီး ကျူးပစ်ရဲ့ ကျေးကျွန်များရုပ်ရှင်ဇာတ်ကားကို ဇွန် ၂၂ ရက် မနက် ၈ နာရီအချိန်တွင် CANAL+ ZAT LENN အခပေး ရုပ်သံလိုင်း၊ သုခမ ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Code Black လျှို့ဝှက်သည်းဖိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားအဖြစ် Amazon ရိုက်ကူးမည်

**နယူးယောက် ဇွန် ၁၈**

Amazon MGM စတူဒီယိုသည် စာရေးဆရာ ဟာရီဆင်ကွာရီ၏ Code Black လျှို့ဝှက်သည်းဖိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားအဖြစ် ရိုက်ကူးမည်ဖြစ်ကြောင်း ဇွန် ၁၇ ရက်သတင်းများအရ သိရသည်။

Code Black ဇာတ်ကားတွင် မင်းသား ဂျိတ်ဂျီလန်ဟားပါ ပါဝင်သရုပ် ဆောင်ဖွယ်ရှိသည်။

လက်ရှိအချိန်တွင် မင်းသား ဂျိတ်ဂျီလန်ဟားပါ Code Black ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်နိုင်ရေးအတွက် Amazon MGM နှင့် ဆွေးနွေးနေကြောင်း သိရသည်။

Code Black ဇာတ်ကားသည် ခွဲစိတ်မှုတစ်ခုအတွက် ဝါရင့်တန်သို့ သွားရောက်စဉ် ထောင်ချောက်တစ်ခုအတွင်း ကျရောက်ခဲ့ရပြီးနောက် နိုင်ငံကိုကယ်တင်ရန်အတွက် ခွဲစိတ်ပညာကိုပင်အသုံးချခဲ့ရသည့် ထိပ်တန်းနှလုံးခွဲစိတ်ဆရာဝန်တစ်ဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Code Black ဇာတ်ကားကို တာဝန်ယူရိုက်ကူးမည့် ဒါရိုက်တာကို Amazon MGM ကရွေးချယ်ရခြင်းမရှိသေးကြောင်း၊ ထိုဇာတ်ကားအတွက်ဇာတ်ညွှန်းကိုစာရေးဆရာဟာရီဆင်ကွာရီ ကိုယ်တိုင်ရေးသားပေးမည်ဖြစ်သည်။

**Ref : Sputnik News**
**Trs : KKO**





# တေးသံရှင် မေခလာ၏ တရားခံဘယ်သူလဲဟေ့ တေးဂီတ ဖျော်ဖြေပွဲကို New Xtreme Bar & Lounge တွင် ပြုလုပ်သွားမည်




**ရန်ကုန် ဇွန် ၁၈**

တေးသံရှင် မေခလာ၏ တရားခံဘယ်သူလဲဟေ့ အမည်ရှိ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ New Xtreme Bar & Lounge တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် မေခလာထံမှ သိရသည်။

အဆိုပါတရားခံဘယ်သူလဲဟေ့ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ New Xtreme Bar & Lounge တွင် Live Music Show အဖြစ် ဇွန် ၂၇ ရက် ညတွင် ပြုလုပ်သွားမည်ဖြစ်ပြီး တေးသံရှင် မေခလာ၏ သီဆိုဖျော်ဖြေတင်ဆက်မှုများကို New Xtreme တေးဂီတအဖွဲ့က အကောင်းဆုံးတီးခတ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

" ဇွန် ၂၇ ရက် ညမှာ New Xtreme Bar & Lounge မှာ ရှိနေမှာပါ။ ချစ်ငယ်နဲ့အတူ New Xtreme Bar & Lounge က ပင်တိုင်အဆိုရှင်တွေကလဲ အကောင်းဆုံးအားဖြည့် သီဆိုပေးသွားမှာပါ။ ချစ်ငယ်ရဲ့ ပရိသတ်တွေ ကြိုက်ခဲ့တဲ့ ချစ်ငယ်လဲ ကြိုက်တဲ့သီချင်းတွေနဲ့ အားပါးတရ ဖျော်ဖြေမှာမို့ လာရောက် အားပေး နားဆင်ကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု တေးသံရှင် မေခလာက ပြောပြသည်။

တေးသံရှင် မေခလာ၏ တရားခံဘယ်သူလဲဟေ့ တေးဂီတ ဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ New Xtreme Bar & Lounge တွင် Live Music Show အဖြစ် ဇွန် ၂၇ ရက် သောကြာနေ့ ည ၇ နာရီမှ စတင်ကာ ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ပြီးChannel K Myanmar နှင့် YouTube Channel လိုင်းတို့မှ ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# lionsgate ၏ The Hunger Game ၌ ကလန်းကလိုနှင့် ဘီလီပေါ်တာတို့ ပါဝင်လာ

**နယူးယောက် ဇွန် ၁၈**


Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ The Hunger Game Sunrise on the Reaping ဇာတ်ကားသစ်၌ မင်းသမီးကြီး ကလန်းကလိုနှင့် မင်းသားကြီး ဘီလီပေါ်တာတို့ ပါဝင်လာကြောင်း ဇွန် ၁၇ ရက်သတင်းများအရ သိရသည်။

The Hunger Game Sunrise on the Reaping ဇာတ်ကားတွင် ကလန်းကလိုနှင့် ဘီလီပေါ်တာတို့သည် မင်းသားဂျိုးဆက်ဇာဒါ၊ မင်းသမီး ဝစ်တနီပိတ်၊ မက္ကနာဂရေစ်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဖရန့်စစ်လောရင့်က စာရေးဆရာဆူဇန်ကောလင်း ရေးသားသည့် ခေါင်းစဉ်တူဝတ္ထုကို အခြေခံရိုက်ကူးမည် ဖြစ်သည်။

The Hunger Game Sunrise on the Reaping ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာဘီလီရေးက ရေးသားပေးထားကြောင်း၊ ထိုဇာတ်ကားကို ၂၀၂၆ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် ရုံတင်ပြသရန် Lionsgate ရုပ်ရှင်ကုမ္ပဏီကစီစဉ်ထားပြီး ထိုဇာတ်ကားသည် ဆဋ္ဌမမြောက် Hunger Game ဇာတ်ကား ဖြစ်သည်။

**Ref : Russia Today**
**Trs : KKO**





# ကဥ္စနရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် အောင်စည်အောင်မောင်း ရုပ်ရှင်ဇာတ်ကားကို ဇွန် ၂၀ ရက်တွင် ရုံတင်ပြသမည်ဖြစ်

**ရန်ကုန် ဇွန် ၁၈**

ကဥ္စန ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် အောင်စည်အောင်မောင်း ရုပ်ရှင်ဇာတ်ကားကို ဇွန် ၂၀ ရက်တွင် တစ်နိုင်ငံလုံးရှိ ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည်ဖြစ်ကြောင်း ဒါရိုက်တာခင်လှိုင် (ဉာဏ်ကြီးရှင်) ထံမှ သိရသည်။

အဆိုပါအောင်စည်အောင်မောင်း ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ကေဆဲဗင်းကရေးသားထားကာ ဆဲဗင်းဒေးကဇာတ်ညွှန်းရေးသားထားပြီး ကဥ္စနရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာခင်လှိုင် (ဉာဏ်ကြီးရှင်)နှင့် တွဲဖက်ဒါရိုက်တာမိုးမိုးတို့က တာဝန်ယူပုံဖော် ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

" ဒီဇာတ်ကားကို ကျွန်တော်တို့ နေပြည်တော် တပ်ကုန်းဘက်က တံခွန်တိုင်ရွာဘက်မှာ သွားရိုက်ကူးခဲ့တာပါ။ အဲ့လို ရိုက်ချိန်မှာ အမှတ်တရဆိုရင်တော့ ရေကြီးတာနဲ့ကြုံခဲ့ရတာပါ။ ဒီဇာတ်ကားကို အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ကြိုးစားထားပါတယ်။ ဉာဏ်မေတ္တာဘဲ့နဲ့ အချစ်ဇာတ်လမ်းလေးပါ။ ဒရာမာကြီးပဲတော့ မဟုတ်ပါဘူး။ ဇာတ်အလှည့်အပြောင်းလေးကိုပိတ်ကားပေါ်မှာ ကြည့်ရှုကြပါလို့ပြောချင်ပါတယ်" ဟု ဒါရိုက်တာခင်လှိုင် (ဉာဏ်ကြီးရှင်) က ပြောပြသည်။

အဆိုပါ အောင်စည်အောင်မောင်း ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် နေတိုး၊ ဖြိုးငွေစိုး၊ တိုင်ရွှန်း၊ ဖြိုးလေး၊ ခင်လှိုင်၊ မင်းဟိဏ်း၊ ဆင်မ၊ စိစိ၊ စူပါလင်း၊ နော်ဖောအယ်ထား၊ နေခြည်ရွှန်းလက်၊ တက္ကသိုလ်ဝွမ်းပုံနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# 65,000 baskets of 90-day paddy variety sent to Yangon market in May


Bags of rice being loaded onto a truck.

**Mawlamyinegyun June 18**

Merchants from Mawlamyinegyun Township of Ayeyawady Region supplied 65,000 baskets of 90-day paddy variety to Yangon market in May, said Daw Win Win Maw, the owner of paddy and rice trading commodity in Mawlamyinegyun Township.

Merchants shipped 45,000 baskets of same paddy variety to Yangon market in April but 65,000 baskets in May. Such kind of paddy is one of the non-premium paddy varieties.

During the past month, large quantities of 90-day paddy variety have been transported and sold to the Yangon market. Daw Win Win Maw said: "We mostly export agricultural products from Mawlamyinegyun to the Yangon market. This 90-day paddy variety falls under the category of rough rice. Due to strong demand from buyers in Yangon, exports of this variety have increased. The current paddy price is also rising. There have been many orders and connections made to purchase this 90-day paddy in Yangon this month as well. Compared to other paddy varieties, both last month and even now, this particular variety is being traded more actively. We are using both land and water routes to transport and sell the paddy efficiently."

It is also reported that the 90-day paddy sent from Mawlamyinegyun Township to the Yangon market over the past month has been selling at a price of up to K1.515 million per 100 baskets. Thanks to the improved trade of this paddy, farmers, traders, freight workers, and truck rental operators have all gained job and income opportunities.

Kyaw Kyaw Lin

# More than 4,000 acres of sugarcane planted in KhinU Township

**KhinU June 18**

According to KhinU Township Agriculture Department, a total of 4,111 acres of sugarcane has been planted in KhinU Township of Sagaing Region this year.

For the 2025–2026 monsoon crop season, it is planned to cultivate a total of 4,551 acres of sugarcane in KhinU Township. Cultivation began in May of this year, and as of today, 4,111 acres have already been planted against the target cultivation. Efforts are underway to meet the target acreage.

"This year during the monsoon season, we have planned to grow 4,551 acres of sugarcane in KhinU Township. As of today, 4,111 acres have already been cultivated. We are working to achieve the full targeted acreage. Local farmers are planting sugarcane as usual," said U Nay Win Naing, Head of the KhinU Township Agriculture Department.

In terms of sugarcane cultivation across the Sagaing Region, it is being carried out in Shwebo, Kanbalu, and Katha districts, with Kanbalu and Katha districts accounting for the largest cultivation areas.

In KhinU Township, the cultivation cost per acre of sugarcane ranges between K600,000 to K700,000, and the yield is around 30 tons per acre.

Within the Sagaing Region, high-yield sugarcane varieties such as K-95/84, Nawaday-4, Formosa, and Hsinshweli are being cultivated, with a focus on both rainfed and irrigated methods.

206

# Plan set to grow more than 100,000 acres of monsoon paddy in Shwebo Township this year

**Shwebo June 18**

According to Shwebo Township Agriculture Department, a total of 100,000 acres of monsoon paddy will be grown in Shwebo Township of Sagaing Region this year.

A total of 109,400 acres of monsoon paddy has been earmarked to grow in Shwebo Township in 2025-26 cultivation season, staring from June to September.

The Shwebo Township Agriculture Department Head, U San Oo, stated that over 100,000 acres of monsoon paddy are planned to be cultivated in Shwebo Township during this year's monsoon crop season. Efforts will be made to fully meet this target. Necessary technologies and suitable paddy varieties will be provided for the cultivation of monsoon paddy. Field operations will also be carried out to assist farmers in timely cultivation.

It is learned that, during this year's monsoon crop season, the respective township agriculture department and local farmers will collaborate to ensure systematic and trouble-free cultivation of monsoon paddy.

In Shwebo Township, farmers cultivating monsoon paddy will be provided with agricultural techniques, awareness on pest prevention, guidance to avoid crop losses, and information to ensure timely storage of harvested paddy under shelter.

This year, the monsoon paddy fields in Shwebo Township are expected to be productive and yield good outputs. To achieve this, the township agriculture department and its staff will carry out field visits to provide technical assistance including selection of quality and pure seeds, prevention of pest infestations, timely weeding and thinning, removal of off-type plants, and systematic use of fertilizers.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Plan underway to cultivate more than 40,000 acres of monsoon paddy in Hainggyikyun

**Hainggyikyun June 18**

Preparations are being made to grow a total of 47,076 acres of monsoon paddy in Hainggyikyun of Ngaputaw Township in Ayeyawady Region this monsoon, said U Hsan Win, Head of Ngaputaw Township Agriculture Department.

Local authorities earmarked cultivation of 47,076 acres of monsoon in Hainggyikyun in the first week of July. So, officials of the township Agriculture Department will provide agricultural techniques to local farmers in growing paddy without difficulties and take preventive measures against golden snails in the paddy fields.

In the 2025–2026 monsoon cultivation season, Hainggyikyun is planning to grow paddy on a total of 47,076 acres. According to U Hsan Win, Head of the Agriculture Department in Ngaputaw Township, monsoon paddy is the primary crop grown in Hainggyikyun, more so than summer paddy. To ensure local farmers can cultivate successfully without difficulties, the authorities are carrying out technical support activities, including pest and disease prevention programmes for the paddy fields.

In order to meet the target acreage, various departments are coordinating efforts. These include the Department of Agriculture, the General Administration Department, the Department of Agricultural Mechanization, and the Irrigation and Water Utilization Management Department. Together, they are supporting the cultivation processes across the township.

Moreover, the government is distributing Pearl compound fertilizers produced by State-owned factories to help farmers access fertilizers without financial burdens. These are made available at appropriate rates through an installment-based payment system. This initiative is aimed at ensuring farmers can use the right amount of fertilizers effectively and cultivate successfully during the monsoon season.

Kyaw Kyaw Lin

# Sagaing District to plant more than 2,000 acres of Sterculia versicolor this monsoon


A Sterculia versicolor plantation in Sagaing District.

**Sagaing June 18**

A plan is underway to grow 2,694 acres of Sterculia versicolor in Sagaing District of Sagaing Region this monsoon, according to the district Agriculture Department.

In 2025-26 cultivation season, Sagaing Township earmarked cultivation of 579 acres of Sterculia versicolor, Myinmu Township 2,056 acres and Myaung Township 59 acres, totalling 2,694 acres.

"This year, during the monsoon crop season, a target has been set to cultivate 2,694 acres of Sterculia versicolor in Sagaing District. Efforts will be made to fully achieve this target acreage," said Daw Thida Lwin, the Head of the District Agriculture Department of Sagaing District.

She explained that Sterculia versicolor is drought-resistant, can grow in various types of soil, and is a tropical forest tree species. It requires little rainfall and thrives in rocky hill areas, making it suitable for cultivation in such regions.

Farmers cultivating Sterculia versicolor are being encouraged and mobilized by the Department of Agriculture to use the GAP (Good Agricultural Practices) chemical-free system. The Sterculia versicolor harvested from farms that follow the GAP system will be issued GAP certification, making it a low-chemical product. Cultivating under the GAP system can also help Sterculia versicolor gain a stronger position in the market compared to conventionally grown crops.

In addition, the Department of Agriculture is reportedly collaborating with major traders' associations to improve Sterculia versicolor yield and to support its market access. 206

# Shwebo Township completes cultivation of pigeon pea on more than 2,000 acres this year

**Shwebo June 18**

The Statistics of Shwebo Township Agriculture Department stated that more than 2,000 acres of croplands has been placed under pigeon pea plantations in Shwebo Township of Sagaing Region this monsoon.

During the 2025–2026 monsoon crop season, it is planned to cultivate 6,968 acres of pigeon pea in Shwebo Township. Cultivation began in May this year, and as of today, 2,023 acres have already been planted.

U San Oo, Head of the Shwebo Township Agriculture Department, stated: "This year, more than 6,000 acres of pigeon pea are targeted for cultivation in Shwebo Township during the monsoon season. So far, over 2,000 acres have been planted. We are working to ensure the full targeted acreage is achieved. Efforts are also being made to ensure high yields. Pigeon peas are being grown both as a sole crop and as an intercrop."

This year, the Shwebo Township Agriculture Department is providing field-based technical support to pigeon pea farmers. This includes guidance on selecting quality and pure seeds, adopting proper cultivation methods, preventing pest infestations, and improving yields.

In addition, the Agriculture Department is promoting the use of technology that combines urea and gypsum fertilizers to help reduce farmers' expenses. It has been reported that this method not only lowers cultivation costs but also protects crops from pests and enhances plant growth. 206


A pigeon pea plantation.

# Myaungmya Township to plant more than 1,000 acres of tapioca this monsoon

**Myaungmya June 18**

Arrangements are being made to cultivate a total of 1,281 acres of tapioca as a monsoon crop in Myaungmya Township of Ayeyawady Region, said Daw Khin Htay Myint, the head of Myaungmya District Agriculture Department.

Local authorities have earmarked cultivation of 1,281 acres of tapioca in Myaungmya Township this year. Officials of Agriculture Department and local farmers are joining hands in cultivation of tapioca on all sown acreage without any difficulties.


A tapioca plantation in Myaungmya Township.

Daw Khin Htay Myint stated: "The Department of Agriculture is working to ensure 100 per cent cultivation in accordance with the target plan. In addition, departmental staff are conducting field visits and providing technical support in advance to ensure balanced and proper use of fertilizers, pesticides, and herbicides for all monsoon crops, and to protect the cultivated crops from pest infestations. Since the farmers have prior experience growing tapioca, they are able to cultivate them without difficulty. The tapioca grown by the local farmers are of high-yield and good quality varieties."

In Myaungmya Township, a total of 119 local farmers are primarily involved in the cultivation of tapioca. The variety grown in the area can be harvested and sold about three to four months after initial planting. The harvested tapioca are transported and sold in the Yangon market. It is reported that the tapioca grown during this year's cold season fetched a good price of up to K3,500 per viss, which brought satisfactory profits to the local farmers.

Kyaw Kyaw Lin

# Police kill 3 Naxal commanders in India's Andhra Pradesh

**New Delhi June 18**

Three Naxal commanders were killed Wednesday in a gunfight with police in the southern Indian state of Andhra Pradesh, the police said.

The gunfight broke out in the Kondamodalu forest area of Alluri Sitarama Raju district, about 400 km northeast of Amaravati, the capital of Andhra Pradesh, when their units carried out a search operation in the area on specific intelligence information suggesting the presence of Naxals.

The search operations in the forest area are still underway.

The police said they have not suffered any damage in the stand-off, and suspected the Naxal commanders have entered the state from the neighbouring Chhattisgarh.

Xinhua

# 135 more Venezuelan migrants deported from U.S. return home

**Caracas June 18**

A flight carrying another 135 Venezuelan migrants deported from the United States landed Tuesday in the capital Caracas, the Interior, Justice and Peace Ministry confirmed.

According to a ministry statement, the repatriated migrants returned aboard a U.S.-registered aircraft from the southern U.S. state of Texas, after going through standard arrival process, including an interview to "review their case."

"They then receive medical attention from government institutions" before being "transferred to their homes by security forces," the ministry said.

Since February, more than 5,600 Venezuelan migrants have been returned to the South American country, which has a program in place called Plan Vuelta a la Patria to help returnees reintegrate into local society, according to official data. Xinhua

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## Su-57တိုက်လေယာဉ်များကိုပူးတွဲထုတ်လုပ်ရန် အိန္ဒိယက ရုရှားနိုင်ငံထံမှအဆိုပြုချက်အပေါ် နှစ်နိုင်ငံဆွေးနွေးညှိနှိုင်း




အိန္ဒိယနိုင်ငံသည် Su-57 ပဉ္စမမျိုးဆက်တိုက်လေယာဉ်များကို ပူးတွဲထုတ်လုပ်ရန် ရုရှားနိုင်ငံထံမှ အဆိုပြုချက်နှင့်ပတ်သက်၍ နှစ်နိုင်ငံဆွေးနွေးညှိနှိုင်းမှုများပြုလုပ်လျက်ရှိကြောင်း အိန္ဒိယနိုင်ငံပိုင်သတင်းဌာနများ၏ ထုတ်ပြန်ချက်ကို ကိုးကား၍ Army Recognition သတင်းဌာနက ဇွန် ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အိန္ဒိယလေတပ်(IAF)ကို အားကောင်းလာစေရန်နှင့် နိုင်ငံ၏ပြည်တွင်းကာကွယ်ရေးထုတ်လုပ်မှုစွမ်းရည်ကို အဆင့်မြှင့်တင်ရန်ရည်ရွယ်သည့် မဟာဗျူဟာမြောက် လုပ်ဆောင်ချက်တစ်ရပ်လည်းဖြစ်သည်။ F-35A Lightning II ကိုယ်ပျောက်တိုက်လေယာဉ်များကို အိန္ဒိယနိုင်ငံသို့ရောင်းချရန် အမေရိကန်နိုင်ငံထံမှ စိတ်ဝင်စားလာနေချိန်တွင် အဆိုပြုချက်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ မျိုးဆက်သစ်တိုက်လေယာဉ်ကို ရွေးချယ်ရာတွင် အရေးကြီးသော လမ်းဆုံလမ်းခွတွင် ရောက်ရှိနေပြီဟုလည်း ဆိုနိုင်သည်။

ရုရှား Su-57 တိုက်လေယာဉ်ကို အိန္ဒိယ၏ထည့်သွင်းစဉ်းစားမှုသည် မဟာဗျူဟာမြောက်ဆက်နွယ်မှုနှင့် စက်မှုလုပ်ငန်းဆိုင်ရာ အားသာချက်နှစ်ခုစလုံးနှင့် သက်ဆိုင်နေသည်။ ရုရှားနိုင်ငံသည် အိန္ဒိယနိုင်ငံအတွက် ကာကွယ်ရေးစစ်လက်နက်ပစ္စည်းများ အမြောက်အမြားနှင့် အချိန်ကာလရှည်ကြာစွာ ရောင်းချပေးလျက်ရှိသောနိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နေဆဲပင်ဖြစ်သည်။ အိန္ဒိယလေတပ်၏ လက်ရှိ တိုက်လေယာဉ်များဖြစ်သည့် Su-30MKI၊ MiG-29 နှင့် MiG-21 တို့၏ ၇၀ ရာခိုင်နှုန်းကျော်သည် ရုရှားနိုင်ငံထုတ်များဖြစ်ကြသည်။ အိန္ဒိယ၏ ရှေ့တန်းကျကျ လေကြောင်းစွမ်းအားတစ်ခုဖြစ်သည့် Su-30MKI ကို အိန္ဒိယနိုင်ငံ Hindustan Aeronautics Limited(HAL)ကုမ္ပဏီက Nashik စက်ရုံ၌ ထုတ်လုပ်လျက်ရှိသည်။ ထို့ကြောင့် လေယာဉ်ထုတ်လုပ်ရေးအခြေခံအဆောက်အအုံရှိနှင့်ပြီးသားဖြစ်သည့်အတွက် Su-57 ကို ပူးတွဲထုတ်လုပ်ရန်မှာ အဆင်ပြေချောမွေ့စွာလုပ်ဆောင်နိုင်စေမည်ဖြစ်သည်။ ကုန်ကျစရိတ်သက်သာခြင်း၊ ပိုမိုမြန်ဆန်စွာအကောင်အထည်ဖော်နိုင်ခြင်းနှင့် ခိုင်မာအားကောင်းသော ပြည်တွင်းထောက်ပံ့ရေးကွင်းဆက်ကို ပံ့ပိုးပေးနိုင်မည်ဖြစ်သည်။ ရုရှားနိုင်ငံထံမှ အဆိုပြုကမ်းလှမ်းချက်တွင် နည်းပညာမျှဝေမှု၊ လေကြောင်းဆိုင်ရာစနစ်များနှင့် ကိုယ်ပျောက်စနစ်များ ပူးတွဲဖွံ့ဖြိုးတိုးတက် လုပ်ဆောင်မှုနှင့် အိန္ဒိယနိုင်ငံတွင် ထုတ်လုပ်ရေးစက်ရုံတည်ဆောက်မှုတို့ ပါဝင်သည်။

India Today Conclave 2025 ဟောပြောပွဲတွင် ရုရှားသံအမတ်ကြီး Denis Alipovက Su-57 တိုက်လေယာဉ်ကို အဆင့်အမြင့်ဆုံး တိုက်လေယာဉ်အဖြစ် စွမ်းဆောင်ရည်များကို အလေးပေးပြောကြားခဲ့သည်။ NATO အဖွဲ့က Felon ဟု အမည်ပေးထားသော Su-57 သည် မြန်နှုန်းမြင့်လှုပ်ရှားစစ်ကစားနိုင်မှု၊ တာဝေးပစ်တိုက်ခိုက်မှုနှင့် စူပါဆောနစ်အလျင်နှုန်းဖြင့် ပျံသန်းတိုက်ပွဲဝင်နိုင်ရန်အတွက် ဒီဇိုင်းထုတ်ထားသည်။ မြင်နိုင်စွမ်းနည်းပါးသောဝိသေသလက္ခဏာများဖြင့် အတွင်းလက်နက်တပ်ဆင်ခန်းတစ်ခု ပါရှိကာ thrust-vectoring အင်ဂျင်များတပ်ဆင်အသုံးပြုထားသည်။ ၎င်း၏ ရေဒါဖြတ်ပိုင်းဧရိယာသည် F-35 A ထက် ပိုမိုများသော်လည်း ပြောင်းလွယ်ပြင်လွယ်ရှိစွာ လှုပ်ရှားပျံသန်းနိုင်မှု၊ အကွာအဝေးနှင့် လက်နက်မျိုးစုံအများအပြားသယ်ဆောင်နိုင်မှုတို့ဖြင့် သိသာထင်ရှားသော နည်းဗျူဟာမြောက် ဝိသေသလက္ခဏာများ ပိုင်ဆိုင်ထားပါသည်။

ရုရှားနိုင်ငံထုတ် Su-57 နှင့် အမေရိကန်နိုင်ငံထုတ် F-35A တို့ကြား ရွေးချယ်မှုသည် ဝယ်ယူရေးဆုံးဖြတ်ချက်တစ်ခုမျှသာမဟုတ်ဘဲ အိန္ဒိယ၏ ကာကွယ်ရေးစက်မှုလမ်းကြောင်းအတွက် အရေးပါသည့်အခိုက်အတန့်ဖြစ်သည်။ နိုင်ငံရေးအရ ချိန်ညှိမှုများကို မကြာခဏဆွေးနွေးလေ့ရှိသော်လည်း ဤဆုံးဖြတ်ချက်သည် အဓိကအားဖြင့် လုပ်ငန်းဆောင်ရွက်မှုလိုအပ်ချက်များ၊ နည်းပညာဆိုင်ရာလိုက်လျောညီထွေရှိမှု၊ ကုန်ကျစရိတ်သက်သာမှုနှင့် ပြည်တွင်းထုတ်လုပ်မှုစွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာရည်မှန်းချက်တို့ဖြင့် အဓိကမောင်းနှင်လုပ်ဆောင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။ အလားအလာရှိသော Su-57 ပူးတွဲထုတ်လုပ်ရေးသဘောတူညီချက်သည် အင်ဒို-ရုရှား ကာကွယ်ရေးပူးပေါင်းထုတ်လုပ်ခြင်း ခေတ်သစ်ကို ဖော်ဆောင်နိုင်စေမည်ဖြစ်သည်။ အကယ်၍ F-35 A ကို ရွေးချယ်မည်ဆိုပါက ပြည်တွင်းစက်မှုလုပ်ငန်းစုများ ပါဝင်မှုလျော့နည်းမည်ဖြစ်ပြီး အနောက်နိုင်ငံထုတ်စနစ်များနှင့်သာ ပိုမိုပေါင်းစည်း လုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

**Breaking News: Russia Offers Su-57 Fighter Jets Production To India Competing With US F-35 Stealth Jet Deal.** ကို ဘာသာပြန်ဆိုထားပါသည်။

## MQ-9B ဒရုန်းကို AEW&C စနစ်တပ်ဆင်အသုံးပြုရန် အမေရိကန်နှင့် ဆွီဒင်နိုင်ငံပူးပေါင်းလုပ်ဆောင်



အမေရိကန်နိုင်ငံ General Atomics ကုမ္ပဏီသည် MQ-9B ဒရုန်းအတွက် လေကြောင်း ကြိုတင်သတိပေးရေးနှင့် ထိန်းချုပ်ရေး(Airborne Early Warning & Control -AEW&C)စနစ်များတပ်ဆင်အသုံးပြုရန် ဆွီဒင်နိုင်ငံ Saab ကုမ္ပဏီနှင့် ပူးပေါင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း The Defense Post သတင်းဌာနက ဇွန် ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါလုပ်ငန်းစုသည် Saab ကုမ္ပဏီထုတ် AEW&C အာရုံခံကိရိယာများပေါ်တွင် စွမ်းဆောင်ရည်ကိုအခြေခံပြီး မောင်းသူမဲ့လေယာဉ်စနစ်ကို ပင်လယ်ရေကြောင်းအခြေအနေဆိုင်ရာ စောင့်ကြည့်ထောက်လှမ်းမှု စနစ်အဖြစ် ပြောင်းလဲ အသုံးပြုသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရလဒ်အနေဖြင့် MQ-9B ဒရုန်းသည် တာဝေးထောက်လှမ်းခြင်းနှင့် ကြိုတင်သတိပေးခြင်း၊ ပစ်မှတ်ခြေရာခံထိန်းကျောင်းခြင်း၊ တိုက်ခိုက်ရေးစနစ်များကို ပေါင်းစည်းအသုံးပြုခြင်းနှင့် ဂြိုဟ်တုဆက်သွယ်ရေးကွန်ရက်များနှင့် ချိတ်ဆက်လုပ်ဆောင်ခြင်းတို့ကို တစ်ပြိုင်နက်တည်း ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အဆိုပါအစီအစဉ်သည် MQ-9B SkyGuardian နှင့် Sea Guardian ဒရုန်းများ၊ ဗြိတိန်စစ်ဘက်သုံး Protector နှင့် နောက်ဆုံးပေါ် MQ-9B STOL ဒရုန်းအမျိုးအစားအပါအဝင် MQ-9B ဒရုန်းအုပ်စုတစ်ခုလုံးနှင့် တွဲဖက်အသုံးပြုနိုင်မည်ဖြစ်ကြောင်း General Atomics ကုမ္ပဏီက မှတ်ချက်ပြုခဲ့သည်။ ကုမ္ပဏီများသည် AEW&C အာရုံခံစနစ်တပ်ဆင်ထားသော MQ-9B ဒရုန်းအမျိုးအစား၏ ပထမဆုံးသောပျံသန်းမှုကို လာမည့် ၂၀၂၆ ခုနှစ်တွင် ပြုလုပ်ရန် စီစဉ်ထားသည်။

ကျွန်ုပ်တို့သည် AEW&C စနစ်များ ကို ဦးဆောင်ပံ့ပိုးပေးနေသည့် Saab ကုမ္ပဏီနှင့်ပူးပေါင်း၍ ကုန်ကျစရိတ်သက်သာမည့် လေကြောင်းကြိုတင်သတိပေးရေး ဖြေရှင်းချက်တစ်ရပ်ကို တီထွင်ဖန်တီးလျက်ရှိပြီး ဆန်းပြားသော ခရုဇ်ဒုံးကျည်များနှင့် ရိုးရှင်းသော်လည်း အန္တရာယ်ရှိသောဒရုန်းများကို တန်ပြန်တိုက်ခိုက်နိုင်ရန် ကျွန်ုပ်တို့၏ဖောက်သည်နိုင်ငံ၊ တပ်ဖွဲ့များ၏ လုပ်ဆောင်ချက်များကို ပြောင်းလဲပေးနိုင်လိမ့်မည်ဟု General Atomics ကုမ္ပဏီဥက္ကဋ္ဌ David Alexander က ပြောကြားခဲ့သည်။

ပင်လယ်ပြင်သွား ရေတပ်စစ်ရေယာဉ်တချို့တွင် လေကြောင်းကြိုတင်သတိပေးရေးစွမ်းဆောင်ရည်မျိုး ပိုင်ဆိုင်ထားခြင်းမရှိသေးသည့် ယနေ့ခေတ်တွင် ဤပူးပေါင်းတီထွင် ဆန်းသစ်မှုမျိုးသည် အဖိုးတန်စွမ်းရည်တစ်ရပ် ဖြစ်လာနိုင်ကြောင်း သိရသည်။

MQ-9B ဒရုန်းသည် အလျား ၃၈ ပေ (၁၂ မီတာ) ရှိပြီးတောင်ပံအလျား ၇၉ ပေ (၂၃ မီတာ) ရှိပြီးအလေးချိန် ပေါင် ၄၇၅၀ (၂,၁၅၅ ကီလိုဂရမ်) ရှိပါသည်။ ၎င်းကို Honeywell တာဘိုပရော့အင်ဂျင်ဖြင့် မောင်းနှင်ထားပြီး တိကျစွာလမ်းညွှန်ထားသည့် ပဲ့ထိန်းခဲယမ်းများအပြင် တိုက်ခိုက်ရေးအတွက် ဒုံးကျည်များပါ တပ်ဆင်ထားနိုင်သည်။ အဆိုပါ MQ-9B ဒရုန်းသည် တစ်နာရီလျှင် မိုင် ၃၀၀ (၄၈၃ ကီလိုမီတာ) ထိ ပျံသန်းနိုင်ပြီး အကွာအဝေး ရေမိုင် ၆၀၀၀ နှင့် အမြင့်ပေ ၄၃၀၀၀ အတွင်း ပျံသန်းတိုက်ပွဲဝင်နိုင်စွမ်း ရှိကြောင်း သိရသည်။

**General Atomics, Saab to Equip MQ-9B Drone With Airborne Early Warning** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၃၂၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဇွန် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧက ၃၂၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၂၃၆၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလတတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၃၂၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ နေကြာဧက ၁၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ကျန်တဲ့ဧကတွေ ဆက်လက်စိုက်ပျိုးနေပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေတယ်။ ပြည်ပမှ တင်သွင်းတဲ့စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များပါတယ်။ နေကြာကို ဆောင်းမှာပဲစိုက်ပျိုးကြပါတယ်" ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးကြင်းပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့



**ကျိုက်လတ် ဇွန် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ငါးကြင်းပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဧပြီလအတွင်း ငါးကြင်းပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်းက ငါးကြင်းပိဿာချိန် ၇၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါငါးကြင်းများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် တင်ပို့မှုကောင်းခဲ့ကြောင်း သိရသည်။

"လက်ရှိ ဒီဘက်ပွဲရုံတွေကို ငါးကြင်း အဝင်နည်းနေတာရယ်၊ ရန်ကုန်ဘက်က ဒီဘက်ဒေသ ငါးကြင်းတွေ အဝယ်လိုက်နေတာရယ်ကြောင့် ငါးကြင်းတင်ပို့ရောင်းချမှု ကောင်းခဲ့တာပါ။ ရန်ကုန်ဈေးကွက်ကို ငါးကြင်းတွေ မေလပထမပတ်လောက်ကတည်းက ပိုမိုတင်ပို့ခဲ့ရတယ်။ အခြားငါးတွေလဲ ဝယ်ယူမှုကောင်းလာတယ်လို့သိရပါတယ်"ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် ဒေသရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ရေထွက်ကုန်များကို ဝယ်ယူပြီး ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါငါးကြင်း တစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀၀ မှ ၁၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# သာစည်မြို့နယ် ယင်းမာရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဇွန် ၁၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ယင်းမာရိုးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၁၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ယင်းမာရိုးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၆၀ ဒသမ ၁ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ် ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းမာရိုးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၁၁၀ ကို ငွေကျပ် ၃၈ ဒသမ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးကို ငွေကျပ် ၁၉သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၂ ဒသမ ၉သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၇၂ ဦးကို ငွေကျပ် ၆၀ ဒသမ ၁ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**




# နတ်မောက်မြို့နယ် ဈေးသာကျေးရွာ၌ သဘာဝမြေသြဇာပြုလုပ်နည်းသင်တန်းဖွင့်



**နတ်မောက် ဇွန် ၁၈**

မကွေးတိုင်းဒေသကြီးမကွေးခရိုင်နတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဈေးသာကျေးရွာ၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သဘာဝမြေသြဇာ ပြုလုပ်နည်း သင်တန်းဖွင့်ပွဲကို ဇွန် ၁၇ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးက ကျေးလက်နေပြည်သူများအလုပ်အကိုင်များ ရရှိရန်၊ ကျေးလက်ဒေသများတွင် ကျွမ်းကျင်လုပ်သားများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သဘာဝမြေသြဇာ ပြုလုပ်နည်း သင်တန်းကို ဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်း၊ သင်တန်းမှ ရရှိလာမည့် အကျိုးကျေးဇူးများ၊ သင်တန်းလွန်ကာလ အလုပ်အကိုင်ရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးမည့် အခြေအနေများ၊ မိသားစုအတွက် တစ်ဖက်တစ်လမ်းမှ အပိုဝင်ငွေရှာဖွေပေးနိုင်သည်ထိ ကြိုးစားလေ့လာသင်ယူစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြဆရာက သင်တန်းမှ သင်ကြားပို့ချပေးမည့် သင်ခန်းစာများ၊ သင်တန်းစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

ထို့နောက် နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးနှင့်တာဝန်ရှိသူများက သင်ထောက်ကူပစ္စည်းများကို သင်တန်းသား၊ သင်တန်းသူများထံ ပေးအပ်သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သဘာဝမြေသြဇာ ပြုလုပ်နည်း သင်တန်းသို့ ဈေးသာကျေးရွာနှင့် အနီးပတ်ဝန်းကျင် ကျေးရွာများမှ သင်တန်းသား ၁၀ ဦး၊ သင်တန်းသူ ၁၀ ဦး စုစုပေါင်းဦးရေ ၂၀ တက်ရောက်ကြပြီး ကျွမ်းကျင်နည်းပြဆရာများက စာတွေ့၊ လက်တွေ့နှစ်မျိုးဖြင့် ဇွန် ၁၇ ရက်မှ ဇွန် ၁၉ ရက်ထိ သုံးရက်ကြာ အခမဲ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။ **ချိုလေး**



# နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ပျိုးပင် ၈၆၂၁ ပင် စိုက်ပျိုးခဲ့

နေပြည်တော် ဇွန် ၁၈

သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းနိုင်စေရန်၊ စိမ်းလန်းစိုပြည်သည့်ပတ်ဝန်းကျင်ကောင်းနှင့် ကောင်းမွန်သည့်ရာသီဥတုကိုလက်ဆင့်ကမ်းနိုင်စေရန်၊အရိပ်အာဝါသရရှိစေရန် ရည်ရွယ်ချက်များဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ရုံးဧရိယာအတွင်းရှိ ယာယီအရာထမ်းအိမ်ရာဝန်းကျင်၌ ကျင်းပသည်။

အခမ်းအနားတွင်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အမှာစကားပြောကြားကာ ကံ့ကော်ပင်ကိုစတင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင်ပင်၊ နှစ်ရှည်ပင်နှင့် အရိပ်ရလေကာပင်များကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့အတူ နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ ရုံးနှင့် ကျောင်းများတွင်လည်း ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို တစ်ပြိုင်တည်းကျင်းပ၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်ပင်၊ အရိပ်ရလေကာပင်နှင့်သီးပင်စားပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတစ်ခုလုံးအနေဖြင့် ယနေ့တွင် ပျိုးပင် ၈၆၂၁ ပင် စိုက်ပျိုးခဲ့ပြီး ရှင်သန်အောင်မြင်ဖြစ်ထွန်းရေးအတွက် ဆက်လက်ထိန်းသိမ်းပြုစု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်ဖြေဆိုနေမှုကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၁၈

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ် အေးချမ်းစွာဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း၊ ဝမ်းတွင်းမြို့နယ် ဒိုင်ကောင်းကုန်း အခြေခံပညာအထက်တန်းကျောင်းနှင့် ကျောက်ဆည်မြို့(ဟန်မြင့်မိုရ်) အခြေခံပညာအထက်တန်းကျောင်း၊ စဉ့်ကိုင်မြို့(ဘယ်လင်း) အခြေခံပညာအထက်တန်းကျောင်းရှိ စာစစ်ဌာများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုနှင့် စာစစ်ဌာနအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ စာမေးပွဲကာလအတွင်း စာသင်ရပ်နားထားသည့် ကျောင်းသား၊ ကျောင်းသူများ စာသင်ချိန်ပြည့်မီအောင် ပြန်လည်ဖြည့်ဆည်းသင်ကြားပေးရေး၊ စာသင်ဆောင်၊ ကျောင်းဆောင်များ အရှည်တည့်တံ့အောင်ထိန်းသိမ်းစောင့်ရှောက်ရေးမှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယနေ့ကျင်းပသည့်စာမေးပွဲတွင် မန္တလေးတိုင်းဒေသကြီးရှိ ခရိုင် ၁၀ ခရိုင်၊ မြို့နယ် ၂၅ မြို့နယ်တွင် စာစစ်ဌာနစုစုပေါင်း ၁၀၁ ခု၌ စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၃၄၂၄၁ ဦး စာရင်းပေးသွင်းကြပြီး သင်္ချာဘာသာရပ်ကို ၃၃၇၆၃ ဦး ဝင်ရောက်ဖြေဆိုသဖြင့် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၆၀ ရာခိုင်နှုန်းရှိသည်။

တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်ကို နေပြည်တော်ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးရှိ စာစစ်ဌာနစုစုပေါင်း ၁၉၅ ခုတို့၌ စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၆၃၆၇၃ ဦး စာရင်းပေးသွင်းကြပြီး ၆၂၇၉၂ဦး ဝင်ရောက်ဖြေဆိုသဖြင့် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၆၂ ရာခိုင်နှုန်းရှိသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဆည်တက္ကသိုလ်၌ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ စီမံဆိုင်ရာ၊ သင်ကြားသင်ယူမှုဆိုင်ရာအရည်အသွေးများတိုးတက်ကောင်းမွန်ရေးဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှိ ကမ္ဘောဇကျောင်းဆောင်ခန်းမ၌ မန္တလေးတိုင်းဒေသကြီး၊ခရိုင်နှင့်မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာအထက်တန်း၊အလယ်တန်းကျောင်းအုပ်ကြီးများ၊ကိုယ်ပိုင်၊ပုဂ္ဂလိကကျောင်းတည်ထောင်သူ၊ကျောင်းအုပ်ကြီးများ၊ International School တည်ထောင်သူ၊ ကျောင်းအုပ်ကြီးများနှင့်တွေ့ဆုံပြီး ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တက်ရောက်လာသူများက သိရှိလိုသည်များနှင့်လိုအပ်ချက်များကို ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်း၊ အခြေခံပညာနှင့်စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းခွဲအလက(၁)ကျောင်းတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှေ့ဖုံးမှအဆက်

လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အဆင့်(၂) အဖြစ် ဆောင်ရွက်လျက်ရှိသော ကျောက်မီးသွေးအခြောက်ခံစက် တည်ဆောက်ခြင်းလုပ်ငန်းများအမြန်ပြီးစီးနိုင်ရေးဆောင်ရွက်သွားရန်နှင့် အဆင့်(၂)အတွက် ပြည်ပမှာယူထားသော တည်ဆောက်ရေးပစ္စည်းများဆိပ်ကမ်းသို့ရောက်ရှိပါက အမြန်ထုတ်ယူနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဓာတ်အားထိန်းချုပ်ခန်းအတွင်း ဓာတ်အားပေးစက်များလည်ပတ်၍ နိုင်ငံတော်ဓာတ်အားစနစ်သို့ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အားများထုတ်လုပ်ပို့လွှတ်ပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် Machine Hall အတွင်း ဓာတ်အားပေးစက်များမောင်းနှင်၍ ဓာတ်အားထုတ်လုပ်ပေးနေမှု၊အဆင့်(၂)ကျောက်မီးသွေးအခြောက်ခံစက်တည်ဆောက်ခြင်းလုပ်ငန်းများ ၇၈ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှုနှင့် လက်ရှိတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆင့်(၂)အဖြစ် ဆောင်ရွက်လျက်ရှိသော ကျောက်မီးသွေးအခြောက်ခံစက်တည်ဆောက်ခြင်းလုပ်ငန်းများ စက်တင်ဘာလအတွင်း ရာနှုန်းပြည့်ပြီးစီးနိုင်ရေးစီမံဆောင်ရွက်လျက်ရှိရာ အဆိုပါကျောက်မီးသွေးအခြောက်ခံစက်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပါက လက်ရှိဓာတ်အားပေးစက် နှစ်လုံးမှ ဓာတ်အားမဂ္ဂါဝပ် ၉၀ ထုတ်လုပ်ပေးလျက်ရှိရာမှ မဂ္ဂါဝပ် ၁၂၀ သို့တိုးမြှင့်၍ ဓာတ်အားထုတ်လုပ်သွားနိုင်မည်ဖြစ်သည်။

ဆက်လက်၍ ဓာတ်အားပေးစက်များ စဉ်ဆက်မပြတ် ဓာတ်အားထုတ်လုပ်မောင်းနှင်နိုင်ရန်အတွက် ကျောက်မီးသွေးသိုလှောင်ရုံများအတွင်း ကျောက်မီးသွေးများ သိုလှောင်ထိန်းသိမ်းထားရှိမှု အခြေအနေနှင့် ပြာသိုလှောင်ရုံအတွင်း ကျောက်မီးသွေးပြာများ စနစ်တကျထုပ်ပိုးသိုလှောင်ထိန်းသိမ်းထားရှိမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ကျောက်မီးသွေးတူးဖော်ရေးလုပ်ကွက်အတွင်း စက်ယာဉ်၊ယန္တရားကြီးများဖြင့် ကျောက်မီးသွေးများ တူးဖော်ထုတ်ယူနေမှုနှင့် ကျောက်မီးသွေးများ စဉ်ဆက်မပြတ်ဆက်လက်တူးဖော်နိုင်ရေးဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကလောမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ကလောပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး မန္တလေးလျှင်ကြီးလှုပ်ခတ်မှုကြောင့် ဓာတ်အားခွဲရုံညှော်ရိပ်သာအတွင်း ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများကို အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးပြီး ပျက်စီးမှုများအမြန်ပြုပြင်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၈**

မြန်မာနိုင်ငံ၌လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ရှိ နဝလောဟာကျောင်းတိုက်၌ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေး ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ဒက္ခိဏာရာမ ဘုရားကြီးကျောင်းတိုက်အတွင်း တမ္ဗဝတီကျောင်း၊ အလယ်တိုက်ကြီးတို့ရှိ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုအားပေးစဉ်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်းရှိ သကျဓိတာသီလရှင်စာသင်တိုက်နှင့် နဝလောဟာကျောင်းတိုက်တို့၌ ငလျင်ပြီးနောက်သာသနိကအဆောက်အအုံများကို အဖွဲ့အစည်းအသီးသီးနှင့် စက်ယန္တရားကြီးများအသုံးပြု၍ အရှိန်အဟုန်မြှင့် အပြီးသတ်ဖယ်ရှားရှင်းလင်းပြီး ပြန်လည်တည်ဆောက်နေမှုအခြေအနေများနှင့် စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဘေးဒဏ်သင့် လူနေအဆောက်အအုံများ၊ လမ်းတစ်လျှောက် လမ်းဘေးဝဲယာများရှိ အပြိုအပျက်များအား မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေးဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးကာ လုပ်ငန်းဆောင်ရွက်နေသူများကို အချိုရည်များပေးအပ်ပြီး လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ရွှေဟင်္သာတိုက်သစ် ဩဝါဒါစရိယဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံကိုပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နိုင်ရန် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် အလှူရှင်များက ငွေကျပ်သိန်း ၁၀၀ ကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်း၍ လှူဒါန်းမှုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့သည်။

၎င်းနောက် စစ်ကိုင်းမြို့ ငလျင်ဘေးဒဏ်သင့် ရဟန်း၊ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များကို တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေများ၊ စစ်ကိုင်းတောင်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းများ ပြန်လည်တည်ဆောက်ရန်အတွက် လျာထားမြေလွတ်နေရာအား စက်ယန္တရားကြီးဖြင့် ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများနှင့် အမှိုက်များစွန့်ပစ်သည့်နေရာသို့ သွားရောက်ကြည့်ရှုပြီး စနစ်တကျစွန့်ပစ်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေး အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်ရှိ Sky Villa နေရာတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ရှင်းလင်းရန်ကျန်ရှိနေသည့် "A " အဆောင်အား စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်နေသည့် အခြေအနေနှင့် ဖယ်ရှားရှင်းလင်းရာမှတွေ့ရှိသောပစ္စည်းများကို ပစ္စည်းလက်ခံရေးနှင့်ပြန်လည်အပ်နှံရေးအဖွဲ့ထံသို့ စနစ်တကျအပ်နှံမှု၊ ထိန်းသိမ်းထားရှိမှုအခြေအနေများကို လည်းကောင်း၊ သက်ဆိုင်ရာပိုင်ရှင်များလက်ဝယ်သို့ပြန်လည်လွှဲပြောင်းပေးနိုင်မှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့်အဖွဲ့သည် မန္တလေး ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက်နှင့် အောင်နန်းအရှေ့ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အန္တရာယ်ရှိအဆောက်အအုံအပျက်အစီးများကို စက်ယန္တရားကြီးများအသုံးပြု၍ အင်တိုက်အားတိုက်ရှင်းလင်းဖယ်ရှားနေမှုများ၊ ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်ရှိ ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက်အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော တမ္ဗဝတီကျောင်း၊ အလယ်တိုက်ကြီးတို့ရှိ အပျက်အစီးများကို တပ်မတော်သား စစ်သည်များနှင့်အတူ စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး စနစ်တကျ ပြုလုပ်ဆောင်ရွက်သွားရန် မှာကြားကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

---

**❑ သင်္ချာဘာသာရပ်ဆက်လက်ဖြေဆိုမှု**

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်တို့မှ ကျောင်းသား၊ ကျောင်းသူများအား စာမေးပွဲပထမနေ့ကို ဇွန် ၁၆ ရက်မှစတင်၍ တိုင်းဒေသကြီး၊ ပြည်နယ်များမှ စာစစ်ဌာနအသီးသီး၌စာမေးပွဲများ ကျင်းပပေးလျက်ရှိသည်။

ယနေ့တွင်လည်း သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ စာစစ်ဌာနများ၌ ကျောင်းသား၊ ကျောင်းသူများသည် စာမေးပွဲတတိယနေ့တွင်သင်္ချာဘာသာရပ်ကို ဆက်လက်ဖြေဆိုလျက်ရှိကြသည်။ သင်္ချာဘာသာရပ်ဖြေဆိုမှုအနေဖြင့် ကျောင်းသား၊ ကျောင်းသူ ၆၂၇၉၂ ဦးဖြစ်ပြီး ဖြေဆိုရာခိုင်နှုန်း ၉၈ ဒသမ ၆၂ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ထိုသို့ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ စာမေးပွဲဖြေဆိုနေမှုများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များနှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ကျောင်းသား၊ ကျောင်းသူများနှင့်လိုက်ပါပို့ဆောင်ပေးသည့် မိဘအုပ်ထိန်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

စာမေးပွဲများ ပြန်လည်ကျင်းပနေစဉ်ကာလအတွင်း ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာဖြေဆိုနိုင်ရေးအတွက်စာမေးပွဲများကျင်းပနေသည့် မြို့နယ်များအလိုက် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များဖြင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားလိုအပ်သည်များကို စနစ်တကျစီမံဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။ (၅၀၁)









နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့မှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုလျက်ရှိသည့် Grade 12 ကျောင်းသား၊ ကျောင်းသူများကို တွေ့ရစဉ်။

## မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော်  ဇွန်  ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် မစ္စတာကင်ချုံအီအား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာအထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည်။

မစ္စတာကင်ချုံအီသည် ၁၉၆၃ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင်မွေးဖွားခဲ့သည်။ ၎င်းအနေဖြင့် ၁၉၈၄ခုနှစ်တွင် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတကာဆက်ဆံရေးတက္ကသိုလ်မှလည်းကောင်း၊ ၁၉၈၇ ခုနှစ်တွင် ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ခေတ်သစ်ဘာသာစကားဆိုင်ရာ အမျိုးသားတက္ကသိုလ်မှလည်းကောင်း ဘွဲ့ရရှိခဲ့သည်။ မစ္စတာကင်ချုံအီသည် ၁၉၈၇ ခုနှစ်တွင် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဌာနတွင် အရာရှိအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ဌာနချုပ်နှင့် ပြည်ပတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၁ ခုနှစ်မှ ၁၉၉၆ ခုနှစ်ထိ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံသံရုံးတွင် တတိယအတွင်းဝန်အဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၆ ခုနှစ်မှ ၂၀၀၁ ခုနှစ်ထိ နိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်၊ အနောက်တောင်နှင့် သမုဒ္ဒရာနိုင်ငံများဌာနတွင် အရာရှိအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ ဆက်လက်၍ ၂၀၀၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်ထိ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံသံရုံးတွင် ပထမအတွင်းဝန်အဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ယခင်ဌာနတွင်ပင်၂၀၁၁ ခုနှစ်ထိ တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စတာကင်ချုံအီအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်ထိ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ရုံးတွင် ဒေသဆိုင်ရာတာဝန်ခံအရာရှိအဖြစ် တာဝန်ထမ်းခဲ့ပြီး ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံသံရုံးတွင် သံမှူးအဖြစ်လည်းကောင်း၊ ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်ထိ နိုင်ငံခြားရေးဝန်ကြီးဌာန မူဝါဒရေးရာဌာနတွင် အကြီးတန်းအရာရှိ အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

၎င်းသည် ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ်ထိ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဌာန-၂ တွင် အကြီးတန်းအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၂၂ ခုနှစ်မှ ယနေ့ထိ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာဌာန-၂ တွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

၎င်းသည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီး နှစ်ဦး ရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံဆိုင်ရာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော်  ဇွန်  ၁၉**

ကပ္ပတိန်(ရေတပ်အငြိမ်းစား) ဖြစ်သူ ဟာဂျီမိုဟာမက် ဆာရစ်ပူဒင်ဘင် မက်ဆရူဒင်အား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် ဘရူနိုင်းဒါရုဆလမ်နိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

ကပ္ပတိန် (ရေတပ်အငြိမ်းစား) ဟာဂျီမိုဟာမက် ဆာရစ်ပူဒင်ဘင် မက်ဆရူဒင်အား ၁၉၇၂ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၌ မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၉၆ ခုနှစ်တွင် ဗြိတိန်နိုင်ငံ ဟာ့ဖို့ဒ်ရှိုင်းယားတက္ကသိုလ်မှ အင်ဂျင်နီယာဘွဲ့ရရှိခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ Bangladesh University of Professionals မှ စစ်ဘက်ရေးရာလေ့လာမှုမဟာသိပ္ပံဘွဲ့ ရရှိခဲ့သည်။

တော်ဝင်ဘရူနိုင်းတပ်မတော်(ရေ)တွင် တာဝန်ထမ်းဆောင်စဉ် ကပ္ပတိန် ဟာဂျီမိုဟာမက် ဆာရစ်ပူဒင်ဘင်မက်ဆရူဒင်သည် ၁၉၉၇ ခုနှစ်တွင် အလုပ်သင်အရာရှိလောင်းအဆင့်မှစတင်၍ ၂၀၂၄ ခုနှစ်တွင် တော်ဝင်ဘရူနိုင်းတပ်မတော်(ရေ) ယာယီဗိုလ်မှူးကြီးအဆင့်ထိ အဆင့်ဆင့်ရာထူးတိုးမြှင့်ခြင်းခံခဲ့ရသည်။ ၎င်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ စစ်သံရုံးတွင် စစ်သံမှူးအဖြစ် ၂၀၁၄ ခုနှစ်မှ ၂၀၁၇ ခုနှစ်ထိ တာဝန်ထမ်းဆောင်ခဲ့သည်။**(သတင်းစဉ်)**

**လျှပ်စစ်မီတာခ သက်သာဖို့ LED ပစ္စည်း သုံးကြစို့။**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကိုဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပ



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

နေပြည်တော် ဇွန် ၁၈

အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်း ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ဇေယျခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဒိုင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲအဖွင့်ပွဲစဉ်အဖြစ် ခိုလမ်တပ်နယ်(က) အသင်းနှင့် မိုင်းပန်တပ်နယ်အသင်းတို့၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်းကိုးသင်းဖြင့် ဇွန် ၂၅ ရက်ထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## မြန်မာနိုင်ငံ ပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသန်းဇော်ဦးအား အစမ်းခန့်ကာလ တစ်နှစ် ပြည့်မြောက်သည့် နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန မကွေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်ကေခိုင်အား ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကျိုင်းတုံမြို့၌ တောမီးလောင်ကျွမ်းမှုစောင့်ကြည့်ရေး ကွန်ပျူတာစနစ်ပေးအပ်ခြင်းနှင့် တောမီးလောင်ကျွမ်းမှု စောင့်ကြည့်လေ့လာရေးနည်းပညာစီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်း ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၁၈

တောမီးလောင်ကျွမ်းမှုစောင့်ကြည့်ရေး ကွန်ပျူတာစနစ်ပေးအပ်ခြင်းနှင့် တောမီးလောင်ကျွမ်းမှု စောင့်ကြည့်လေ့လာရေး နည်းပညာစီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၁)ရပ်ကွက်ရှိ မြို့နယ်စည်ပင်သာယာရေးရုံး သုံးထပ်ခန်းမဆောင်၌ကျင်းပပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆန်းဦး၊ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံး၊ နယ်စပ်ဒေသနှင့် အိမ်နီးချင်းနိုင်ငံများရေးရာရုံး၊ နယ်စပ်ရေးရာဌာန ညွှန်ကြားရေးမှူး တီရာပန်ထရီပီပတ်ပါကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့်သင်တန်းသားများ တက်ရောက်ခဲ့သည်။

ဦးစွာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ထိုင်းနိုင်ငံမှ နည်းပညာကျွမ်းကျင်ပညာရှင်များဆိုင်ရာ ဦးဆောင်ကိုယ်စားလှယ်တစ်ဦးက အမှာစကားပြောကြားကာ တက်ရောက်လာသူများက စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ထိုင်းနိုင်ငံမှ ကိုယ်စားလှယ်များလိုက်ပါလျက် ကျိုင်းတုံမြို့ မြို့သစ်ရပ်ကွက်ရှိ ကျိုင်းတုံခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနသို့သွားရောက်၍ တောမီးလောင်ကျွမ်းမှု စောင့်ကြည့်လေ့လာရေး နည်းပညာစီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းသင်ကြားနေမှု၊ တောမီးလောင်ကျွမ်းမှု စောင့်ကြည့်ရေး ကွန်ပျူတာစနစ်များ တပ်ဆင်ထားရှိနေမှုနှင့် အသုံးပြုပုံများကို ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက ရှင်းလင်းပြောကြားရာ တိုင်းမှူးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



ကျိုင်းတုံမြို့၌ တောမီးလောင်ကျွမ်းမှုစောင့်ကြည့်ရေး ကွန်ပျူတာစနစ်ပေးအပ်ခြင်းနှင့် တောမီးလောင်ကျွမ်းမှုစောင့်ကြည့်လေ့လာရေးနည်းပညာစီမံခန့်ခွဲမှုဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်း ဖွင့်ပွဲကျင်းပစဉ်။

**အခြေခံပညာဦးစီးဌာန ၂၀၂၅ ခုနှစ် ဇွန်လတွင် ပြန်လည်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ (စာရင်းရှိ၊ ဖြေဆို၊ ပျက်ကွက်) စာရင်း**

အင်္ဂလိပ်စာဘာသာရပ် — ရက်စွဲ။ ၁၇-၆-၂၀၂၅

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၂ | ၂၂ | ၃၃၃၇ | ၅၃၅၉ | ၈၆၉၆ | ၃၂၈၁ | ၅၃၀၃ | ၈၅၈၄ | ၅၆ | ၅၆ | ၁၁၂ | ၉၈.၇၁% | ၁.၂၉% | |
| ၂ | စစ်ကိုင်း | ၉ | ၁၃ | ၂၅ | ၃၁၃၈ | ၅၀၆၇ | ၈၂၀၅ | ၃၀၇၅ | ၄၉၆၇ | ၈၀၄၂ | ၆၃ | ၁၀၀ | ၁၆၃ | ၉၈.၀၁% | ၁.၉၉% | |
| ၃ | မန္တလေး | ၁၀ | ၂၅ | ၁၀၁ | ၁၄၆၅၈ | ၁၉၅၈၃ | ၃၄၂၄၁ | ၁၄၃၈၈ | ၁၉၃၈၀ | ၃၃၇၆၈ | ၂၇၀ | ၂၀၃ | ၄၇၃ | ၉၈.၆၂% | ၁.၃၈% | |
| ၄ | နေပြည်တော် | ၄ | ၈ | ၄၇ | ၅၄၆၈ | ၇၀၆၃ | ၁၂၅၃၁ | ၅၄၀၃ | ၇၀၀၃ | ၁၂၄၀၆ | ၆၅ | ၆၀ | ၁၂၅ | ၉၉.၀၀% | ၁.၀၀% | |
| | စုစုပေါင်း | ၂၉ | ၅၈ | ၁၉၅ | ၂၆၆၀၁ | ၃၇၀၇၂ | ၆၃၆၇၃ | ၂၆၁၄၇ | ၃၆၆၅၃ | ၆၂၈၀၀ | ၄၅၄ | ၄၁၉ | ၈၇၃ | ၉၈.၆၃% | ၁.၃၇% | |

**အခြေခံပညာဦးစီးဌာန ၂၀၂၅ ခုနှစ် ဇွန်လတွင် ပြန်လည်ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ (စာရင်းရှိ၊ ဖြေဆို၊ ပျက်ကွက်) စာရင်း**

သင်္ချာဘာသာရပ် — ရက်စွဲ။ ၁၈-၆-၂၀၂၅

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၂ | ၂၂ | ၃၃၃၇ | ၅၃၅၉ | ၈၆၉၆ | ၃၂၈၁ | ၅၃၀၂ | ၈၅၈၃ | ၅၆ | ၅၇ | ၁၁၃ | ၉၈.၇၀% | ၁.၃၀% | |
| ၂ | စစ်ကိုင်း | ၉ | ၁၃ | ၂၅ | ၃၁၃၈ | ၅၀၆၇ | ၈၂၀၅ | ၃၀၇၃ | ၄၉၆၇ | ၈၀၄၀ | ၆၅ | ၁၀၀ | ၁၆၅ | ၉၇.၉၉% | ၂.၀၁% | |
| ၃ | မန္တလေး | ၁၀ | ၂၅ | ၁၀၁ | ၁၄၆၅၈ | ၁၉၅၈၃ | ၃၄၂၄၁ | ၁၄၃၈၄ | ၁၉၃၇၉ | ၃၃၇၆၃ | ၂၇၄ | ၂၀၄ | ၄၇၈ | ၉၈.၆၀% | ၁.၄၀% | |
| ၄ | နေပြည်တော် | ၄ | ၈ | ၄၇ | ၅၄၆၈ | ၇၀၆၃ | ၁၂၅၃၁ | ၅၄၀၃ | ၇၀၀၃ | ၁၂၄၀၆ | ၆၅ | ၆၀ | ၁၂၅ | ၉၉.၀၀% | ၁.၀၀% | |
| | စုစုပေါင်း | ၂၉ | ၅၈ | ၁၉၅ | ၂၆၆၀၁ | ၃၇၀၇၂ | ၆၃၆၇၃ | ၂၆၁၄၁ | ၃၆၆၅၁ | ၆၂၇၉၂ | ၄၆၀ | ၄၂၁ | ၈၈၁ | ၉၈.၆၂% | ၁.၃၈% | |

# မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ရေးသားခြင်းနှင့်ပတ်သက်၍ ပျူခေတ်ဆိုင်ရာ အထောက်အထားအချက်အလက်ဆွေးနွေးပွဲ ကျင်းပ



ရန်ကုန် ဇွန် ၁၈

တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ် ရေးသားပြုစုရေးအတွက် ပျူခေတ်ဆိုင်ရာ အထောက်အထား အချက်အလက်များဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါ်နုမြဇံ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာ့သမိုင်းအဖွဲ့ ပညာရှင်ကြီးများ၊ အကြံပေးပညာရှင်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ ပျူခေတ် သုတေသနတူးဖော်မှု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့သူများနှင့် လေ့လာသူ ပြင်ပပညာရှင်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက မြန်မာ့သမိုင်းစဉ်တွင် ခိုင်ခိုင်မာမာ ကိုးကားစရာအဖြစ် လွန်ခဲ့သောနှစ် ၅၀ ကျော်က ရေးသားထားသည့် "အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း" သာရှိခဲ့ရာမှ နောက်ပိုင်းတွင် ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၏ ဘာသာရပ်အလိုက် ကွင်းဆင်းလေ့လာ သုတေသနပြု အသစ်တွေ့ရှိချက်များ၊ ပြည်ပဓာတ်ခွဲခန်းများမှ သိပ္ပံနည်းကျ သက်တမ်း တွက်ချက်မှုများကြောင့် ပျူခေတ်ကာလသမိုင်းစဉ်သည်လည်း ပိုမို၍ ရုပ်လုံးပေါ်ပြည့်စုံလာပြီဟု ယူဆရပြီး တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ကို ပြန်လည်ဖြည့်စွက်ပြင်ဆင် ရေးသားနိုင်မည့်ရလဒ်ကို မျှော်မှန်းနိုင်ပြီဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပျူအက္ခရာ၊ ပျူစာပေ၊ ပျူအသံထွက်၊ ပျူအနုပညာ၊ ပျူဂီတ၊ ပျူအကနှင့် ဝတ်စားဆင်ယင်မှုအထောက်အထားများနှင့်ပတ်သက်၍ ပညာရှင်များပါဝင် ဆွေးနွေးရန် ဖိတ်ခေါ်သည်။


ထို့နောက် တက်ရောက်လာသူများက သရေခေတ္တရာမြို့ဟောင်းမှ တူးဖော်တွေ့ရှိသည့် ဟိန္ဒူဘာသာအထောက်အထားများ၊ ပျူဂီတ၊ ပျူသီချင်း၊ အကဝိသေသလက္ခဏာများနှင့် အနုသုခုမဆိုင်ရာ သုတေသနတွေ့ရှိချက်များနှင့် ပျူခေတ်ဂီတအနုပညာဆိုင်ရာ အထောက်အထားများ၊ ပျူခေတ်ဝတ်စားဆင်ယင်ထုံးဖွဲ့မှု သုတေသနပြုတွေ့ရှိချက်များ၊ ပျူအက္ခရာ၊ ပျူအသံထွက်၊ ပျူစာပေဆိုင်ရာသုတေသနပြုတွေ့ရှိချက်များ၊ ပျူခေတ်ရေအသုံးချမှု၊ ရေစီမံခန့်ခွဲမှု၊ မြို့ရိုးမြို့တာကာကွယ်ရေးစနစ်များ သုတေသနပြုတွေ့ရှိချက်များ၊ သံခေတ်နှင့် ပျူခေတ် DNA သုတေသနဆောင်ရွက်နေမှုနှင့် ကာဗွန်သက်တမ်း သုတေသနဆောင်ရွက်မှုများကို ရှင်းလင်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက ဆွေးနွေးချက်များအပေါ် သုံးသပ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




# အားကောင်းသော လေဖိအားနည်းရပ်ဝန်း တဖြည်းဖြည်း အားလျော့သွားမည်

နေပြည်တော် ဇွန် ၁၈

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်တွင်ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area) သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ဖြည်းညှင်းစွာရွေ့လျားပြီး နောက် ၂၄ နာရီအတွင်း အိန္ဒိယနိုင်ငံ ဂျက်ခမ်းပြည်နယ်ကိုဖြတ်ကျော်နိုင်ကာ တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။




# ဧရာဝတီမြစ်အတွင်းသို့ နှစ်လက်မအရွယ် ငါးသားပေါက်အကောင် ခုနစ်သိန်း မျိုးစိုက်ထည့်

မန္တလေး ဇွန် ၁၈

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်း ငါးသယံဇာတများ စဉ်ဆက်မပြတ် ရေရှည်ထိန်းသိမ်းနိုင်စေရန်အတွက် စခန်းနှစ်ခုမှ ဧရာဝတီမြစ်အတွင်းသို့ နှစ်လက်မအရွယ် ငါးသားပေါက်အကောင်ခုနစ်သိန်းကို ယနေ့နံနက်ပိုင်းက မျိုးစိုက်ထည့်လွှတ်ပေးခဲ့ကြောင်း သရက်ကုန်းငါးလုပ်ငန်းစခန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနောင်ဝင်းက ပြောပြသည်။



အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းကို သရက်ကုန်းငါးလုပ်ငန်းစခန်း၊ နတ်ရေကန်ငါးလုပ်ငန်းစခန်းတို့ပူးပေါင်းပြီး နှစ်လက်မအရွယ် ငါးသားပေါက်အကောင် ခုနစ်သိန်းကို အောင်မြေသာစံခရိုင် ပုသိမ်ကြီးမြို့နယ် ကျွဲစွန်းဆိပ်ကမ်းအနီး ဧရာဝတီမြစ်အတွင်းသို့ ငါးမြစ်ချင်း ငါးသားပေါက်အကောင် တစ်သိန်း၊ ရွှေဝါငါးကြင်း ငါးသားပေါက်အကောင် နှစ်သိန်းနှင့် ငါးခုံးမကြီး ငါးသားပေါက်အကောင် လေးသိန်းတို့ကို စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်း ငါးလုပ်ငန်းစခန်းနှစ်ခုမှ နှစ်လက်မအရွယ် ငါးသားပေါက်အကောင် ခုနစ်သိန်းကို ဧရာဝတီမြစ်အတွင်းသို့ ငါးအမျိုးအစား သုံးမျိုးကို စိုက်ထည့်လွှတ်ပေးခဲ့ကြောင်း၊ လွှတ်ပေးခဲ့ရာတွင် သရက်ကုန်းစခန်းမှ ငါးသားပေါက်အကောင်သုံးသိန်း၊ နတ်ရေကန်စခန်းမှ ငါးသားပေါက်အကောင် လေးသိန်းစီကို ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြောင်းနှင့် ငါးလွှတ်ပွဲသို့ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆွေ၊ ပုသိမ်ကြီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနေလင်းထွန်း၊ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဦး၊ ခရိုင်အဆင့် ဌာနဆိုင်ရာ ဦးစီးမှူးများ၊ ငါးလုပ်ငန်းစခန်း တာဝန်ခံများနှင့် ဝန်ထမ်းများတို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ကိုအောင်**

# ၂၀၂၅ ခုနှစ် ဇွန် ၁၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ


# ထူးခြားသည့် နေ့အပူချိန်များ

၁၈ - ၆ -၂၀၂၅

| | | | | |
|---|---|---|---|---|
| ချောက် | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၄ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၄ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၄ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၃ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၃ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၃ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ရေဦး | ၃၃ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မိုးကောင်း | ၃၃ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |


ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။
(၂၀၂၅ခုနှစ်၊ ဇွန်လ)

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။




- မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ကိုဗစ်-၁၉ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်း မရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက် ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။
- အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် ပူးတွဲပါအချက်များကိုသတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်။

### စနစ်တကျစွာ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်နည်း



ပါးစပ်နှင့်နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ပါ။



အဖုံးပါသော အမှိုက်ပုံးထဲတွင်သာ စွန့်ပစ်ပါ။



စနစ်တကျ လက်ဆေးပါ။

### သတိပြုလိုက်နာရမည့် အချက်များ

(၁) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက် -

**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။**

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊



(ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်း မရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပုဝါ/ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊





(ဂ) ရောဂါလက္ခဏာပြင်းထန်ပါကနီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။



(၂) တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင် ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊




(၃) ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ကိုဗစ်-၁၉ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်း။





ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက် ၆၀နှစ် နှင့် အထက် အသက်အရွယ်ကြီးသူများ၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုကို မဖြစ်မနေခံယူပါ။




**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။**

# တရားမဝင် ကျောက်စိမ်း၊ လုပ်ငန်းသုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၈**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။












ထိုသို့ ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇွန် ၁၆ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ် (ကုန်လှောင်ရုံ)၌ လေယာဉ်ခရီးစဉ်အမှတ် 8M–336, SF– 5608, DHL HAWB No. 2186667556 ဖြင့် ဟောင်ကောင်မှ တရားမဝင်တင်သွင်းလာသည့် ကျောက်စိမ်းဟုယူဆရသော လက်ကောက်ကွင်း ၁၅၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀ ကိုလည်းကောင်း၊ ဇွန် ၁၇ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ MAI Air-lines လေယာဉ်ခရီးစဉ်အမှတ် 8M–365/ SF–5768 ဖြင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ လိုက်ပါလာသည့် မြန်မာနိုင်ငံသားခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၅၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇွန် ၁၇ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့ တလိုင်းစုရပ်ကွက် တလိုင်းစု(၃)လမ်း အိမ်အမှတ် (၄)ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၃၀၀၀၀ ကိုလည်းကောင်း၊ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ဦးအောင်ဇေယျ(၃)လမ်းရှိ ကမ်းနားဆိပ်၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၈၁၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၂၄၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၀ မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၈၁၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀ ကိုလည်းကောင်း၊ ရတနာပုံတံတား(မန္တလေး) စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ ကလေးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ကိုးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၁၅၅၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hilux Surf တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၅၉၆၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇွန် ၁၇ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့ မော်တော်ယာဉ် ၁၅ စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ၆၃ စီးဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။


ဇွန် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းအမှုတွဲ ၁၂ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၉၅၈၆၅၀၀ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားအထိုးပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်၍ ၎င်းတရားမဝင်တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**


---

**❖ မိုးကြိုးပစ်ခြင်းတို့ဖြစ်ပေါ်နိုင်မှ**

လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ ဇွန် ၂၄ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင် ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်ဖြစ်သည် ။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**




---

## လျှော်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၈**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုတို့တွင် ယနေ့ထိ သေဆုံးသူ ၃၇၅၆ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူဦးရေ ၅၀ ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်း၊ ပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့ထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၃၄ ဦးကို ရှာဖွေပေးနိုင်ခဲ့သည်။

ငလျင် ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန် ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**☆ ကျောဖုံးမှအဆက်**

ရန်ကုန်မှဘားအံသို့ သယ်ဆောင်ခိုင်းသူ စိုးမင်းအား ယင်းနေ့ နံနက် ၁၁ နာရီတွင် ဘားအံမြို့နယ် ခနမ်းဒိုကျေးရွာအနီး ဘားအံ-မြဝတီသွား ကားလမ်းတွင် GRAND STAREX မော်တော်ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ ဖမ်းဆီးရမိ အိုက်စ် (မက်သ်အဖက်တမင်း)များကို ရန်ကုန်မြို့မှတစ်ဆင့် မြဝတီမြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့သုံးဦးကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၅၀၁)

---

# မီးဘေးရှောင် မလောင်ခင်တား

# လေကြောင်းစွမ်းဆောင်ရည်မြှင့်တင်နေသော အာရှနိုင်ငံများ အပိုင်း(၂)

**❖ အင်ဒိုနီးရှားနိုင်ငံ၏ ဘက်စုံသုံးတိုက်လေယာဉ်စွမ်းဆောင်ရည်များ အဆင့်မြှင့်တင်ရေးရည်မှန်းချက်သည် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရလျက်ရှိပြီး အထူးသဖြင့် တောင်ကိုရီးယားနှင့်ဆောင်ရွက်နေသော KF-21 Boramae ဂျက်တိုက်လေယာဉ်အစီအစဉ်၌ စိန်ခေါ်မှုများနှင့်ရင်ဆိုင်ရလျက်ရှိသည်။ KF-21 ဂျက်တိုက်လေယာဉ်စီမံကိန်းကိုပူးတွဲရင်းနှီးမြှုပ်နှံရန် ၂၀၁၅ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး နည်းပညာလွှဲပြောင်းလက်ခံရရှိရန်နှင့် ပြည်တွင်း၌ တိုက်လေယာဉ် ၄၈ စင်း တည်ဆောက်ရန် ရန်ပုံငွေ ၂၀ ရာခိုင်နှုန်း ထည့်ဝင်သွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံက ကတိပြုခဲ့သည်။ ❖**

**ဂျပန်နိုင်ငံ**

ဂျပန်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာတိုက်လေယာဉ် အစီအစဉ်(GCAP)တွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်းဖြင့် ၎င်း၏ လေကြောင်းကာကွယ်ရေးစွမ်းဆောင်ရည်များ ခေတ်မီအဆင့်မြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ၎င်းအစီအစဉ်သည် ဆဋ္ဌမမျိုးဆက်သစ် ဘက်စုံသုံးတိုက်လေယာဉ် သုတေသနပြုတည်ဆောက်ရန်ရည်မှန်းလျက် ဗြိတိန်၊ အီတလီတို့နှင့် သုံးနိုင်ငံ ပူးတွဲတည်ဆောက်သွားမည်ဖြစ်သည်။ ၎င်းအစီအစဉ်သည် ဂျပန်နိုင်ငံ၏ သက်တမ်းရင့် F-2 တိုက်လေယာဉ်များနေရာတွင် အစားထိုးသွားရန်ဖြစ်ပြီး ၂၀၃၅ ခုနှစ်တွင် တပ်ဖြန့်ချသွားရန် အစီအစဉ် ရေးဆွဲထားရှိသည်။

၎င်းအစီအစဉ်ကို ဂျပန်နိုင်ငံ၏ မစ်ဆူဘီရှိအကြီးစားစက်မှုလုပ်ငန်း ဗြိတိန်၏ BAE Systems နှင့် အီတလီ၏ Leonardo ကုမ္ပဏီတို့က ပူးပေါင်းတည်ဆောက်သွားမည်ဖြစ်သည်။ အဆိုပါကုမ္ပဏီများသည် လေယာဉ်ဒီဇိုင်းကို ပူးပေါင်းရေးဆွဲခဲ့ပြီး အဆင့်မြင့်လေခွင်းအား၊ ကိုယ်ပျောက်စွမ်းဆောင်ရည်များနှင့် နောက်ဆုံးပေါ်နည်းပညာများ ပါရှိမည်ဖြစ်သည်။

အဆိုပါ ကမ္ဘာလုံးဆိုင်ရာတိုက်လေယာဉ် အစီအစဉ်တိုးတက်မှု နိုင်ငံတကာစီမံခန့်ခွဲရေးအဖွဲ့ (GIGO) ရုံးချုပ်ကို ဗြိတိန်၌ ဖွင့်လှစ်နိုင်ခဲ့ပြီး ဂျပန်နိုင်ငံသားမာဆာမီအိုကာသည် အကြီးအကဲအဖြစ် တာဝန်ထမ်းဆောင်သွားမည်ဖြစ်သည်။ နိုင်ငံတကာ စီမံခန့်ခွဲရေးအဖွဲ့သည် ကမ္ဘာလုံးဆိုင်ရာတိုက်လေယာဉ် အစီအစဉ်တိုးတက်မှုကို စောင့်ကြည့်သွားမည်ဖြစ်သည့်အတွက် ပါဝင်သည့်နိုင်ငံများကြား ပူးပေါင်းဆောင်ရွက်မှုတိုးတက်လာစေမည်ဖြစ်သည်။

**တောင်ကိုရီးယားနိုင်ငံ**

တောင်ကိုရီးယားနိုင်ငံသည် KF-21 Boramae ဂျက်တိုက်လေယာဉ် သုတေသနပြုတည်ဆောက်မှု၊ စမ်းသပ်မှုများလုပ်ဆောင်မှုနှင့်အတူ ပြည်တွင်းထုတ် ဘက်စုံသုံးတိုက်လေယာဉ် (MRCA) အစီအစဉ်ကို ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။ ကိုရီးယားအာကာသစက်မှုလုပ်ငန်းက ဒီဇိုင်းရေးဆွဲထားသော KF-21 ဂျက်တိုက်လေယာဉ်သည် ကိုရီးယားလေတပ်ဖွဲ့(ROKAF)၏ စွမ်းဆောင်ရည်များ မြှင့်တင်ရန်နှင့် ပြည်ပလေယာဉ်များအပေါ် မှီခိုမှုလျှော့ချသွားရန် ရည်မှန်းထားရှိသည်။

KF-21 ဂျက်တိုက်လေယာဉ်သည် အသံ၏မြန်နှုန်းထက် Mach 1.8 ဖြင့် ပျံသန်းနိုင်ပြီး ဝေဟင်၌ဆီဖြည့်နိုင်သောကြောင့်ခရီးဝေးကွာစွာ တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်သည်။ တောင်ကိုရီးယားနိုင်ငံအနေဖြင့် KF-21EA၊ KF-21EX နှင့် KF-21SA ဟူ၍ မူကွဲသုံးမျိုးဖြင့် ထပ်မံအဆင့်မြှင့်တင် တည်ဆောက်သွားရန် ရည်မှန်းထားရှိသည်။ ကိုရီးယားလေတပ်ဖွဲ့သည် ၂၀၃၂ ခုနှစ်တွင် KF-21 ဂျက်တိုက်လေယာဉ် အစင်း ၁၂၀ ထိ ပိုင်ဆိုင်နိုင်ရန် အခိုင်အမာဆုံးဖြတ်ထားရှိသည်။

**အင်ဒိုနီးရှားနိုင်ငံ**

အင်ဒိုနီးရှားနိုင်ငံ၏ ဘက်စုံသုံးတိုက်လေယာဉ် စွမ်းဆောင်ရည်များ အဆင့်မြှင့်တင်ရေးရည်မှန်းချက်သည် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရလျက်ရှိပြီး အထူးသဖြင့် တောင်ကိုရီးယားနှင့်ဆောင်ရွက်နေသော KF-21 Boramae ဂျက်တိုက်လေယာဉ်အစီအစဉ်၌ စိန်ခေါ်မှုများနှင့်ရင်ဆိုင်ရလျက်ရှိသည်။ KF-21 ဂျက်တိုက်လေယာဉ်စီမံကိန်းကို ပူးတွဲရင်းနှီးမြှုပ်နှံရန် ၂၀၁၅ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး နည်းပညာလွှဲပြောင်းလက်ခံရရှိရန်နှင့် ပြည်တွင်း၌ တိုက်လေယာဉ် ၄၈ စင်း တည်ဆောက်ရန် ရန်ပုံငွေ ၂၀ ရာခိုင်နှုန်း ထည့်ဝင်သွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံက ကတိပြုခဲ့သည်။ သို့သော် အင်ဒိုနီးရှားနိုင်ငံ၏ ဘဏ္ဍာငွေအခက်အခဲကြောင့် ထည့်ဝင်ရမည့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံမှ သန်း ၄၄၀ ထိ လျှော့ချပေးခဲ့သည်။

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံသည် အခြားသောနေရာများမှလည်း ကာကွယ်ရေးပစ္စည်းများ ဝယ်ယူသွားရန် စီစဉ်လျက်ရှိရာ Dassault ကုမ္ပဏီ၏ Rafale တိုက်လေယာဉ် ၂၄ စင်း မှာယူထားရှိပြီး Boeing ကုမ္ပဏီထံမှ F-15 EX လေယာဉ် ၂၄ စင်း ဝယ်ယူရန် ဆွေးနွေးညှိနှိုင်းလျက်ရှိသည်။

**မလေးရှားနိုင်ငံ**

မလေးရှားနိုင်ငံသည် ဘက်စုံသုံးတိုက်လေယာဉ် အစီအစဉ်ဖြင့် လေကြောင်းစွမ်းဆောင်ရည်များ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ ၎င်းအစီအစဉ်သည် မလေးရှားတော်ဝင်လေတပ် (RMAF) တိုက်ခိုက်ရေးလေယာဉ်အုပ်စုတိုးချဲ့ရန်နှင့် ပြောင်းလဲဖြစ်ပေါ်နေသော ဒေသတွင်းလုံခြုံရေးကိုတုံ့ပြန်ရာတွင် တိုက်ပွဲဝင်အသင့်ဖြစ်မှု အဆင့်မြှင့်တင်သွားရန်ရည်မှန်းထားရှိသည်။

ထိုသို့ ကြိုးပမ်းရာ၌ ထင်ရှားသောတိုးတက်မှုသည် KAI ကုမ္ပဏီထံမှ FA-50 အပေါ့စားတိုက်လေယာဉ် ၃၆ စင်း ဝယ်ယူသွားရန်စီစဉ်ထားရှိသည်။ ပထမဆုံး ၁၈ စင်းကို ၂၀၂၇ ခုနှစ်တွင် လွှဲပြောင်းပေးအပ်သွားမည်ဖြစ်သည်။ FA-50M အပေါ့စားတိုက်လေယာဉ်မူကွဲကို AIM-9 အမျိုးအစား ဝေဟင်မှ ဝေဟင်ပစ်ဒုံးကျည်များ၊ ပြင်ပဆီသိုလှောင်ကန်များနှင့် တိကျပဲ့ထိန်းခဲယမ်းများအပါအဝင် အဆင့်မြင့်လက်နက်စနစ်များ တပ်ဆင်ထားရှိသည်။

ထို့ပြင် မလေးရှားနိုင်ငံသည် ကူဝိတ်လေတပ်ဖွဲ့ထံမှ F/A-18C/D Hornet အမျိုးအစား တစ်ပတ်ရစ်ဂျက်တိုက်လေယာဉ်အစင်း ၃၀ ဝယ်ယူသွားရန်အပြီးသတ်ဆွေးနွေးလျက်ရှိသည်။ အဆိုပါ ဝယ်ယူမှုသည် မလေးရှားတော်ဝင်လေတပ်၏ မူလရှိရင်းစွဲ F/A-18D Hornet ဂျက်တိုက်လေယာဉ်ရှစ်စင်း၏စွမ်းဆောင်ရည်ကို မြှင့်တင်သွားနိုင်မည်ဖြစ်သည်။ အလားတူ မလေးရှားတော်ဝင်လေတပ်သည် ဘက်စုံသုံးတိုက်လေယာဉ် ရေရှည်ရည်မှန်းချက်များ ပြည့်မီစေရန် ပဉ္စမမျိုးဆက် တိုက်လေယာဉ်များ ဝယ်ယူသွားရန် စီစဉ်ထားရှိသည်။ မလေးရှားနိုင်ငံသို့ တိုက်လေယာဉ်ရောင်းချရန် ကမ်းလှမ်းထားမှုများမှာ ရုရှား၏ Sukhoi Su-57၊ တူရကီယဲ၏ KAAN နှင့် တောင်ကိုရီးယား၏ KF-21 Boramae ဂျက်တိုက်လေယာဉ်တို့ဖြစ်သည်။

**ဖိလစ်ပိုင်**

ဖိလစ်ပိုင်နိုင်ငံသည် တောင်တရုတ်ပင်လယ်တွင် တင်းမာမှုများ တုံ့ပြန်နိုင်ရေးအလို့ငှာ အဆင့်မြင့်ဘက်စုံသုံးတိုက်လေယာဉ်များ ဝယ်ယူခြင်းဖြင့် လေကြောင်းစွမ်းဆောင်ရည်များ မြှင့်တင်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ၂၀၂၅ ခုနှစ် ဧပြီလတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနသည် ဖိလစ်ပိုင်နိုင်ငံသို့ စစ်လက်နက်ပစ္စည်းများရောင်းချရန် အတည်ပြုပေးခဲ့သည်။ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅၈ ဘီလီယံတန်ဖိုးရှိသော ၎င်းအစီအစဉ်၌ အမေရိကန်အနေဖြင့် ဖိလစ်ပိုင်သို့ F-16 Block 70/72 ဂျက်တိုက်လေယာဉ်အစင်း ၂၀ ရောင်းချပေးသွားမည်ဖြစ်သည်။ အဆိုပါဝယ်ယူမှုသည်ပင်လယ်ရေကြောင်းစောင့်ကြည့်မှု၊ အနီးကပ်လေကြောင်း အထောက်အကူပြုမှုနှင့် ရန်သူ့လေကြောင်း ကာကွယ်ရေးကိုထိုးဖောက်ရာတွင် ဖိလစ်ပိုင်လေတပ်၏စွမ်းဆောင်ရည်များကိုမြှင့်တင်သွားနိုင်မည်ဖြစ်သည်။

ထို့ပြင် ဖိလစ်ပိုင်နိုင်ငံသည် ပြည်ပဖောက်သည်များထံမှ အမေရိကန်ဒေါ်လာ ၇ ဘီလီယံ တန်ဖိုးရှိသော ဂျက်တိုက်လေယာဉ်အစင်း ၄၀ ဝယ်ယူသွားရန်လည်း စဉ်းစားသုံးသပ်လျက်ရှိသည်။ ဖိလစ်ပိုင်လေတပ်သည် မူလရှိရင်းစွဲ လေယာဉ်အုပ်ကိုတိုးချဲ့ရန် တောင်ကိုရီးယားနိုင်ငံမှ FA-50 အပေါ့စားတိုက်လေယာဉ် ၁၂ စင်း ထပ်မံဝယ်ယူသွားရန် စီစဉ်ထားရှိသည်။

**ထိုင်းနိုင်ငံ**

ထိုင်းဘုရင့်လေတပ်(RTAF)သည် သက်တမ်းရင့်လေယာဉ်များနေရာတွင် အစားထိုးရန်နှင့် တာဝန်ထမ်းဆောင်မှုစွမ်းဆောင်ရည်များ မြှင့်တင်ရန် တိုက်လေယာဉ်အုပ်များ ခေတ်မီအဆင့်မြှင့်တင်တည်ဆောက်မှုများလုပ်ဆောင်လျက်ရှိသည်။ ထိုင်းဘုရင့်လေတပ်သည် သက်တမ်းရင့် F-16A/B Fighting Falcons ဂျက်တိုက်လေယာဉ်နေရာတွင် အစားထိုးရန် Saab ကုမ္ပဏီထုတ် Jas 39 Gripen E/F တိုက်လေယာဉ်များဝယ်ယူသွားရန် ရည်ရွယ်ထားကြောင်း ၂၀၂၄ ခုနှစ် ဩဂုတ်လတွင် ထုတ်ပြန်ကြေညာခဲ့သည်။

ထိုင်းဘုရင့်လေတပ်သည် ၂၀၂၅ ခုနှစ်မှ ၂၀၂၉ ခုနှစ်အတွင်း ဂျက်တိုက်လေယာဉ်အသစ်လေးစင်း ဝယ်ယူရေးအတွက်၂၀၂၅ ခုနှစ် ဘတ်ဂျက်မှ အမေရိကန် ဒေါ်လာ သန်း ၅၆၀ တောင်းခံထားရှိသည်။ ၎င်းဝယ်ယူမှုသည် ၂၀၃၄ ခုနှစ်တွင် ဂျက်တိုက်လေယာဉ်အသစ် ၁၂ စင်းရရှိရေးဆိုသည့် ရေရှည်စီမံကိန်း၏ တစ်စိတ်တစ်ဒေသပင်ဖြစ်သည်။

**ဗီယက်နမ်**

ဗီယက်နမ်နိုင်ငံသည် အမေရိကန်နိုင်ငံမှ F-16 Fighting Falcon ဂျက်တိုက်လေယာဉ် ၂၄ စင်း ဝယ်ယူရန် သဘောတူညီထားခြင်းဖြင့် လေတပ်ဖွဲ့အဆင့်မြှင့်တင်မှုကို ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။ အဆိုပါဝယ်ယူမှု၌ လော့ခ်ဟိဒ်မာတင်ကုမ္ပဏီ၏ အဆင့်မြင့် စတုတ္ထမျိုးဆက် တိုက်လေယာဉ်ဖြစ်သည့် F-16V မူကွဲပါရှိမည်ဖြစ်ပြီး နောက်ဆုံးပေါ် အီလက်ထရွန်နစ်နည်းပညာ AESA ရေဒါနှင့် အဆင့်မြင့် လက်နက်ပေါင်းစပ်စွမ်းဆောင်ရည်များ တပ်ဆင်ထားရှိသည်။

လက်ရှိအချိန်တွင် ဗီယက်နမ်ပြည်သူ့လေတပ် (VPAF) သည် Su-22 နှင့် Su-27 လေယာဉ်များအပါအဝင် ဆိုဗီယက်ခေတ်သက်တမ်းရင့် လေယာဉ်များကို အသုံးပြုလျက်ရှိပြီး ၎င်းလေယာဉ်များသည် အပိုပစ္စည်းအခက်အခဲကြောင့် ပြုပြင်ထိန်းသိမ်းရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည်။ ဗီယက်နမ်နိုင်ငံသည် F-16 လေယာဉ်များဝယ်ယူမှုအပြင် လေယာဉ်မှူးများ လေ့ကျင့်သင်တန်းပေးသည့်အစီအစဉ်များ အဆင့်မြှင့်တင်လုပ်ဆောင်လျက်ရှိသည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် ဗီယက်နမ်နိုင်ငံသည် လေယာဉ်မှူးများ ကျွမ်းကျင်မှုနှင့် အသင့်ဖြစ်မှု မြှင့်တင်ရန် ကြိုးပမ်းမှုတစ်စိတ်တစ်ဒေသအနေဖြင့် အမေရိကန်ထံမှ Beechcraft T-6 Texan II လေ့ကျင့်ရေးလေယာဉ်ငါးမျိုး လက်ခံရရှိထားသည်။ ထို့ပြင် ဗီယက်နမ်နိုင်ငံသည် ချက်သမ္မတနိုင်ငံထုတ် L-39NG လေ့ကျင့်ရေးနှင့် အပေါ့စားတိုက်လေယာဉ်ကိုလည်း လက်ခံရရှိထားသည်။

**ဩစတြေးလျနိုင်ငံ**

ဩစတြေးလျတော်ဝင်လေတပ်သည် တိုက်ခိုက်ရေးစွမ်းဆောင်ရည်မြှင့်တင်ရာ၌ ဒေသတွင်းလေကြောင်း အသာစီးရရှိမှုနှင့် ထွက်ပေါ်လာသောခြိမ်းခြောက်မှုများကိုဖြေရှင်းနိုင်ရန် ဘက်စုံပြုပြင်ပြောင်းလဲမှုကိုဖော်ဆောင်လျက်ရှိသည်။ ထိုသို့ အဆင့်မြှင့်တင်ဆောင်ရွက်ရာ၌ ဩစတြေးလျတော်ဝင်လေတပ်၏ F-35A Lightning II လေယာဉ်အုပ်ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ကိုးစင်းဝယ်ယူဖြည့်တင်းခဲ့သဖြင့် ၇၂ စင်းထိ ဖွဲ့စည်းထားနိုင်ပြီဖြစ်သည်။

ဩစတြေးလျတော်ဝင်လေတပ်သည် F-35 လေယာဉ်များ၏ စွမ်းဆောင်ရည်ကိုအားဖြည့်ရန်အတွက် F/A-18F Super Hornet နှင့် EA-18G Growler လေယာဉ်အုပ်ကိုလည်း အဆင့်မြှင့်တင်လုပ်ဆောင်လျက်ရှိသည်။ ထိုသို့ အဆင့်မြှင့်တင်ရာ၌ ရေဒါအချက်ပြထုတ်လွှတ်မှု လျှော့ချသည့် လေယာဉ်မှူးအခန်းစနစ်များ၊ အဆင့်မြင့်ဒေတာလင့်ခ်များ၊ လေယာဉ်ကိုယ်ထည်ကို ပျံသန်းနာရီ ၁၀၀၀၀ ထိ သက်တမ်းတိုးချဲ့ခြင်းများပါဝင်သည့်အတွက် ၂၀၃၀ ပြည့်နှစ်ထိ ဘက်စုံမစ်ရှင်များ ထမ်းဆောင်နိုင်မည်ဖြစ်သည်။

ဆိုရလျှင် အာရှနိုင်ငံများအနေဖြင့် တိုင်းပြည်ဝေဟင်ကာကွယ်နိုင်ရေးအတွက် ခေတ်မီတိုက်လေယာဉ်များ ဝယ်ယူဖြည့်တင်းခြင်းဖြင့် လေတပ်ဖွဲ့၏စွမ်းဆောင်ရည်များကို ခေတ်မီတိုးတက်လာစေရန် အဆင့်မြှင့်တင် တည်ဆောက်လျက်ရှိသည်။ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့်လည်း ပြည်တွင်း၊ ပြည်ပခြိမ်းခြောက်မှုများကို တုံ့ပြန်နိုင်ရန်နှင့် လေကြောင်းအသာစီးရရှိမှုကို ထိန်းချုပ်ထားနိုင်ရန် တပ်မတော်(လေ)အတွက် ဘက်စုံသုံးခေတ်မီတိုက်လေယာဉ်များ ဝယ်ယူဖြည့်တင်းသွားသင့်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

- Asia's Quest For Multi – Role Air Superiority by ADJ(May–June 2025)

**ဝင်းဇင်(သုတေသန)**




(၁)

ဦးရွှေသီးကို ဤမြို့လေးတွင် မသိသူမရှိပါ။ ဆေးလိပ်ခုံပိုင်ရှင်၊ မော်တော်ပိုင်ရှင် ဦးရွှေသီးကို လူတိုင်းသိကြသည်။ ပိုက်ဆံကလည်း ချမ်းသာ၊ ပရဟိတအလုပ်များလည်းလုပ်တော့ ဦးရွှေသီးသည် မြို့လေး၏ မျက်နှာဖုံးစာရင်းဝင်သည်။ ရှင်ပြုအလှူ ကထိန်အလှူများရှိပါက ဦးရွှေသီးတို့ ပရဟိတအဖွဲ့လေးကို အလှူရှင်တိုင်းက တကူးတက တလေးတစား ဖိတ်ကြားကြသည်။ ဦးရွှေသီး ဦးဆောင်သော ပရဟိတအဖွဲ့လေးသည် ရှင်ပြုအလှူ ကထိန်အလှူတို့တွင် ဧည့်ခံကျွေးမွေးရေးကဏ္ဍမှ တာဝန်ယူကြသည်။ ဦးရွှေသီးက သူ့ပရဟိတအဖွဲ့သားများကို အဓိကမှာကြားထားတာရှိသည်။

"အဖွဲ့သားတွေကို ဦးလေးပြောချင်တာ၊ အဲ ပြောချင်တာဆိုတာထက် စည်းကမ်းတစ်ခုချမှတ်ချင်တာက တို့အဖွဲ့သားတွေ ဧည့်ခံကျွေးမွေးရေး တာဝန်ယူတဲ့အချိန်မှာ အဖွဲ့သားအားလုံးဟာ အဝတ်စားကိုဖြစ်သလို ဝတ်မလာကြပါနဲ့။ သစ်သစ်လွင်လွင်၊ သန့်သန့်ပြန့်ပြန့် ဝတ်ဆင်လာကြပါ။ ချက်ပြုတ်တဲ့သူတွေ၊ ပန်းကန်ခွက်ယောက် ဆေးကြောတဲ့သူတွေကိုလဲ သန့်သန့်ရှင်းရှင်း ချက်ပြုတ်ဆေးကြောကြဖို့ ပြောထားကြပါ"

"ငါတို့ပရဟိတ ဧည့်ခံကျွေးမွေးရေးအဖွဲ့ကို လူတိုင်းပါးစပ်ဖျားမှာ ပြောဆိုကြတဲ့အခါတိုင်း ဦးရွှေသီးတို့ပရဟိတအဖွဲ့က ဧည့်ခံကျွေးမွေးတဲ့နေရာမှာ လူတွေကလဲ ဝတ်စားဆင်ယင်တာ သန့်သန့်ပြန့်ပြန့်ရှိတယ်။ ညစ်ညစ်ပေပေမရှိဘူး။ ထမင်းတိုက် (အလှူထမင်း ဧည့်ခံကျွေးမွေးသည့်နေရာ)ကလဲ သန့်ရှင်းသပ်ရပ်နေတာပဲဆိုတဲ့ ချီးမွမ်းသံကိုပဲ ဦးလေးကြားချင်တယ်။ ဒါ့ကြောင့် အဖွဲ့သားတွေ အနေနဲ့ ကြိုးစားလုပ်ဆောင်ပေးကြပါ။ ဦးလေး တစ်ယောက်ထဲ နာမည်ကောင်းရဖို့ ပြောနေတာ မဟုတ်ပါဘူး။ အဖွဲ့သားအားလုံးအတွက် ရည်ရွယ်ပြီးပြောနေတယ်ဆိုတာ ငါ့တူတို့၊ ငါ့တူမတို့ နားလည်ကြမယ်ထင်ပါတယ်"

အဖွဲ့သားများကလည်း ဦးရွှေသီး ပြောကြားသည်များကို လေးလေးစားစား လိုက်နာမှတ်သားကြသည်။

(၂)

မြို့ခံများ၏ ပါးစပ်ဖျားတွင်လည်း ဦးရွှေသီးတို့ ပရဟိတအဖွဲ့ကလေးက ဧည့်ခံကျွေးမွေးရာမှာ သန့်သန့်ပြန့်ပြန့်၊ သပ်သပ်ရပ်ရပ်ရှိကြောင်း ချီးမွမ်းကြသည်။ ဦးရွှေသီးသည် မြို့ခံများ၏ ချီးမွမ်းထောမနာပြုသံများ မကျဆင်းရေး၊ သူတို့ပရဟိတအဖွဲ့ကလေး ပိုမိုနာမည်ကောင်းရရှိရေးအတွက် အလှူထမင်းတိုက်ရှေ့တွင် တုတ်ကောက်ကြီး တစ်ချောင်းဖြင့် ခေါက်တုံ့ခေါက်ပြန် တာဝန်ယူ လှေ့ရှိသည်။

"ဟဲ့ ဟဲ့၊ အလှူထမင်းတိုက်နား မကပ်ကြနဲ့လေ၊ ဘယ်က အစုတ်အပြတ်တွေပါလိမ့်၊ တေကိုတေလွန်းကြတယ်။ အရှက်ကိုမရှိကြဘူး၊ အလှူကို ဘာများမှတ်နေကြပါလိမ့်။ တယ်ခက်တဲ့ ဟာတွေပဲ၊ သွားကြ ... သွားကြ၊ တုတ်စာမိသွားမယ်"

အလှူထမင်းတိုက်သို့ ထမင်းဟင်း လာတောင်းလေ့ရှိသော အဖာအထေးအဝတ်စားများ ဝတ်ဆင်ထားကြသည့် သူတောင်းစားများ၊ နွမ်းပါးစွာ ဝတ်ဆင်ထားသည့် မရှိဆင်းရဲသားများကို ဦးရွှေသီး တစ်ယောက် ဒေါသတကြီးဖြင့် အော်ဟစ်ဆဲဆို ငေါက်လွှတ်လေ့ရှိသည်။ ဗိုက်ဆာလွန်း၍ မပြန်ဘဲ ပေကပ်ကပ်လုပ်နေသော တောင်းရမ်းသူများကို သူ့လက်ထဲမှ တုတ်ကောက်ဖြင့် ခေါက်လွှတ်၊ ရိုက်လွှတ်သည့်အခါလည်း ရှိတတ်သည်။ ညစ်ပတ်နွမ်းပါးလှသော တောင်းရမ်းသူများကြောင့် အလှူဧည့်ခံကျွေးမွေးရေးအဖွဲ့၏ဂုဏ်ကို ထိခိုက်မည်စိုး၍ဖြစ်သည်။ ဦးရွှေသီးအတွေးထဲ နွမ်းပါးစုတ်ပြတ်စွာ ဝတ်ဆင်ထားသော တောင်းရမ်းသူများကြောင့် ထမင်းတိုက်အတွင်း တောက်တောက်ပပ မဖြစ်မည် စိုးနေသည်။

ဦးရွှေသီး၏လွဲမှားနေသော ပရဟိတခံယူချက်ဖြစ်သည်။ ကုသိုလ်ယူချင်သောကြောင့် ပရဟိတ လုပ်တာမဟုတ်ဘဲ နာမည်ကောင်းယူချင်သောကြောင့် ပရဟိတလုပ်သကဲ့သို့ဖြစ်နေသည်။ ဦးရွှေသီး လုပ်ရပ်ကြောင့် ဗိုက်အတော်ဆာလောင်လွန်းလှသော မရှိဆင်းရဲနွမ်းပါးသူများအတွက် သနားစရာ ကောင်းလှသည်။ တကယ်တော့ အလှူဆိုတာ အယုတ်အလတ်၊ အမြတ်မရွေး ပေးလှူဒါန်းမှသာ စစ်မှန်သောအလှူဒါနဖြစ်သည်ကိုတော့ ဦးရွှေသီး မတွေးမိခဲ့ပေ။

(၃)

ဦးရွှေသီး အသက်အရွယ်ကြီးရင့်လာချိန်နှင့် စီးပွားရေးကျဆင်းချိန်ဆုံလာသည်။ လူကလည်း ဇရာပြ၍ အရင်လို ကျန်းမာရေးက မကောင်းချင်တော့။ သားသမီးများကလည်း ကိုယ့်အိမ်ထောင်နှင့်ကိုယ် အဝေးရောက်နေကြသည်။ ဇနီးသည်ကတော့ လွန်ခဲ့တဲ့ငါးနှစ်ကတည်းက ဆုံးပါးသွားခဲ့သည်။ ပြုစုစောင့်ရှောက်မည့်သားသမီးလည်း မရှိတော့ ဖြစ်သလိုနေ၊ ဖြစ်သလိုစားနေရသည်။ ထမင်း၊ ဟင်း ချက်ပြုတ်ရန်ခေါ်ထားသည့် ထွန်းပေါ်ကလည်း သူ့အပေါ်စေတနာမထား။ ပိုက်ဆံရ၍သာ လုပ်နေသည်။ ထမင်း၊ ဟင်းကို ဖြစ်သလိုချက်ပြုတ်သည်။ စားရတာခံတွင်းမတွေ့။

(၄)

ဒီနေ့တော့ ရွာထဲ ကထိန်အလှူရှိသည်ဟု သတင်းကြားသည်။ ဦးရွှေသီးစိတ်ထဲ အလှူထမင်း၊ အလှူဟင်း စားချင်စိတ်ဖြစ်နေမိသည်။ ထို့ကြောင့် အလှူထမင်းတိုက်သို့ ဦးရွှေသီးထွက်လာခဲ့သည်။ ဦးရွှေသီးအဝတ်စားများက ဟိုအရင်အလှူများတွင် ဧည့်ခံကျွေးမွေးရေးလုပ်တုန်းကလို တောက်တောက်ပြောင်ပြောင်မဟုတ်၊ ချေးအထပ်ထပ်နှင့် နွမ်းပါးလွန်းလှသည်။ လမ်းလျှောက်တိုင်း လေဖြန်းထားသော ခြေတစ်ဖက်ကလည်း ဆာတာတာဖြစ်နေသည်။

ထမင်းတိုက်ရှေ့တွင် ဧည့်ခံကျွေးမွေးရေး တာဝန်ယူနေသော ရွာက လူငယ်လေးများကို တွေ့ရသည်။ ဘယ်သူဘယ်ဝါ့သားသမီးတွေမှန်း ဦးရွှေသီး မသိပါ။

"ဘကြီး ထမင်းစားချင်လို့ပါကွယ်"

အဝတ်စားများက နွမ်းပါးလွန်းနေ၍ မောင်းထုတ်ခံရမည်စိုးနေသည်။ ဟိုအရင်က သူ့စိတ်နှင့်နှိုင်းယှဉ်၍ ဦးရွှေသီး တွေးနေမိခြင်းဖြစ်ပါသည်။

"လာ လာ ဘကြီး"

လူငယ်လေးတစ်ဦးက အလှူထမင်းတိုက်ထဲသို့ ဦးရွှေသီးကို ခေါ်သွားသည်။

"ဒီဝိုင်းမှာ ထိုင်လိုက် ဘကြီး"

လူငယ်လေး နေရာချပေးသော ထမင်းဝိုင်းတွင် ဦးရွှေသီးထိုင်လိုက်သည်။ အလှူထမင်း၊ အလှူဟင်းနံ့များကြောင့် ဦးရွှေသီး ဗိုက်ထဲက တကြုတ်ကြုတ်နှင့် မြည်နေတော့သည်။ သူနှင့်ထမင်းတစ်ဝိုင်းတည်းတွင် သူ့လို အဝတ်စားညစ်နွမ်းနွမ်းနှင့် သားအမိနှစ်ဦးမှာလည်း ထမင်းစားနေကြသည်။ ထိုသားအမိနှစ်ဦး စားနေပုံမှာ အားပါးတရရှိလှသည်။ ဦးရွှေသီးလည်း အဆင်သင့်ချပေးထားသော ထမင်းနှင့်ဟင်းကို အားပါးတရ စားလိုက်သည်။ ဟင်းကောင်း၊ ထမင်းကောင်း မစားရတာကြာခဲ့ပြီမို့ စား၍ အလွန်မြိန်သည်။

"ဝအောင်စားနော်သား၊ အမေတို့ နောက်ထပ် တောင်းရမဲ့ရွာက အလှမ်းဝေးတယ်။ လမ်းကျ ဆာနေလိမ့်မယ်"

သူနှင့်တစ်ဝိုင်းတည်းစားသည်မှာ သူတောင်းစား သားအမိ ဖြစ်ပုံရသည်။

"အရင်ကဆို အလှူတွေရှိရင် အလှူထမင်း စားရဖို့မဆိုနဲ့ ထမင်းတိုက်နားတောင် ကပ်လို့ မရဘူးသားရဲ့"

"ဘာဖြစ်လို့လဲ အမေ"

"ဦးရွှေသီးဆိုတဲ့ လူကြီးကြောင့်ပေါ့ သားရယ်။ အမေတို့ ထမင်းဝင်စားရင် သူတို့ဧည့်ခံကျွေးမွေးရေး ပရဟိတအဖွဲ့ကြီး နာမည်ပျက်မှာ စိုးလို့တဲ့လေ"

"ဟင်...မုန်းဖို့ကောင်းလိုက်တာ၊ ပြိတ္တာကြီး ဖြစ်ပါစေဗျာ"

"ဟဲ့ အဲလိုမပြောရဘူး သားရဲ့။ သူ့လုပ်ရပ်က သူပြန်ပြီး အကျိုးပေးမှာပဲလေ"

သူ့ရှေ့က သူတောင်းစားသားအမိစကားကြောင့် ပါးစပ်ထဲထည့်သွင်းမည့် ထမင်းလုပ်သည် လေထဲ ရပ်တန့်သွားသည်။ သူတောင်းစားသားအမိကတော့ သူတို့ရှေ့က အဘိုးကြီးကို ဦးရွှေသီးမှန်း သိပုံမရကြပါ။ တစ်ချိန်က သူ့လုပ်ရပ်အမှားများကြောင့် ဦးရွှေသီးရင်ထဲ နောင်တမီးများ တမြိုက်မြိုက် လောင်ကျွမ်းနေရပြီ။

သူတို့ပရဟိတအဖွဲ့ နာမည်ကောင်းရချင်၍ နွမ်းပါးဆာလောင်သူတို့ပေါ် စာနာစိတ်ကင်းစွာဖြင့် ဆူပူကြိမ်းမောင်း၍ မောင်းထုတ်ခဲ့မိသည်။ တကယ်တော့ သူ့လုပ်ရပ်က တလွဲဆံပင်ကောင်း ဖြစ်ခဲ့မှန်း အခုတော့ သိခဲ့ပါသည်။

နောင်တမျက်ရည်များက ပါးပြင်ပေါ်မှတစ်ဆင့် ထမင်းပန်းကန်ထဲသို့ တစ်စက်စက် ကျနေလေသည်။ ထမင်းလည်း ဆက်စား၍မရတော့သောကြောင့် ဦးရွှေသီး အလှူထမင်းတိုက်ထဲက ထွက်လာခဲ့သည်။

(၅)

"ဦးလေး စားရတာအဆင်ပြေရဲ့လား။ ဗိုက်ဝရဲ့လားဗျ"

ဦးရွှေသီးကို ထမင်းတိုက်မှာ နေရာပေးခဲ့သော လူငယ်လေးက နှုတ်ဆက်နေသည်။

"ပြေပါတယ်ကွယ်။ ဗိုက်လဲ ဝပါတယ်"

ပြုံးရွှင်ကြည်လင်နေသော လူငယ်လေး၏ မျက်နှာကိုမြင်ရတော့ တစ်ချိန်က အလှူထမင်းတိုက်ရှေ့တွင် တုတ်တစ်ချောင်းဖြင့် သူတို့ပရဟိတအဖွဲ့ နာမည်ကောင်းရရန် တလွဲအသိဖြင့် အဝိဇ္ဇာများ ဖုံးလွှမ်းနေသောမျက်နှာတစ်ခုကို မြင်ယောင်မိ၍ ကိုယ့်ကိုယ်ကိုယ် စက်ဆုပ်ရွံရှာ မုန်းတီးမိသော စိတ်များဖြစ်နေမိသည်။ နာမည်ကောင်းလိုချင်မှု၊ ချီးမွမ်းထောမနာ အသိအမှတ်ပြုခံချင်မှုဆိုသော တဏှာများ ဖုံးလွှမ်းနေခဲ့တာကြောင့် အမှန်မသိခြင်းဆိုသော အဝိဇ္ဇာနွံထဲတွင် နစ်မြုပ်ခဲ့ရသည်။ ယခုတော့ လက်ရှိကျန်ရှိနေသော လူ့သက်တမ်းလေးတွင် အဝိဇ္ဇာနွံမှ ရုန်းထွက်နိုင်အောင် ကြိုးစားသွားမည်ဟု ဦးရွှေသီး ဆုံးဖြတ်လိုက်ပါတော့သည်။

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၁၃၄၉ ဧက ရိတ်သိမ်းပြီးစီး



**ရွှေဘို ဇွန် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၁၃၄၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၁၃၄၉ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် မေလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၄ ဒသမ ၉၂ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ နှမ်း ၁၃၄၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲ့ဒီစိုက်ပျိုးထားတဲ့ နှမ်းခင်းတွေ အခုလက်ရှိမှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းနစ်တွေနဲ့စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ယခုနှစ် ရွှေဘိုမြို့နယ်တွင် နှမ်းစိုက်ပျိုးမည့်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများစိုက်ပျိုးနိုင်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# မြောင်းမြမြို့နယ်တွင် ငါးတန်များ အရောင်းအဝယ်ကောင်းမွန်နေ

**မြောင်းမြ ဇွန် ၁၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်သားငါးဈေးကွက်တွင် ငါးတန်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း မြောင်းမြမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အိအိအေးက ပြောပြသည်။

မြောင်းမြမြို့နယ်မှ ငါးတန်များကို ဇွန်လ ဒုတိယပတ်မှ ယနေ့ထိ ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများလာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် နေ့စဉ်ငါးတန်ပိဿာချိန် ၃၅၀၀ မှ ၆၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

''မြောင်းမြမြို့နယ်ဘက်က ထွက်တဲ့ ငါးတန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းနေတာပါ။ ဒီဘက်ကနေ ထွက်တဲ့ဒေသထွက်ငါးတန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့ရောင်းချနေပါတယ်။ ဒေသထွက် ငါးတန်တွေအရောင်းအဝယ်ကောင်းလာတော့ ငါးမွေးမြူရေးလုပ်ငန်းတွေ၊ ရေလုပ်သားတွေ၊ ကုန်သည်တွေ အလုပ်အကိုင်အခွင့်အလမ်း ကောင်းလာပါတယ်"ဟု မြောင်းမြမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိအေးက ပြောပြသည်။



မြောင်းမြမြို့နယ်တွင် ဒေသထွက် ငါးတန်တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ ထိပေါက်ဈေးရှိကြောင်း၊ ငါးတန်များအရောင်းအဝယ်ကောင်းလာသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများ၊ ရေလုပ်သားများ၊ ကုန်သည်များ၊ မော်တော်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင်ရရှိလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# သံတောင်ကြီးမြို့နယ် ရွှေညောင်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သံတောင်ကြီး ဇွန် ၁၈**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွှေညောင်ပင်ကျေးရွာ၌ ကျေးလက်နေပြည်သူများ၏ မိသားစုစားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာကြည်နှင့် သံတောင်ကြီးမြို့နယ်မှ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ရွှေညောင်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့်အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းဆိုင်ရာစာရင်းဇယားများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက စီမံကိန်းအသင်းဝင်ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံ၍ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သံတောင်ကြီးမြို့နယ် ရွှေညောင်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၁ ဦးကို ငွေကျပ် ၂၃ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၈ ဒသမ ၇ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၇ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၅ ဦးကို ရန်ပုံငွေကျပ် ၃၉ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အထွေး**

## ဘဝလှဖို့

\- စိတ်ဓာတ်ကို ဖြူအောင်ထား
နေထိုင်သွား ကြိုးစားပါ၊
အမုန်းတွေ ကင်းစင်ဝေးဖို့
ယဉ်ကျေးချိုသာ၊
တန်ဖိုးရှိ ပြုမူကာ
လူ့ပြည်ရွာ အလှဆင်ကြ၊
ပန်းတိုင်မြေ ရောက်စေလှမ်းကွယ်
ရွှင်လန်းဘဝ။

\- ဘဝကို အလွယ်မတွေး
သမိုင်းရေး မှန်ကန်စေ၊
ကြုံဆုံမည် အခက်ခဲ
ဆင်နွှဲဖြတ်လေ၊
ဖွဲသတ္တိ အားမာန်တွေ
မြှင့်တင်နေ ကြိုးစား၊
တစ်နေ့ဝယ် အောင်မြင်ရမည်
စံပြစေသား။

\- လှပစေ ဘဝတစ်ခု
အစပြု သာယာရန်၊
အကျိုးဆောင် အများတွက်
ဆောင်ရွက်ကျင့်ကြံ၊
ကောင်းမြတ်သော အသိဉာဏ်
အမြဲမွမ်းမံ လှုပ်ရှား၊
အဓိပ္ပာယ် ရှိသောအလုပ်ကို
ကြိုးကုတ်စေသား။ ။

ရွှေမြိုင်သူ(မြန်မာစာ)

# ပေါင်းတည်မြို့နယ်၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းရန်သင်တန်းဖွင့်

**ပေါင်းတည် ဇွန် ၁၈**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရန်သင်တန်းဖွင့်ပွဲကို ဇွန် ၁၇ ရက်နံနက်ပိုင်းက အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်တလင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်နှင်းယုလွင်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပေါင်းတည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေက သင်တန်းဖွင့်လှစ်ဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းဖွင့်ပွဲသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာအရာရှိများက သင်တန်းသူများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရန်သင်တန်းကို ပေါင်းတည်မြို့နယ်အတွင်းရှိ ကျေးရွာများမှ သင်တန်းသား၊ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းနည်းပြဆရာက ပန်းရန်နှင့်ပတ်သက်သည့် သင်ခန်းစာများကို စာတွေ့လက်တွေ့ဖြင့် ဇွန် ၁၇ ရက်မှ ဇူလိုင် ၁ ရက်ထိ ၁၅ ရက်ကြာ အခမဲ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေထံမှ သိရသည်။

**အေးမြတ်**

# ဝင်ငွေတိုးဖို့ ပုစွန်မွေးကြပါစို့

ရွှေပုစွန်လေး(ငါးဦးစီး)

ပုစွန်၏အရသာသည် ထူးကဲသဖြင့် မြန်မာနိုင်ငံ၌ လူကြိုက်များရုံမက ကမ္ဘာ့နိုင်ငံအသီးသီး၌လည်း လူကြိုက်များသည့် ရေထွက်ကုန်ပစ္စည်းတစ်မျိုး ဖြစ်သည်။ ပြည်တွင်း၌စားသုံးရန် ရောင်းချသည့်အပြင် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချ၍ရနိုင်သဖြင့် မြန်မာနိုင်ငံရှိပုစွန်မွေးမြူသူများ၊ ကမ္ဘာပေါ်ရှိ ပုစွန်မွေးမြူသူအားလုံးအတွက် ဈေးကောင်းရသည့် ရေသတ္တဝါမျိုးစိတ်တစ်မျိုးဖြစ်သည်။ ပုစွန်မှာ အမျိုးအစားအားဖြင့် ရေချိုနှင့်ရေငန်ဟူ၍ နှစ်မျိုးရှိသည်။ ရေချိုပုစွန်မျိုးစိတ်များထဲတွင် အထင်ရှားဆုံးနှင့် လူကြိုက်များသည့်ရေချိုပုစွန်မျိုးမှာ ရေချိုပုစွန်တုပ်ကြီးဟုခေါ်သည့် Macrobrachium Rosenbergii မျိုးဖြစ်ပြီး အထင်ရှားဆုံးမွေးမြူကြသည့် ရေငန်ပုစွန်မျိုးစိတ်မှာ ကျားပုစွန် (Penaeus monodon) နှင့် ပုစွန်ဖြူ (Litopenaeusvannamei) တို့ ဖြစ်ကြသည်။

ရေချိုပုစွန်တုပ်ကြီးမျိုးသည် အရွယ်အစားကြီးမား၍ အသားမှာနူးညံ့ပြီး အရသာရှိသော ရေချိုမျိုးစိတ်တစ်မျိုးဖြစ်သည်။ ကမ္ဘာပေါ်တွင်Macrobrachium မျိုးစိတ်ပေါင်း ၂၀၀ ခန့်ရှိပြီး ၎င်းတို့အနက် ၄၉ မျိုးကို စီးပွားဖြစ်မွေးမြူကြသည်။ အာရှနှင့်ပစိဖိတ်ဒေသတွင် စီးပွားဖြစ်မွေးမြူသည့် မျိုးစိတ် ၂၇ မျိုးခန့်တွေ့ရှိရသည်။ ရေချိုပုစွန်တုပ်ကြီးကို အပူပိုင်းနှင့် အပူသမပိုင်းရာသီဥတုရှိသည့် အင်ဒိုပစိဖိတ်ဒေသများဖြစ်သော မလေးရှား၊ ထိုင်း၊ ဖိလစ်ပိုင်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့တွင် တွေ့ရှိရသည်။ ၎င်းမျိုးစိတ်ကို ရေချိုရှိရာကန်များ၊ မြစ်များ၊ ချောင်းများ၊ မြောင်းများ၊ တူးမြောင်းများ၊ ချိုင့်ဝှမ်းများ၊ မြေနိမ့်ပိုင်းရေလွှမ်းလွင်ပြင်များနှင့် မြစ်ဝများတွင်တွေ့ရပြီး အာရှနှင့်အရှေ့တောင်အာရှ၏ဒေသမျိုးရင်းဖြစ်ပြီး ပစိဖိတ်သမုဒ္ဒရာအနောက်ဘက်ကျွန်းစုများ၌လည်း တွေ့ရသည်။

ရေချိုပုစွန်တုပ်ကြီးမျိုးဖြစ်သော ဥဆောင်အမများသည် မျိုးပွားချိန်တွင် ရေချိုမှရေချိုရေငန်စပ်ရှိရာ မြစ်အောက်ပိုင်းမြစ်ဝများသို့ ဥများချရန်အတွက် ရွှေ့ပြောင်းသွားလာတတ်သည်။ အမများက ဥချသော သားလောင်းများသည် ရေချိုရေငန်စပ်ထဲတွင် လွတ်လပ်စွာကူးခပ်နေပြီး ရုပ်သွင်ပြောင်းလဲခြင်း ၁၁ ဆင့်ကူးပြောင်းပြီးနောက် သားပေါက်ကောင်ဟုခေါ်သော Post Larvae အဆင့်တွင် ရေချိုရှိရာ အထက်ပိုင်းအရပ်သို့ ရွှေ့ပြောင်းသွားလာလေ့ရှိကာ ရေချိုတွင်သက်ကြီးကောင်အဆင့်ထိ နေထိုင်ကျက်စားလေ့ရှိသည်။

မြန်မာနိုင်ငံတွင် လက်ရှိမွေးမြူနေသော ရေချိုမျိုးစိတ်မှာ ဖော်ပြပါ ရေချိုပုစွန်တုပ်ကြီးမျိုးဖြစ်သည်။ မြန်မာနိုင်ငံတွင် ရေချိုပုစွန်တုပ်ကြီးကို ရေချိုအရင်းအမြစ်များရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများဆုံးမွေးမြူကြောင်းတွေ့ရှိရသည်။ မြန်မာနိုင်ငံတွင် ရေချို၊ ရေငန်ပုစွန်မွေးမြူရေးဧရိယာစုစုပေါင်း ၁၃၈၃၀၀ ဒသမ ၀၂ ဧကရှိသည်။ မြန်မာနိုင်ငံရှိ ရေချိုပုစွန်မွေးမြူသူအများစုမှာ ပုစွန်သီးသန့်မွေးမြူခြင်းထက် ငါးများနှင့် ရောနှောမွေးမြူသည့်စနစ်ဖြင့် မွေးမြူကြသည်ကို တွေ့ရှိရသည်။ မြန်မာနိုင်ငံတွင် ရေချိုပုစွန်နှင့်ရောနှောမွေးမြူသည့် ငါးအမျိုးအစားများမှာ ငါးခေါင်းပွ၊ ငါးမြစ်ချင်းနှင့်ငွေရောင်ငါးကြင်းတို့ဖြစ်ကြသည်။ ပုစွန်သည် ကန်အောက်ခြေတွင် နေထိုင်ကျက်စားသွားလာတတ်သည့်အတွက် ပုစွန်နှင့်တွဲမွေးမည့်ငါးသည် ရေလယ်နှင့်ရေပေါ်နေငါးမျိုးစိတ်များ သင့်လျော်ကြောင်းတွေ့ရသည်။

ငါးနှင့်ရောနှောမွေးမြူသည့် ပုစွန်အရွယ်အစားမှာ သက်လတ်ကောင် (Juvenile)ဟုခေါ်သော တစ်လက်မမှ နှစ်လက်မအရွယ်များဖြစ်သည်။ ငါးနှင့်ပုစွန်ရောနှောမွေးမြူသူအများစုသည် ငါးကန်ကျယ်ကြီးများတွင် ငါးအစာကိုသာကျွေး၍ ပုစွန်အစာမကျွေးဘဲ မွေးမြူတတ်ကြသည်။ တစ်ဧကလျှင် ငါးဖျန်း ငါးလက်မ၊ ခြောက်လက်မအရွယ်ကောင်ရေ ၁၅၀၀ ခန့်နှင့် ပုစွန်ကို တစ်ဧကလျှင်ကောင်ရေ ၁၅၀၀ မှ ၂၀၀၀ ခန့်ထိ ထည့်သွင်းမွေးမြူကြောင်းတွေ့ရှိရသည်။ မွေးမြူသည့်ကာလမှာ ရှစ်လဖြစ်ပြီး ရရှိသောပုစွန်အရွယ်မှာ တစ်ကီလိုဂရမ်တွင် ၁၅ ကောင် (တစ်ကောင် လေးကျပ်သားခန့်) ရှိတတ်ကြသည်။

ရေချိုပုစွန်တုပ်ကြီးကို သီးသန့်မွေးမြူသည့်စနစ်ဖြင့် ကုမ္ပဏီတချို့နှင့် တောင်သူအနည်းစုက မွေးမြူကြသည်။ သီးသန့်မွေးမြူသည့်စနစ်ဖြင့် မွေးမြူသော ပုစွန်အရွယ်အစားမှာ သားပေါက်ကောင်တစ်စင်တီမီတာမှ ၁ ဒသမ ၅ စင်တီမီတာအရွယ်ကို တစ်လခွဲမှနှစ်လထိ ပျိုးကန်တွင် ပြုစုထားတတ်ကြပြီး တစ်လက်မမှ နှစ်လက်မအရွယ်တွင် မွေးမြူရေးကန်ထဲထည့်၍ မွေးမြူကြကြောင်းတွေ့ရှိရသည်။ မြန်မာနိုင်ငံတွင် ရေချိုပုစွန်သီးသန့်မွေးမြူသူများသည် တစ်ဧကလျှင် ပုစွန်ကောင်ရေ ၁၀၀၀၀ ခန့်မှ ၁၅၀၀၀ ခန့်ထည့်သွင်း၍ ပုစွန်အစာသီးသန့်ကျွေးပြီး ရှစ်လခန့်ထိ မွေးမြူကြကာ မွေးကာလလေးလခန့်အကြာတွင် တစ်စိတ်တစ်ပိုင်းဖမ်းဆီးခြင်း လုပ်ဆောင်တတ်ကြသည်။ ဂရမ် ၂၀ မှ ဂရမ် ၄၀ အရွယ်များကို ရွေးချယ်ဖမ်းဆီးကြပြီး နောက်ထပ် လေးလအကြာတွင် ကန်အကုန်လုံးဖော်၍ ဖမ်းဆီးကြသည်။ ပုစွန်တစ်ကီလိုဂရမ်တွင် ၁၀ ကောင် (ပုစွန်တစ်ကောင်ခြောက်ကျပ်သားအရွယ်) ရတတ်ကြသည်။



မွေးမြူရေးရေချိုပုစွန်တုပ်ကြီးကို တွေ့ရစဉ်။

ရေငန်တွင်မွေးမြူသည့်ပုစွန်များအနက် အထင်ရှားဆုံးမွေးမြူကြသည့် ရေငန်ပုစွန်မျိုးစိတ်များမှာ ကျားပုစွန်နှင့် ပုစွန်ဖြူတို့ဖြစ်ကြသည်။ ကမ္ဘာပေါ်တွင် ရေငန်ပုစွန်မွေးမြူရေးလုပ်ငန်း၏ ၇၀ ရာခိုင်နှုန်းသည် အာရှတိုက်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ရေငန်ပုစွန်မျိုးစိတ်ပေါင်း ၃၀၀ ကျော်ရှိသည့်အနက် မျိုးစိတ်ပေါင်း ၁၀၀ ခန့်ကိုဖမ်းဆီးခြင်း၊ မွေးမြူခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ကျားပုစွန်ကို အင်ဒိုပစိဖိတ်ဒေသ၏မြောက်ဘက်ပိုင်းရှိ ဂျပန်နှင့်တရုတ် (တိုင်ပေ)ထိ၊ တောင်ဘက်တွင် ဩစတြေးလျ၊ အနောက်ဘက်တွင် အာဖရိကတိုက်ထိမွေးမြူလျက်ရှိသည်။ ကျားပုစွန်မျိုးများသည် ကမ်းဝေးမှရေမိုင် ၂၀ အကွာပင်လယ်ပြင်အနက်မီတာ ၆၀ မှ ၈၀ အတွင်း မိတ်လိုက်ခြင်း၊ မျိုးပွားခြင်းများ ဆောင်ရွက်နိုင်ကြောင်းသိရှိရသည်။ ရေငန်ကျားပုစွန်မျိုးဖြစ်သော ဥဆောင်အမများသည် ရေငန်နှုန်းမြင့်သည့် ပင်လယ်ထဲတွင်ဥချ၍ ရုပ်သွင်ပြောင်းလဲခြင်းအနေဖြင့် သားလောင်းအဆင့် သုံးဆင့်ကူးပြောင်းပြီးနောက် သားပေါက်သောအဆင့်ထိ ရှင်သန်ကြီးထွားနိုင်သည်။ သားပေါက်ကောင်နှင့်သက်လတ်ကောင်များသည် ရေချိုရေငန်စပ်ဒေသ၊ ဒီရေရောက်တောများတွင် လေးလမှခြောက်လထိ နေထိုင်ကျက်စားနိုင်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံတွင် လက်ရှိမွေးမြူနေသော ရေငန်ပုစွန်မျိုးစိတ်မှာ ကျားပုစွန်နှင့်ရေငန်ပုစွန်ဖြူတို့ဖြစ်ကြသည်။ ကျားပုစွန်မွေးမြူခြင်းကို ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့တွင်တွေ့ရပြီး ပုစွန်ဖြူမွေးမြူခြင်းကို တနင်္သာရီတိုင်းဒေသကြီးတွင် အများအပြားမွေးမြူကြကာ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အနည်းငယ်သာမွေးမြူကြကြောင်း သိရှိရသည်။ မြန်မာနိုင်ငံတွင် ကျားပုစွန်မွေးမြူသူအများစုမှာ သမားရိုးကျမွေးမြူသည့်နည်းစနစ်ဖြင့် အများဆုံးမွေးမြူကြသည်။ ကျားပုစွန်မွေးမြူရေးကန်အများစုကို ဒီရေရောက်တောဒေသများတွင် အများဆုံးတွေ့ရသည်။ မွေးမြူရေးကန်များသည် ကန်ကျယ်များဖြစ်ပြီး ဧက ၂၀ မှ ၁၀၀ ထိ ရှိတတ်ကြသည်။ လပြည့်၊ လကွယ် ဒီရေအတက်တွင် ရေသွင်း၍ သဘာဝမှပါလာသော ကျားပုစွန်သားပေါက်များကို ရေတံခါးပိတ်၍မွေးမြူခြင်းဖြစ်ပြီး မွေးမြူရေးသားပေါက်နှင့် အစာထည့်သွင်းမွေးမြူခြင်း မရှိဘဲ သဘာဝအစာကိုသာအားကိုးပြီး မွေးမြူသည့် နည်းဖြစ်သည်။ ယခုနောက်ပိုင်းကာလများတွင် သဘာဝမှပါလာသော သားပေါက်အရနည်းသည့်အခါ ပုစွန်မွေးမြူသူတချို့သည် ကျားပုစွန်သားဖောက်ရုံများမှ သားပေါက်များကို ကန်ထဲသို့ထည့်သွင်းခြင်း၊ အစာအနည်းငယ်ကျွေးခြင်းဖြင့် မွေးမြူနေကြသည်။ ပုစွန်ကိုမွေးမြူရေးကန်များဖြင့် မွေးမြူရာတွင် အဆင့်မြင့်ကန်ကျပ်ဖြင့် မွေးမြူသည့်စနစ် (Super Intensive System)၊ ကန်ကျပ်မွေးမြူသည့်စနစ် (Semi-Intensive System)နှင့် ကန်ကျယ်မွေးမြူသည့်စနစ် (Intensive System)ဟူ၍ရှိရာ အဆင့်မြင့်ကန်ကျပ်မွေးမြူသည့်စနစ်သည် ရေဧရိယာ အကျဉ်းဆုံးဖြင့် မွေးမြူခြင်းဖြစ်သည်။ ကန်ကျယ်နှင့် ကန်ကျပ်မွေးမြူသည့်စနစ်ကို ကျားပုစွန်တိုးချဲ့မွေးမြူရေးကုမ္ပဏီအများစုက ၂၀၀၀ ပြည့်နှစ်တွင် စတင်မွေးမြူခဲ့ကြသည်။ ၂၀၀၂ ခုနှစ်တွင် White Spot Syndrome ဗိုင်းရပ်ကူးစက်မှုကြောင့် ကျားပုစွန်ကန်ကျပ်မွေးမြူမှု နည်းပါးသွားခဲ့ပြီး ၂၀၀၃ ခုနှစ်နောက်ပိုင်းတွင် ကန်ကျယ်မွေးမြူမှု ပြန်လည်တွင်ကျယ်လာခဲ့သည်။ ယခုအခါ ရေငန်ပုစွန်ဖြူကို အဆင့်မြင့်ကန်ကျပ်မွေးမြူသည့်စနစ်ဖြင့် မွေးမြူလာကြသည်။

ပုစွန်ကို မွေးမြူရေးကန်များနှင့် မွေးမြူရာတွင် သားပေါက်ထည့်သွင်းခြင်း၊ အစာကို စနစ်တကျကျွေးမွေးခြင်း၊ ကန်အောက်ခြေ (High Density Polyethylene – HDPE)ခင်း၍ မွေးမြူခြင်း၊ ရေကိုလဲလှယ်နှုန်းနည်းသည့် Close Type System ဖြင့် မွေးမြူကြခြင်း၊ ၂၄ နာရီလေပေးခြင်းနှင့် မွေးမြူရေးကန်ဧရိယာမှာ တစ်ဟက်တာနှင့် တစ်ဟက်တာအောက်ကိုသာအသုံးပြု၍ သားပေါက်ထည့်သွင်းနှုန်းမှာ အနည်းဆုံး တစ်မီတာပတ်လည်ကို သားပေါက်ကောင်ရေ ၁၅၀ မှ ၃၀၀ ထိ ထည့်သွင်းတတ်ကြပြီး အထွက်နှုန်းမှာ ၁၅ တန်မှ ၂၅ တန်ထိ ထွက်ရှိကြသည်။ ရှင်သန်နှုန်း ၉၀ ရာခိုင်နှုန်းထိ ရရှိသည်ကို လေ့လာသိရှိရသည်။

နိုင်ငံတော်ကလည်း မြေလွတ်၊ မြေရိုင်းများ၊ စိုက်ပျိုး၍မရသော ဆားငန်ရေဝင်ရောက်သည့် မြေများတွင် ရေသတ္တဝါမွေးမြူရေးလုပ်ငန်းလုပ်ကိုင်လိုသည့် လုပ်ငန်းရှင်များကို ပုစွန်မွေးမြူရေးလုပ်ငန်းတိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် မွေးမြူရေးဇုန်များကို ရှာဖွေဖော်ထုတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့်လည်း တနင်္သာရီတိုင်းဒေသကြီးအတွင်း ပုစွန်မွေးမြူထုတ်လုပ်မှုတိုးတက်လာစေရန် ပုစွန်မွေးမြူရေးကန်များ တူးဖော်ရေးအတွက် မြေအသုံးချခွင့်များရရှိရေး ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ပုစွန်မွေးမြူသူတောင်သူများ လိုအပ်သည့်အစာနှင့် သားပေါက်များ တင်သွင်းနိုင်ရန်အတွက် ကုန်သွယ်ရေးဦးစီးဌာနသို့ ထောက်ခံချက်များပေးခြင်း၊ မွေးမြူသည့် ရေသတ္တဝါများ ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံချက်များထုတ်ပေးခြင်း၊ ရောဂါပိုးကင်းစင်ကြောင်း အလွယ်တကူစစ်ဆေးနိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် PCR ဓာတ်ခွဲခန်းများဖွင့်လှစ်၍ ဆောင်ရွက်ပေးခြင်း၊ ပြည်ပသို့တင်ပို့လိုသည့် ငါး၊ ပုစွန်၊ ကဏန်းမွေးမြူရေးကန်များအတွက် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်ဖြင့် မွေးမြူကြောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးခြင်းတို့ကို ဝန်ဆောင်မှုပေးလျက်ရှိသည်။

စီးပွားဖြစ်ပုစွန်မွေးမြူရေးလုပ်ငန်း လုပ်ဆောင်သူများအနေဖြင့် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသည့် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်နှင့်အညီ မွေးမြူကြရမည်ဖြစ်သည်။ စီးပွားဖြစ်ပုစွန်မွေးမြူထုတ်လုပ်သူများအနေဖြင့် ရောဂါကျရောက်ပျံ့နှံ့မှုမရှိရေးအတွက် ဇီဝလုံခြုံရေးကိုကောင်းစွာလိုက်နာကျင့်သုံးပြီး ဆောင်ရွက်ပါက ပုစွန်မွေးမြူရေးလုပ်ငန်းများ ရေရှည်တည်တံ့စေနိုင်ပြီး ထုတ်လုပ်မှုလည်း တိုးတက်လာမည်ဖြစ်သည်။

လက်ရှိပုစွန်မျိုးစိတ်များသည် အခြားသော ရေသတ္တဝါမျိုးစိတ်များထက် မွေးကာလတိုတောင်းခြင်း၊ ဈေးကောင်းရရှိခြင်း၊ ဝယ်လိုအားအမြဲရှိနေခြင်း၊ မြောက်မြားစွာထွက်ရှိနိုင်ခြင်းတို့ကြောင့် မွေးမြူရေးသမားများအတွက် ဝင်ငွေရလွယ်သည့် မွေးမြူရေးရေထွက်ကုန်တစ်မျိုးဖြစ်ကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။

# ကန့်ဘလူမြို့နယ်တွင် စပါး ၂၉၉၉ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ကန့်ဘလူ ဇွန် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၂၉၉၉ ကေထိရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၂၆၅ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသောစပါးစိုက်ခင်းများကို ယခုနှစ် ဇွန်လ ပထမပတ်မှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၂၉၉၉ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၈၃ တင်း ထွက်ရှိကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ်မှာ ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီက စပါး ၂၂၆၅ ကေထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စပါးခင်းတွေ အခုလက်ရှိအချိန်မှာတော့ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၂၉၉၉ ကေ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီး စပါးများအမိုးအကာအောက်အချိန်မီရောက်ရှိရေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် စပါးစိုက်ပျိုးမည့်တောင်သူများအနေဖြင့် တစ်ကေအထွက်နှုန်းတိုးတက်ရေးနှင့်ပန်းတိုင်အထွက်နှုန်းထွက်ရှိရေးတို့အတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊တောင်သူပညာပေးသင်တန်းနှင့်ပညာပေးဆွေးနွေးပွဲများ ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍သိရသည်။

(၂၀၆)

# ရေနံချောင်းမြို့နယ် သဖန်းချောင်းကျေးရွာ၌ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုသင်တန်း ဖွင့်လှစ်

**ရေနံချောင်း ဇွန် ၁၈**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်ရည်ရွယ်၍ ဘဲဆိပ်ကျေးရွာအုပ်စု သဖန်းချောင်းကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်း ထုတ်လုပ်မှုသင်တန်း ဖွင့်ပွဲကို ဇွန် ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ချောက်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးချမ်းငြိမ်းဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးထွန်းမင်းက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်ပစ္စည်း ထုတ်လုပ်မှု သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး သင်ထောက်ကူပစ္စည်းများကို သင်တန်းသား၊ သင်တန်းသူများထံ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို ရေနံချောင်းမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာမှ သင်တန်းသား၊ သင်တန်းသူ ဦးရေ ၂၀ တက်ရောက်ပြီး အဝတ်လျှော်ဆပ်ပြာ၊ သဘာဝရေချိုးဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ ဘက်စုံသုံးဆပ်ပြာဆီ၊ ပန်းကန်ဆေးဆပ်ပြာ၊ လက်သန့်ဆေးရည်၊ ဆပ်ပြာခဲအမျိုးမျိုးနှင့်အိမ်အတွက် အသုံးဝင်သည့်ကုန်ပစ္စည်းပြုလုပ်နည်းများ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းကာလမှာ ဇွန် ၁၇ ရက်မှ ၂၀ ရက်ထိဖြစ်ကြောင်း သိရသည်။

နော်လူး

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း အသားစားကြက်ပိသာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း ဇွန် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း အသားစားကြက် ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် မွေးမြူရေးလုပ်ငန်းရှင် ဒေါ်အေးမော်က ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဧပြီလအတွင်း အသားစားကြက် ပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေလအတွင်း အသားစားကြက်ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ဒီဘက်ကနေ ရန်ကုန်ဈေးကွက်ထဲကို အသားစားကြက်တွေကို အကောင်လိုက် အရှင်ကို ပိဿာချိန်နဲ့ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ မေလအတွင်း အသားစားကြက် ပိဿာချိန် အများအပြား တင်ပို့ရောင်းချခဲ့ပါတယ်။ ညောင်တုန်းမြို့ကနေ ရန်ကုန်ဈေးကွက်ကို အသားစားကြက်တွေ အရောင်းအဝယ်



ကောင်းလာတာကြောင့် မွေးမြူသူတွေ အဓိကအဆင်ပြေတာ တွေ့ရပါတယ်''ဟု ညောင်တုန်းမြို့နယ် မွေးမြူရေးလုပ်ငန်းရှင် ဒေါ်အေးမော်က ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် အသားစားကြက် ၁၀ ပိဿာလျှင် ငွေကျပ် ၁၄၀၀၀၀ ဈေးပေါက်နေကြောင်း၊ အဆိုပါ အသားစားကြက်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချမှု များလာသည့်အတွက် မွေးမြူရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေနေကြောင်း သိရသည်။

ကျော်ကျော်လင်း

# မင်းဘူးမြို့နယ် ရေငံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းဘူး ဇွန် ၁၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေငံကျေးရွာ၌ အဌမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဝန်ထမ်းက စီမံကိန်းအကြောင်းအရာများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ခင်မာဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၁၀ ဒသမ ၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရေငံကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၃ ဦး ကို ငွေကျပ် ၂၆၈ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆၄ ဦးကို ငွေကျပ် ၂၀၈ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၂၄ သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၂ ဦးကို ရန်ပုံငွေကျပ် ၅၁၀ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဇင်မာ



# ငပုတောမြို့နယ် ရေပေါ်လေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကျင်းပ

**ငပုတော ဇွန် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေပေါ်လေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၁၇ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငပုတောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရည်ရွယ်ချက်များ၊ကျေးရွာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ငပုတောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော်မတီဖွဲ့စည်းရာတွင်လိုက်နာရမည့် စည်းကမ်းချက်များနှင့်ကော်မတီများဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပြီးတက်ရောက်လာကြသော ရပ်မိရပ်ဖများ၊ကျေးရွာသူ၊ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါရေပေါ်လေးကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကိုလုပ်ကိုင်ရန်၊ လိုအပ်သောငွေကြေးအရင်းအနှီး ရရှိစေရန်စသည့်ရည်ရွယ်ချက်များဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သံသာ

# အင်ဒိုနီးရှားနိုင်ငံ လာကီလာကီမီးတောင်ပေါက်ကွဲပြီး မီးခိုးနှင့်ပြာများ ကောင်းကင်တွင်ပျံ့နှံ့နေသဖြင့် လေကြောင်းလိုင်းများ ခေတ္တရပ်နားထား



**ဂျကာတာ ဇွန် ၁၈**

အင်ဒိုနီးရှားနိုင်ငံ လာကီလာကီမီးတောင်သည် ဇွန် ၁၇ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီ ၃၅ မိနစ်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မီးခိုးနှင့်ပြာများ ကောင်းကင်တွင် ပျံ့နှံ့နေသဖြင့် လေကြောင်းလိုင်းများ ခေတ္တရပ်နားထားကြောင်း နိုင်ငံ၏ မီးတောင်အေဂျင်စီက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မီးတောင်ပေါက်ကွဲမှုအနီးတွင် ရှိသောရွာတစ်ရွာကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း၊ လာကီလာကီမီးတောင် ပေါက်ကွဲမှုကြောင့် ပြာမှုန်များသည်မီးတောင်၏အထက် ၁၁ ကီလိုမီတာအမြင့်ထိ လွင့်စဉ်ပျံ့နှံ့ခဲ့သဖြင့် မီးတောင် သတိပေးချက် ထုတ်ပြန်ခဲ့ရကြောင်း၊ မီးတောင်ပေါက်ကွဲမှုကြောင့် ခရီးသွားဧည့်သည် အများအပြားရှိရာ ဖဆလာရပ်စ်ကျွန်းတစ်ဝိုက်တွင် မီးခိုးနှင့်ပြာများသည် တိမ်တိုက်များသဖွယ် အုပ်မိုးသွားခဲ့ကြောင်း သိရသည်။

လက်ရှိတွင် မီးတောင်ပေါက်ကွဲပြီးနောက် မီးတောင်ဝန်းကျင် ခုနစ်ကီလိုမီတာ အကွာတွင် အန္တရာယ်ရှိကြောင်းနှင့် ယခုအချိန်သည် မိုးသည်းထန်စွာ ရွာသွန်းလေ့ရှိသဖြင့် အကယ်၍ မိုးသည်းထန်စွာရွာပါက နွံ့ညွန်နှင့် မီးတောင်အပိုင်းအစများ ပြိုကျနိုင်သဖြင့် အပျက်အစီးများ ဖြစ်ပေါ်လာနိုင်ကြောင်း အမျိုးသားသဘာဝဘေးလျော့ပါးရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ

# ဗြိတိန်နိုင်ငံတွင် အပူလှိုင်းဖြတ်သန်းနေသောကြောင့် အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေကြောင်း EPA က သတိပေးချက်ထုတ်ပြန်

**လန်ဒန် ဇွန် ၁၈**

ဗြိတိန်နိုင်ငံတွင် အပူလှိုင်းဖြတ်သန်းနေသောကြောင့် အပူချိန်မြင့်တက်မှု ဖြစ်ပေါ်နေကြောင်း သဘာပတ်ဝန်းကျင် အေဂျင်စီ (EPA)က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အအေးဓာတ် မြင့်မားသော ဗြိတိန်နိုင်ငံတွင် အပူချိန်ပမာဏမှာ ၃၂ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်သွားနိုင်သည့်အတွက် ကျန်းမာရေးလုံခြုံမှုကို အထူးသတိပြုသင့်သော ကာလဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက သတိပေးထားကြောင်း၊ လန်ဒန်မြို့တွင် အမြင့်ဆုံးအပူချိန်ဖြင့် ရင်ဆိုင်သွားရဖွယ်ရှိနေပြီး လက်ရှိ အပူချိန်ပမာဏမှာ ၂၈ ဒီဂရီစင်တီဂရိတ်ဖြစ်ကာ လာမည့် ၄၈ နာရီအတွင်း အပူချိန်ပမာဏ ၃၂ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်မည်ဖြစ်ကြောင်း EPA က သတိပေးချက် ထုတ်ပြန်ခဲ့သည်။

"အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ အအေးဓာတ်မြင့်မားလေ့ရှိတဲ့အခြေအနေမှာ အပူချိန်မြင့်တက်နေတဲ့အတွက် ကျန်းမာရေးလုံခြုံမှုကို အထူးသတိပြုသင့်တဲ့ကာလဖြစ်ပါတယ်။ အပူချိန်မြင့်တက်နေချိန်အတွင်း အစားအသောက်တွေကိုလဲ အထူးသတိပြုသင့်ပါတယ်။ ဒီကာလအတွင်း ရေခဲသေတ္တာထဲမှာပဲ ထားသိုရမဲ့ အစားအသောက် ခုနစ်မျိုးကိုလဲ ညွှန်ကြားထားပါတယ်"ဟု သဘာဝပတ်ဝန်းကျင် အေဂျင်စီ (EPA)မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# အိန္ဒိယနိုင်ငံ ခရစ်ရှ်နာမြစ်ရေလျှံတက်မှုကြောင့် ကာနာတာကာပြည်နယ်နှင့် မဟာရက်ရှ်သရာပြည်နယ်တို့တွင် ရေကြီးရေလျှံမှုဖြစ်ပွား

**နယူးဒေလီ ဇွန် ၁၈**

အိန္ဒိယနိုင်ငံ ကာနာတာကာပြည်နယ်နှင့် မဟာရက်ရှ်သရာပြည်နယ်တို့တွင် ခရစ်ရှ်နာမြစ်ရေလျှံတက်မှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားနေကြောင်း အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာန(IMD) က သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။



ခရစ်ရှ်နာမြစ်ရေ လျှံတက်မှုကြောင့်အဓိကတံတားကြီးခြောက်စင်းမှာ ရေလွှမ်းနေသဖြင့် ဖြတ်သန်းသွားလာခြင်း မပြုရန်လည်း ကာနာတာကာပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက် ထုတ်ပြန်ထားပြီး ကာနာတာကာပြည်နယ်အပြင် မဟာရက်ရှ်သရာပြည်နယ်၏ဒေသတချို့တွင်လည်း ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရကြောင်း၊ သို့သော်လည်း မဟာရက်ရှ်သရာပြည်နယ်တွင် ဖြစ်ပေါ်နေသည့် ရေကြီးရေလျှံမှုမှာ အန္တရာယ်မရှိသော်လည်း ကာနာတာကာပြည်နယ်တွင် ဖြစ်ပေါ်နေသည့်ရေကြီးရေလျှံမှုမှာ အန္တရာယ်ရှိကြောင်း၊ ရေစီးနှင့်အတူ အသက် ၄၀ အရွယ် အမျိုးသမီးတစ်ဦး မျောပါသွားခဲ့ပြီး ကယ်ဆယ်ရေးဝန်ထမ်းများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာန(IMD) က သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"ခရစ်ရှ်နာမြစ်ရေ လျှံတက်မှု ဖြစ်ပေါ်နေပါတယ်။ မြစ်ရေလျှံတက်မှုကြောင့် ကာနာတာကာပြည်နယ်နဲ့ မဟာရှက်ရှ်သရာပြည်နယ်တွေမှာ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရတယ်။ အဓိကတံတားကြီး ခြောက်စင်း ရေလွှမ်းနေပါတယ်။ မိုးရွာသွန်းနေဆဲဖြစ်တဲ့အတွက်ကြောင့် ရေကြီးရေလျှံမှုအခြေအနေ ပိုဆိုးလာနိုင်တယ်။ ကာနာတာကာပြည်နယ် ကိုဒါဂူခရိုင်မှာ ရေဘေးအန္တရာယ်နဲ့အဆိုးရွားဆုံး ရင်ဆိုင်နေရပါတယ်။ ခရစ်ရှ်နာမြစ်ဝှမ်းနဲ့ နီးကပ်တဲ့ဒေသ တော်တော်များများမှာလဲ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေကြရတယ်"ဟု အိန္ဒိယမိုးလေဝသညွှန်ကြားရေးဦးစီးဌာန(IMD) မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# တောင်အာဖရိကနိုင်ငံ ကိပ်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် သေဆုံးသူ ဦးရေ ၁၀၀ ခန့်ရှိလာ

**ပရီတိုးရီးယား ဇွန် ၁၈**

တောင်အာဖရိကနိုင်ငံ အရှေ့ပိုင်း ကိပ်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူဦးရေမှာ ဇွန် ၁၇ ရက်တွင် ဦးရေ ၁၀၀ ခန့် ရှိလာကြောင်း ပြည်နယ်အာဏာပိုင်များက ယနေ့သတင်းများအရ သိရသည်။

လက်ရှိတွင် ဆိုးရွားစွာဖြစ်ပေါ်နေသောရေဘေးကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများက ရေဘေးသင့်ဒေသများတွင် ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက် လုပ်ဆောင်နေဆဲဖြစ်ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားခဲ့သည်။

"နောက်ဆုံးရသတင်းတွေအရ သေဆုံးသူတွေရဲ့ သုံးပုံနှစ်ပုံက လူကြီးတွေဖြစ်ပြီး ကျန်တစ်ပုံက ကလေးငယ်တွေပါ။ လက်ရှိ ရုပ်အလောင်းတွေကို ဘယ်သူဘယ်ဝါဖြစ်တယ်လို့ မိသားစုတွေအတည်ပြုပေးလို့ ရုပ်အလောင်း ၇၇ လောင်းကို သူတို့ရဲ့ မိသားစုတွေဆီ ပြန်လည်ပေးအပ်ခဲ့ပါတယ်"ဟု ပြည်နယ်အာဏာပိုင်များက ပြောကြားခဲ့သည်။

ဇွန် ၁၅ ရက်က စတင်ဖြစ်ပွားခဲ့သော ရေကြီးမှုကြောင့် လူနေအိမ်များ၊ အစိုးရအဆောက်အအုံများ၊ လမ်းများ၊ ဆေးရုံများနှင့် စာသင်ကျောင်းများ ပျက်စီးခဲ့ပြီး လူရာနှင့်ချီ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည့်အပြင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအဖွဲ့များသည် ရေဘေးဒဏ်သင့်ဒေသများသို့ ပံ့ပိုးမှုများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : KZ



# ကမ္ဘာတစ်ဝန်း ရေအောက်အပူချိန်မြင့်တက်နေကြောင်း စပိန်သုတေသီများက ထုတ်ပြန်

**မက်ဒရစ် ဇွန် ၁၈**

စပိန်နိုင်ငံ University of the Balearic Islands မှ သုတေသီများက ရေအောက်ကြမ်းပြင် အပူချိန်မြင့်တက်နေမှုနှင့် ပတ်သက်ပြီး သုတေသနပြုလုပ်ခဲ့ရာတွင် ကမ္ဘာတစ်ဝန်း ရေအောက်ကြမ်းပြင်အပူချိန်မြင့်တက်မှုဖြင့် ရင်ဆိုင်နေရကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ကမ္ဘာ့နိုင်ငံအသီးသီးရှိ ရေဧရိယာများတွင် ရေအောက်ကြမ်းပြင် အပူချိန်မြင့်တက်နေခြင်းမှာ ရေအောက်သတ္တဝါများ၏ အနာဂတ်အတွက် စိုးရိမ်ဖွယ်ရာဖြစ်နေသကဲ့သို့ ဂေဟစနစ်များလည်း ယိုယွင်းလာနိုင်သလို သန္တာကျောက်တန်းများကို ထိန်းသိမ်းသင့်သည့် အခြေအနေဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ်အတွင်း ရေအောက်ကြမ်းပြင် အပူချိန်မြင့်တက်မှု မကြာခဏဖြစ်ပေါ်နေကြောင်း သုတေသီများက သတိပေးခဲ့သည်။

"ကမ္ဘာမြေကြီး ပူနွေးမှုက ကမ္ဘာ့နိုင်ငံတွေကို ဘယ်လောက်ထိ ရိုက်ခတ်မှုရှိလဲဆိုတာ သဘာဝဘေးအန္တရာယ်တွေက သက်သေပြနေပါတယ်။ ရာသီဥတုဖောက်ပြန်မှုကြောင့် ကမ္ဘာမြေကြီးပူနွေးမှုတွေက သက်ရှိသက်မဲ့အားလုံးကို ဒုက္ခတွေ့စေတယ်။ အခုလဲ ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ ရေဧရိယာတွေမှာ ရေအောက်ကြမ်းပြင် အပူချိန်မြင့်တက်မှုတွေ ဖြစ်ပေါ်နေပါတယ်။ ရာသီဥတုဖောက်ပြန်မှုရဲ့ နောက်ဆက်တွဲပြဿနာတွေပဲဖြစ်ပါတယ်။ ရေအောက်သတ္တဝါတွေရဲ့ အနာဂတ်အတွက် စိုးရိမ်ဖွယ်ရာအခြေအနေလဲ ဖြစ်ပါတယ်။ အဖိုးတန်သန္တာကျောက်တန်းတွေလဲ ပျက်စီးယိုယွင်းလာနိုင်တဲ့ အခြေအနေဖြစ်လို့ သန္တာကျောက်တန်းပိုင်ဆိုင်ထားတဲ့ နိုင်ငံတွေအနေနဲ့ ကာကွယ်ထိန်းသိမ်းမှု အစီအစဉ်တွေကို ပြုလုပ်သွားသင့်ပါတယ်"ဟု University of the Balearic Islands မှ ပြောရေးဆိုခွင့်ရှိသူ မာတာမာကို့စ်က ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

လင်းလက်

# ကမ္ဘာမြေထာဝရလှပဖို့ သစ်ပင်စိုက်ကြပါစို့

**စိတ်အေးချမ်းစေဖို့**

စိမ်းလန်းစိုပြည်သော ပတ်ဝန်းကျင်သည် လူတို့၏ စိတ်ကိုကြည်လင်လန်းဆန်းစေသည်။ ပျော်ရွှင်မှုကိုဖြစ်စေသကဲ့သို့ သန့်ရှင်းလတ်ဆတ်သော လေကိုလည်းရရှိစေနိုင်သဖြင့် လူတို့၏ ကျန်းမာရေးကို များစွာအကျိုးကျေးဇူးဖြစ်စေသည်။ တောတောင်ရေမြေ သဘာဝအလှရှုခင်းများပြည့်နှက်ကာ သစ်တောသစ်ပင်များနှင့်တောပန်းများ လှပဝေဆာစွာ ပွင့်ဖူးနေကြသည့် တောင်ပေါ်အရပ်ဒေသများသို့ လူအများစုက စိတ်အပန်းဖြေခရီးထွက်ကြသည်။ စိမ်းလန်းစိုပြည်သည့် တောတောင်သဘာဝအလှရှုခင်းများက အမြင်အာရုံကို ကြည်လင်လန်းဆန်းစေပြီး ဘဝအမောများကို ပြေပျောက်စေသည်။ စိတ်၏ အေးချမ်းမှုကို ပေးစွမ်းနိုင်ရုံသာမက လူသားတို့ ရှုသွင်းနေရသည့် အောက်ဆီဂျင်ကို ထုတ်လွှတ်ပေးနိုင်သည်ကလည်း သစ်ပင်များပင်ဖြစ်သဖြင့် ဘဝအေးချမ်းမှုနှင့် ကျန်းမာပျော်ရွှင်မှုကိုပါ ပေးစွမ်းနိုင်သော အရာပင်ဖြစ်သည်။

သစ်ပင်များကို ခုတ်လှဲ၍ လူတို့အတွက် နေအိမ်နှင့် ပရိဘောဂပစ္စည်းစသည်များ ပြုလုပ်ခြင်းကအစပြု၍ စိုက်ပျိုးမြေတိုးချဲ့မှုများနှင့် အခြားသော အကြောင်းတရားပေါင်းများစွာတို့ဖြင့် လူတို့၏ သစ်ပင်တို့ကို ခုတ်လှဲအသုံးပြု၍နေကြသည်။ ကမ္ဘာပေါ်တွင် သစ်ပင်များသာ မရှိတော့ပါကဟုဆိုသော အတွေးမျိုးကို တွေးမိမည်ဆိုပါက လွန်စွာကြောက်စရာကောင်းလှပေသည်။ အနီးစပ်ဆုံး ဥပမာအနေဖြင့် ကန္တာရထဲတွင် အသက်ရှင်သန်ရန် ကြိုးစားအားထုတ်နေရသည့် လူတစ်ဦး၏ ဒုက္ခကိုတွေးကြည့်ပါက သိနိုင်သည်။ ကမ္ဘာပေါ်ရှိ သစ်တောသယံဇာတနှင့် သစ်ပင်များကို ထိန်းသိမ်းထားနိုင်ပါမှ ရာသီဥတုဖောက်ပြန်ခြင်းကအစပြု၍ ကမ္ဘာကြီးပူနွေးလာမှုတို့ထိ လျှော့ချနိုင်မည်ဖြစ်သည်။

**ကမ္ဘာကြီးကို ထိန်းသိမ်းပေးနေသည့်အရာ**

၁၉၉၀ ပြည့်နှစ် ဝန်းကျင်ခန့်က ကမ္ဘာပေါ်တွင် သစ်တောဧရိယာ ဟတ်တာ ၄ ဒသမ ၂၄ ဘီလီယံခန့် ရှိခဲ့ရာမှ လက်ရှိအချိန်တွင် ဟတ်တာ ၄ ဘီလီယံ ကျော်ခန့်သာ ရှိနိုင်တော့သဖြင့် သစ်တောဧရိယာ ဟတ်တာမီလီယံ ၅၀ ခန့် ဆုံးရှုံးခဲ့ရသည်ဟု ခန့်မှန်းနိုင်သည်။ ယာမြေခုတ်ထွင်ရှင်းလင်းခြင်း၊ စားကျက်မြေများ ဖော်ဆောင်ခြင်းစသည့် အကြောင်းပြချက်များဖြင့် သစ်တောများ ခုတ်ထွင်ရှင်းလင်းသည့်အခါတွင် သစ်ပင်တို့ကအစာချက်ရန် သိုလှောင်ထားသည့် ကာဗွန်ဒိုင်အောက်ဆိုက်များကို လေထုအတွင်းသို့ ရောက်ရှိစေခြင်းဖြင့် လေထုညစ်ညမ်းမှုကိုဖြစ်စေပြီး ရာသီဥတုဖောက်ပြန်စေသည်။

နှစ်စဉ် ကမ္ဘာပေါ်တွင် သစ်တောဧရိယာ ၁၂ သန်းခန့် ခုတ်လှဲခြင်းခံနေရကြောင်း ကုလသမဂ္ဂက တင်ပြထားသည့် စာရင်းအရသိရသည်။ သစ်တောပြုန်းတီးမှု၊ စိုက်ပျိုးရေးနှင့် အခြားရည်ရွယ်ချက်များကြောင့် သစ်တောခုတ်ထွင်ရှင်းလင်းမှုတို့ကြောင့် ကမ္ဘာလုံးဆိုင်ရာ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု၏ လေးပုံတစ်ပုံခန့်ကို ဖြစ်ပေါ်စေသည်ဟု သိရသည်။ ကမ္ဘာကြီးပူနွေးလာမှုနှင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှင့်မှုကို ထိန်းသိမ်းနိုင်ရန်မှာ သစ်တောနှင့် သစ်ပင်များကို ထာဝရရှင်သန်အောင် စိုက်ပျိုးပြုစုပျိုးထောင်ပေးခြင်းသည်သာ အကောင်းဆုံးသော နည်းလမ်းပင်ဖြစ်သည်။ သစ်ပင်၏ အကျိုးကျေးဇူးများကို လေ့လာကြည့်သည့်အခါ လေထုကို သန့်စင်ပေးနိုင်ခြင်း၊ အပူချိန်ကို ထိန်းညှိပေးခြင်း၊ ရာသီဥတုကို မျှတစေခြင်း၊ ရေလွှမ်းမိုးမှုကို ကာကွယ်ပေးနိုင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများကို ရှင်သန်စေခြင်းစသည့် ထင်သာမြင်သာရှိသည့် အကျိုးကျေးဇူးများစွာကို ဖြစ်စေသည်။

**ထိန်းသိမ်းပေးနေ သဘာဝအမွေ**

သစ်တောသယံဇာတများ၊ ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝပြီး အလွန်သာယာလှပသည့် သစ်တောမြေများဖြင့် ဖုံးလွှမ်းထားပြီး နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးဖြင့် မျှတစွာရှိနေသည့် မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ် FAO ၏ သစ်တောသယံဇာတအခြေအနေဆန်းစစ်ချက် (Forest Resource Assessment–FRA 2015) အရသစ်တောဖုံးလွှမ်းမှုမှာ နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်းရှိသည်ဟုသိရသည်။ ထိုသစ်တောဧရိယာများသည် မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်နေသည့် သဘာဝရတနာတစ်ပါးပင်ဖြစ်သည်။

ထိုသစ်တောနှင့် ရှင်သန်ပေါက်ရောက်နေသည့်



အမေဇုန်မိုးသစ်တောကို တွေ့ရစဉ်။

သစ်ပင်များကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် မြန်မာနိုင်ငံတွင် သစ်တောမူဝါဒ ခြောက်ချက်ကို ချမှတ်၍ အစဉ်ထာဝရထိန်းသိမ်းလျက်ရှိသည်ကို တွေ့ရသည်။ ၎င်းသစ်တောမူဝါဒ ခြောက်ချက်ကို လေ့လာကြည့်သည့်အခါ

(၁) **ကာကွယ်ခြင်း** – ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ကာကွယ်ရမည်။

(၂) **ထာဝစဉ်တည်တံ့စေခြင်း** – လက်ရှိပြည်သူလူထုနှင့် နောင်လာနောက်သားများကိုပါ သစ်တောများမှ ရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးကျေးဇူးများကို စဉ်ဆက်မပြတ်ခံစားနိုင်ကြစေရန် သစ်တောသယံဇာတ အရင်းအမြစ်များကို ထာဝစဉ်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။

(၃) **အခြေခံစားဝတ်နေရေး လိုအပ်ချက်များဖြည့်ဆည်းပေးခြင်း** – ပြည်သူလူထု၏ လောင်စာ၊ နေအိမ်အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစရှိသည့် အခြေခံစားဝတ်နေရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည်။

(၄) **စွမ်းဆောင်ရည်တိုးတက် မြင့်မားစေခြင်း**– သစ်တောသယံဇာတများမှ ရရှိနိုင်သည့်စီးပွားရေးအကျိုးအမြတ်တို့ကို လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချနိုင်ရန် စီမံရမည်။

(၅) **ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း** – သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးဆိုင်ရာလုပ်ငန်းတို့တွင်ပြည်သူတို့က ပူးပေါင်းပါဝင်ကြရမည်။

(၆) **ပြည်သူတို့အတွင်း နိုးကြားထကြွသည့်အသိရှင်သန်နေစေခြင်း** – နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရာတွင် သစ်တောများ ၏ အဓိက အခန်းကဏ္ဍမှ ပါဝင်နေကြောင်းကို ပြည်သူတို့ အတွင်း နိုးကြားသည့်အသိရှင်သန်နေစေရေးစည်းရုံးလှုံ့ဆော်သွားရမည်စသည့် လက်တွေ့ဆန်သည့်အချက်များကို တွေ့ရသည်။

**မြေဆီစိုခိုက် သစ်ပင်စိုက်**

သစ်တောဂေဟစနစ်များ၊ သဘာဝအရင်းအမြစ်ဒေသများနှင့် ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝများ အထောက်အကူပြုစေရန် ရည်ရွယ်လျက် သစ်တောပြန်လည်စိုက်ပျိုးခြင်း လုပ်ငန်းများကိုလည်း အစိုးရက အင်တိုက်အားတိုက် ဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။ သစ်တောဦးစီးဌာနအနေဖြင့် ၂၀၂၅ ခုနှစ် မိုးရာသီအတွင်း အမြင့် ၂ ပေ နှင့်အထက် ပျိုးပင်ပေါင်း ၂၀ သန်းခန့် စိုက်ပျိုးသွားရန် လျာထားသည်ကိုလည်းတွေ့ရသည်။ သစ်တောဦးစီးဌာနအနေဖြင့် ပျိုးပင်များကို ကိုယ်တိုင်စိုက်ပျိုးပေးလျက်ရှိသကဲ့သို့ ပြည်သူလူထုနှင့်ပူးပေါင်း၍လည်း စိုက်ပျိုးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ သစ်တောဦးစီးဌာနအနေဖြင့် မိုးရာသီကာလသစ်ပင်စိုက်ပျိုးခြင်းကို ပြုလုပ်လိုကြသည့် သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးသူပြည်သူလူထုများအတွက် ပျိုးပင်များကို အခမဲ့ဖြန့်ဝေပေးလျက်ရှိသည်ကို တွေ့ရသည်။

ထို့ပြင် ၂၀၁၇–၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်ထိ မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်း (Myanmar Reforestation and Rehabilitation Programme) ကို ချမှတ်ထားပြီး စီမံကိန်းကာလ ၁၀ နှစ်တာအတွင်း သစ်တောစိုက်ခင်း ဧက ၆၆၈၈၈ တည်ထောင်သွားရန်နှင့် သဘာဝကျန်သစ်တော ဧက ၅၀၀၀၀၀ ခန့်ကိုလည်း ထိန်းသိမ်းကာကွယ်သွားရန် အပူပိုင်းဒေသစိမ်းလန်းစိုပြေရေးဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့က ရည်မှန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ သစ်တောပြုန်းတီးမှုကို ကာကွယ်နိုင်ရန် ထင်းအစား အခြားလောင်စာ အသုံးပြုနိုင်ရေးအတွက် လူထုအသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်ခြင်း၊ စွမ်းအားမြင့် မီးဖိုများ ဖြန့်ဖြူးပေးခြင်း၊ ပညာပေးစခန်းများ ဖွင့်လှစ်ပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိသည်။

**မိုးရာသီသစ်ပင်စိုက်ပွဲတော်များ**

" သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းနားခိုရ" ဆိုသည့်ဆိုရိုးစကားနှင့်အညီ သစ်ပင်တစ်ပင်ရှင်သန်ကြီးထွားလာသည့်အခါတွင် သဘာဝပတ်ဝန်းကျင် ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ရှင်သန်ပေါက်ဖွားနိုင်ရန် အထောက်အပံ့ဖြစ်စေသည်။ နွေ၊ မိုး၊ ဆောင်း ဆိုသည့် ဥတုသုံးပါးသမျှတစွာဖြစ်ပေါ်နေသည့် မြန်မာနိုင်ငံတွင် သစ်ပင်စိုက်ပျိုးခြင်းကို မိုးဖြိုင်ဖြိုင်ကျသည့် ဇွန်လဆန်းကာလများတွင် စိုက်ပျိုးမည်ဆိုပါက စိုက်ပျိုးမှုရာခိုင်နှုန်းပြည့်ရှင်သန်နိုင်သည်။ နိုင်ငံတော်အစိုးရက ဦးဆောင်၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များကို မိုးဖြိုင်ဖြိုင်ကျသည့် ဇွန်လဆန်းကာလများတွင် ဆောင်ရွက်ပေးနေပြီး ရတနာတန်းဝင်ကျွန်းပင်များအပါအဝင် သဘာဝပတ်ဝန်းကျင်ကို အကျိုးပြုစေမည့် ပျိုးပင်များကို စနစ်တကျစိုက်ပျိုးပေးကြသည်။

မြန်မာနိုင်ငံသည် သစ်တောသယံဇာတများ ပေါကြွယ်ဝသည်ဟုဆိုသော်လည်း မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများဖြစ်သည့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ၁၃ ခရိုင်မှ မြို့နယ်တို့သည့် သစ်တောဧရိယာနည်းပါးသည့် ဒေသများဖြစ်သဖြင့် ထိုဒေသများတွင် အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။ ထိုဒေသများတွင် အပင်ကြီးစိုက်ပျိုးခြင်း၊ တစ်အုပ်တစ်မစိုက်ပျိုးခြင်း၊ ကွန်တိုပေါင်စိုက်ပျိုးခြင်း၊ ဖြည့်စွက်စိုက်ပျိုးခြင်း၊ သဘာဝတောထိန်းဧရိယာကွက်လပ်ဖြည့်စိုက်ပျိုးခြင်းစသည့် အထူးစိမ်းလန်းစိုပြည်ရေး စိုက်ပျိုးခြင်းများကို ဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။

**ရေမြေသဘာဝ လှပသည့် ရွှေမြန်မာ**

အစိုးရအနေဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်များမှအစပြု၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းစဉ်များထိ သစ်တောသယံဇာတ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေသည်။ ပုဂ္ဂလိက စိုက်ခင်းများကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုပေးလျက်ရှိသည်။ ရာသီဥတု မျှတကောင်းမွန်ပြီး စိမ်းလန်းစိုပြည်သည့်ပတ်ဝန်းကျင်တွင် လူတိုင်းနေထိုင်လိုကြသည်။ ထိုကဲ့သို့သော စိတ်အေးချမ်းသာယာသည့်ပတ်ဝန်းကျင်တွင် နေထိုင်လိုပါက မိမိတို့ကိုယ်တိုင် အနည်းဆုံး သစ်ပင်တစ်ပင်ကို မဖြစ်မနေ စိုက်ပျိုးရမည်ဖြစ်သည်။ သစ်ပင်စိုက်ပျိုးခြင်းသည် မိမိအတွက်သာမက နောင်လာနောက်သားများအတွက်ပါ အကျိုးရှိစေနိုင်သည်။ မိမိတို့လက်ထက် သဘာဝပတ်ဝန်းကျင်ကို အလေးမထားဘဲ သစ်တောသယံဇာတများကိုလည်း ထိန်းသိမ်းသွားခြင်းမရှိပါက ကမ္ဘာကြီးသည် သဲကန္တာရကြီး သဖွယ်ဖြစ်သွားမည်သာဖြစ်သည်။

ငယ်စဉ်က သင်ကြားခဲ့ရသည့် အဘိုးအိုနှင့် မင်းသားပုံပြင်တွင် အသက်အရွယ်ကြီးရင့်နေပြီဖြစ်သည့် အဘိုးအိုတစ်ဦးသည် လမ်းဆုံလမ်းခွများ၌ သရက်ပင်ငယ်များကို စိုက်ပျိုးနေသည်ကို မင်းသားငယ်တစ်ပါးကမြင်သော် " အသင်အဘိုးအို အသင်သည် အသက်အရွယ်ကြီးရင့်နေပြီဖြစ်သဖြင့် ဤသရက်ပင်တို့မှ အသီးကိုစားရရန် မဖြစ်နိုင်တော့သည်ကို သိလျက်နှင့်အဘယ် အတွက်ကြောင့် အပင်ပန်းခံစိုက်သနည်း" ဟု မေးလေသည်။ အဘိုးအိုက ထိုသရက်ပင်တို့ကြီးပြင်းလာသည့်အခါ ထိုသရက်ပင်၏ အရိပ်ကို နောင်လာနောက်သားတို့ ခိုဝင်နိုင်မည်ဖြစ်သကဲ့သို့ သရက်သီးကိုလည်း ခူးယူစားသောက်နိုင်မည်ဖြစ်သဖြင့် အကျိုးမယုတ်" ဟုဆိုလေသည်။ ထိုပုံပြင်ကို ဥပမာထား၍ မိမိတို့ မြန်မာနိုင်ငံ၏ သစ်တောသယံဇာတအလှတရားများ မပျောက်ကွယ်သွားစေရန်နှင့် နောင်လာနောက်သားတို့ သာယာပျော်ရွှင်ကြစေရေး သစ်ပင်(ပျိုးပင်) ကလေးများကို မိုးရာသီ၏ အလှတရားနှင့်အတူ စိုက်ပျိုးသွားကြရန် တိုက်တွန်းလိုက်ရပေသည်။

**ကိုးကား**

- **သစ်တောကြေးမုံ၊ သတင်းဂျာနယ်၊ ၂၀၂၅ ခုနှစ် ဇွန်လ၊**
- **သစ်တောဦးစီးဌာန တင်ပြချက်များ၊**
- **နေ့စဉ်ထုတ်သတင်းစာများ။**

# ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၅၁၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကသာ ဇွန် ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၅၁၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၃၈၅၁၀ စိုက်ပျိုးရန် လျာထားပြီး အဆိုပါ စပါးစိုက်ပျိုးမှုကို ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့တွင် ဧက ၅၁၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကသာမြို့နယ်မှာ စပါးဧက ၃၈၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာ၊မျိုးတွေ ဆောင်ရွက်ပေးထားတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် ကသာမြို့နယ်တွင် စိုက်ပျိုးထားသော စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်း တိုးတက်ကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှု ကင်းထောက်ခြင်း၊ တမန်းနှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်မည်ဖြစ်ပြီးဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုလေးက ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

# စလင်းမြို့နယ် သနပ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း ဇွန် ၁၈**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး မွေးမြူရေး လုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ သနပ်ကုန်းကျေးရွာအုပ်စု သနပ်ကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကောဒသမအကြိမ်ထုတ်ချေးခြင်းကို ဇွန်လ ၁၇ ရက်က အဆိုပါ ကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က တက်ရောက်လာသူများကို မိတ်ဆက်အမှာစကားပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်း လည်ပတ်ဆောင်ရွက်ပုံအဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ စည်းမျဉ်းစည်းကမ်းများ၊ အရင်းအတိုးပေးဆပ်ရမည့်ကာလနှင့်ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၁ ဒသမ ၈ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များက သနပ်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၃ ဦးကို ငွေကျပ် ၃၀ ဒသမ ၂ သန်း၊မွေးမြူရေးလုပ်ကိုင်သူ ၁၂၄ ဦးကို ငွေကျပ် ၃၁ ဒသမ ၆ သန်း စုစုပေါင်းအသင်းသား၊အသင်းသူ ၂၃၇ ဦးကိုငွေကျပ် ၆၁ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဦးစီးဌာနမှ သိရသည်။

**သန်းသန်းစိုး**

## စာပေမြင့်မှ လူမျိုးတင့်မည်






## ကုန်ဆုံးသွားသော စွမ်းအားများ

**DAGON Malta Fresh**

နဲ့ ဖြည့်စွမ်းထား



ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

## ထာဝရလှပသော အပြုံးအတွက်

**DENTOMEC**





ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉

STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

DENTIST RECOMMENDED

FDA အမှတ်-2212 PCE 0013


## လက်ထောက်ဆရာဝန် (သွားဆရာဝန်)တစ်ဦး အလိုရှိသည်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး-ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်ရန်အတွက် လက်ထောက်ဆရာဝန် (သွားဆရာဝန်)တစ်ဦး လစ်လပ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ-

(၁) လိုင်စင်ဓာတ်ပုံ (၂)ပုံ

(၂) ဘွဲ့လက်မှတ်မိတ္တူ

(၃) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(၄) အိမ်ထောင်စုဇယားမိတ္တူတို့နှင့်အတူ ပူးတွဲလျှောက်ထားရမည်ဖြစ်ပြီး

(၁၅-၇-၂၀၂၅)ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။

**လစာနှုန်းထား (၄၀၀၀၀၀ိ-၁၀၀၀၀ိ-၄၅၀၀၀၀ိ) ချီးမြှင့်ငွေ (၁၀၀၀၀၀ိ)**

**ဇီဝိတဒါနသံဃာ့ဆေးရုံကြီး**

**ကန်တော်ကြီး-ကန်ပတ်လမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း 09-402626324**

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ဒေး/နောက်အကွက်(၃၁၃)၊ လက်ရွေးရပ်ကွက်နေ ဦးကျော်ကျော် + ဒေါ်ခင်မာအေး (ခ) ဒေါ်တူးတို့၏သား မောင်အောင်သူရ (ခ) တရုတ်ကြီး(၉/ခအဇ(နိုင်)၀၅၄၄၂၀)သည် မိဘ၊ မောင်နှမများ၏ဆိုဆုံးမမှုကိုမနာခံဘဲ မိသားစုဂုဏ်သိက္ခာညှိုးနွမ်းစေသောကြောင့် သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စများကို လုံး၀(လုံး၀) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ ၎င်းနှင့်ပတ်သက်ဆက်နွယ်သူများ၏ Online Social Media များမှ မိသားစုသိက္ခာထိခိုက်စော်ကားပါက တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးကျော်ကျော် + ဒေါ်ခင်မာအေး**

**(၉/မနတ(နိုင်)၀၄၅၉၃၄)**

**(၉/မနတ(နိုင်)၀၄၅၉၃၅)**

### ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရကက(၁၇)နေ ဦးအောင်ကျော်ချမ်းဦး (ဘ) ဦးကြင်(၉/ပသက(နိုင်)၁၃၀၄၀၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-687392)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၉၅၄၃၅၂၇၇

**သင့်သွေးဖြင့် အသက်ကယ်ပါ**

### ပျောက်ဆုံးကြောင်း

လောက်ကိုင်မြို့၊ ရပ်ကွက်(၃)၊ စွမ်းဖုန်းချိန်နေ ဦးလျူတင်ရှ (ဘ) ဦးလျူတယ်ရှုတ် (ခ) အောင်ဝင်း(၁၃/လကန(နိုင်)၀၀၄၄၁၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၇၄၇၅၇၇၃၅

### ပျောက်ဆုံးကြောင်း

လောက်ကိုင်မြို့၊ ရန်လုံကျိုင်နေ ဒေါ်ချိန်ရှင်းရွယ် (ဘ) ဦးချိန်လိကျွင်း(၁၃/လကန(နိုင်)၀၁၁၂၅၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၈၅၂၀၀၆၂၉

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP)ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာန အသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ် ရေး အဖွဲ့များက Short Code နံပါတ် "1111" ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်



❖ **လေ့ကျင့်ရေးနဲ့ ကျန်းမာကြံ့ခိုင်မှုဟာ အပြန်အလှန်သက်ရောက်မှုရှိပြီး လေ့ကျင့်နေမှသာလျှင် ကျန်းမာကြံ့ခိုင်နေမှာဖြစ်သလို ကျန်းမာကြံ့ခိုင်နေမှလည်း လေ့ကျင့်ရေးလုပ်ငန်းတွေကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လုပ်ဆောင်နိုင်မှာဖြစ်တယ်။ လေ့ကျင့်ရေးလုပ်ဆောင်ခြင်းဟာ ကြံ့ခိုင်မှုနဲ့ ကျွမ်းကျင်မှုရှိဖို့ဖြစ်တယ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် ပြုလုပ်သော စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၆) သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ဝေါ်မြို့နယ်တွင် ငွေကျပ် ၃ ဒသမ ၇၅ ဘီလီယံတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ



ပြစ်မှုကျူးလွန်သူများကို သိမ်းဆည်းရမိ မူးယစ်ဆေးဝါး၊ မော်တော်ယာဉ်များနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇွန် ၁၈**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၀ ရက် နံနက် ၁ နာရီတွင် ဝေါ်မြို့နယ် ညောင်ခါးရှည်ကျေးရွာအနီးတွင် ရန်ကုန်မြို့မှ ဘားအံသို့ ယာဉ်မောင်း ရန်နိုင်စိုး မောင်းနှင်ပြီး သီဟစိုး(ခ)မောင်စိုး လိုက်ပါလာသော မှန်လုံယာဉ်ကို သတင်းအရ စစ်ဆေးရှာဖွေရာ ယာဉ်မောင်းထိုင်ခုံအောက် တူးဘောက်အတွင်းမှ အိုက်စ်(မက်သ်အဖက်တမင်း) ၁၂၅ ကီလိုကို ဖမ်းဆီးရမိပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ အိုက်စ်(မက်သ်အဖက်တမင်း)များအား

စာမျက်နှာ ၂၂ ကော်လံ ၄ ☆


## မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်းတို့ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဇွန် ၁၈**

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော

စာမျက်နှာ ၂၂ ကော်လံ ၁ ❖

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်၏ ဇွန် ၁၈ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ဇွန် ၁၉ ရက်မှ ၂၀ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ဗန္ဓုလသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅
ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ
ဗုသိမ်သူ Online Easy Ticket, Go - Auto Ticket
ရန်ကုန် – နေပြည်တော်
– တောင်ကြီး
– မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
– ကျောက်ပန်းတောင်း – ချောက် – ဆိပ်ဖြူ
– ပုဂံ (ညောင်ဦး) – ပခုက္ကူ
– မကွေး – မင်းဘူး – ရွှေစက်တော်၊ မိတ္ထီလာ – မြင်းခြံ
– မော်လမြိုင် – မုဒုံ – သံဖြူဇရပ် – ကျိုက္ကမီ
– တောင်ငူ – ဆွာ – ရေနီ
– ပုသိမ်



ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု